ပြည်တွင်းငြိမ်းချမ်းရေး

နှင့်

တွေ့ဆုံဆွေးနွေးရေး

အရေးတော်ပုံ

လက်ရွေးစဉ်

၂

[illegible]

[illegible]

ပြည်တွင်း ငြိမ်းချမ်းရေး
နှင့်
တွေ့ဆုံဆွေးနွေးရေး
အရေးတော်ပုံ

လက်ရွေးစဉ်
၂

အဖိုး ၁-ကျပ်။

၁၉၆၃-ခုနှစ်

လမ်းစဉ် အယ်ဒီတာအဖွဲ့မှ ပြုစုသည်။

အုပ်ရေ ၃၀၀၀။

ထုတ်ဝေသူ ဦးစောလွင်(မှတ်ပုံတင်အမှတ် ၀၅၇၈)။

ပုံနှိပ်သူ ဗမာ့အမျိုးသမီးပုံနှိပ်တိုက်၊ အမှတ်-၁၄၇ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး ရန်ကုန်မြို့(ဝ၄၈၈)တွင် ရိုက်နှိပ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေး

အရေးတော်ပုံ

၁၉၄၈-ခု မတ်လ ၂၈-ရက်နေ့မှစ၍ ဖဆပလအစိုးရသည်မြန်မာတပြည်လုံးရှိ ဗမာပြည် ကွန်မြူနစ်ပါတီဝင်များကို လိုက်လံဖမ်းဆီးခဲ့၏။ ဤသို့ဖြင့် ၁၅-နှစ်ကျော်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်သောပြည်တွင်းစစ်သည် မြန်မာပြည် တဝှမ်းလုံး၌ စတင်လာခဲ့ရခြင်းဖြစ်၏။

ထိုနောက်တွင်ကား ပြည်သူ့ရဲဘော်၊ ကေအင်ယူ ပါတီ(ကေအင်ဒီအို)နှင့် မွန်၊ ရှမ်း၊ ကချင်စသည့် လူမျိုးစုအသီးသီးတို့ကလည်း လက်နက်ဆွဲကိုင်ပုန်ကန်ခဲ့ကြ၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည်၊ ဤသို့ဖြစ်ပွားလာရသော ပြည်တွင်းစစ်အား မရှုရက် မမြင်ရက် သူ-ပုဂ္ဂိုလ်များထဲတွင် ထိပ်တန်းမှ ဖြစ်သည်ကို အစဉ်တစိုက် တွေ့မြင်ရပေသည်။

(၁)

မြန်မာနိုင်ငံငြိမ်းချမ်းသာယာရေးအဖွဲ့

၁၉၄၈-ခု စက်တင်ဘာလ ၁၉-ရက်နေ့(၁၃၁၀-ခုတော်သလင်းလပြည့်ကျော် ၂-ရက်)ဖြစ်သော ခပ်စောစောပိုင်း ကာလမှာပင်၊ သခင်ကိုယ်တော်မှိုင်းသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စတင် ကြိုးပမ်းခြင်း ပြုခဲ့၏၊ ထိုနေ့တွင် ဆရာကြီးသည် ဌာနချုပ် တိုဗမာ အစည်းအရုံးကြီး၏

နာယက အဖြစ်ဖြင့် အဖွဲ့ပေါင်းစုံ ကိုယ်စားလှယ် အစည်းအဝေး တရပ်ကို ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း သခင်စံထွန်းလှဇရပ်၌ ဖိတ်ခေါ်ကျင်းပခဲ့လေသည်။

သခင်ကိုယ်တော်မှိုင်း သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်သော ထိုအစည်းအဝေးက ပြည်တွင်းစစ်ရပ်စဲစေပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်ပင်ဆွေးနွေးကြ၍ သင်ပုန်းချေနည်းဖြင့် အမြန်ဆုံး ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရန်အတွက် "နိုင်ငံတော် အေးချမ်းသာယာရေးအဖွဲ့"တရပ်ကို ဖွဲ့စည်းခဲ့လေသည်။

အဖွဲ့ဝင်များမှာ (၁)ဆရာကြီးသခင်ကိုယ်တော်မှိုင်း-အဖွဲ့နာယက။ (၂)သခင်ထိပ်တင်ကိုယ်တော်ကြီး-ဥက္ကဋ္ဌ၊(၃)ပုသိမ် ဦးဘအုံး ဒု-ဥက္ကဋ္ဌ။ (၄) မန္တလေး ကြာရှင် ဆရာဖေ။ (၅)လွှတ်တော် ရှေ့နေကြီး ဦးတင်လှ (၆) သခင်ဗမောင် အတွင်းရေးမှူး။ (၇) မြန်မာ သမားတော်အဖွဲ့ ဆရာကြွယ်။ (၈)ပရမတ္ထအလင်းပြဆေးဆရာအဖွဲ့ ဆရာသိန်း။(၉)ကရင်အမျိုးသားအဖွဲ့ စောမြသိန်း။ (၁၀)တိုက်စွကာဆေးအဖွဲ့ ဦးစောမောင်။ (၁၁) ဇေယျမဂ္ဂ ဦးတင် (ဗိုလ်ချုပ်ကြီး နေဝင်း၏ ဦးလေး)။ (၁၂) ရွှေပြည် ဦးဘတင်။(၁၃)စက်ပိုင်ဦးမောင်မောင်။ (၁၄)ဆရာဦးသောင်းရှိန်။(၁၅) အမျိုးသမီးအဖွဲ့ ဒေါ်ခင်ချစ်။ (၁၆)ရန်ကုန်တဲအိမ်များအဖွဲ့ ဦးကျော်မြင့်။ (၁၇)ဗိုလ်သိန်းဆွေ(ဗိုလ်ချုပ် ခါကြည့်တိုက်) အမှုဆောင်များဖြစ်ကြ၏။

ထိုအစည်းအဝေး၌ပင်၊ ဆရာကြီးသည် "ပြည်တွင်းရေး မည်သို့ ဖြေရှင်းကြမည်နည်း"ဟူသော သဘောထား စာတမ်းကို တင်ပြဆွေးနွေးခဲ့၏။

၎င်းစာတမ်းတွင် တွန်မြူနစ်ပါတီ ပြည်သူ့ရဲဘော်နှင့် အစိုးရတပ်အချို့အပြင် ကရင်အမျိုးသားတို့သည် အုပ်ချုပ်ရေး စက်ယန္တရားကြီးကို လက်နက်ဆွဲကိုင်ဆန့်ကျင်ခဲ့ကြောင်းဖြင့် ဖေါ်ပြခဲ့၏။

"ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အာဏာမဲ့သူတို့ကအာဏာရှိသူတို့သည် ဒီမိုကရေစီကျင့်စဉ်နှင့်ညီ အုပ်ချုပ်ရေးယန္တရားကိုမလှည့်လည်ဘဲ၊ ပြည်သူတို့ လွတ်လပ်ခွင့်ကို အရမ်းကာရော၊ ချိုးဖေါက် ဖျက်ဆီးပစ်သည်အတွက် ဒီမိုကရေစီသစ် ထူထောင်ရန်ဆိုပြီး လက်နက်ဆွဲကိုင်ကာ တော်လှန်ခဲ့ကြ၏။

"ထို့အတူ အာဏာရှိ သူတို့ကလည်း၊ အာဏာမဲ့သူတို့သည် ဒီမိုကရေစီစည်းဝိုင်းအတွင်း၌သာ လှုပ်ရှား၍ အာဏာရရှိအောင် မကြိုးပမ်းတဲလျက် လက်နက်ဆွဲကိုင်ကာ ဒီမိုကရေစီ နည်း စံနစ်ကို ချိုးဖေါက်

ဖျက်ဆီးကြသောကြောင့် ပြည်သူ့ လွတ်လပ်မှု ကာကွယ်ရေးတို့ မဆုံးရှုံးစေရန် လက်နက်ကိုင်၍ ထကြွမှုများကို နှိမ်နင်းကာ ဒီမိုကရေစီကိုကာကွယ်ရပါသည်ဟု ပြန်ဆိုသည်....."ဟု ဖေါ်ပြထား၏။

ထို့နောက်ယခုဖြစ်ပျက်နေသော ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အာဏာရှိနှင့် အာဏာမဲ့ အင်အားစုတို့က အများပြည်သူတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်သော အခွင့်အရေးကို အောက်ပါအစီအစဉ်အတိုင်းပေးရန် ဖေါ်ပြထား၏။

"(၁) တနိုင်ငံလုံး၏ ရွေးကောက်ပွဲကြီးကို တလအတွင်း အချိန်ထား၍ ယခုလာမည့် သိတင်းကျွတ် လကုန် အတွင်းတွင် ကျင်းပရန်အစိုးရကအမြန်ဆုံးကြေညာပေးရန်။ (၂) ထိုသို့ကြေညာပြီးသည်နှင့် တပြိုင်နက် နောက် ၁၅-ရက်အတွင်း အားလုံးသော တိုက်ပွဲ အ ရပ် ရပ် တို့ ကို ရပ်စဲ ပြီးလျှင် နှစ်ဖက်စလုံးမှ ရွေးကောက်ပွဲအတွက်ပြင်ဆင်ရန်။(၃)အစိုးရကသော်၎င်း၊ တော်လှန်နေသူတို့ကသော်၎င်း၊ ရွေးကောက်ပွဲ ဆင်နွှဲသည့် အချိန်အတွင်းတွင် အများပြည်သူတို့အား အာဏာ လက်နက်ဖြင့် ခြိမ်းခြောက်မှုမရှိဘဲ၊ မိမိတို့ဆန္ဒအတိုင်း ဆန္ဒပေးစေရန်။ (၄) မဲဆန္ဒပေးပြီးနောက် ၁၀-ရက်အတွင်း ပြည်ထောင်စုအစိုးရဖွဲ့စည်းရန်(၅)ထိုသို့ဖွဲ့စည်းသောပြည်ထောင်စုအစိုးရလက်သို့ ယခုအာဏာရှိသူ အစိုးရနှင့် အာဏာမဲ့ တော်လှန်နေသူတို့လက်တွင်းရှိသော လက်နက်ခဲယမ်းမီးကျောက်အားလုံးကို အပ်နှံရန်။(၆) ထို့နောက် ပေါ်ပေါက်ဆဲ ပေါ်ပေါက် လတံ့သော ဗမာ့ပြဿနာအရပ်ရပ်တို့ကို အများပြည်သူဆန္ဒ ဒီမိုကရေစီ စံနစ်အရသာ ဆုံးဖြတ်ဆောင်ရွက်ကြရန်" ဟူသော အချက် ၆-ချက်ကို တင်ပြခဲ့၏။

ဤအချက် ၆-ချက်ဖြင့် ဖြေရှင်းမှသာ ပြည်တွင်းငြိမ်းချမ်းမည်။ လက်ငင်းဖြစ်ပေါ်နေသော သတ္တန္တရကပ်၊ ပေါ်ပေါက်လတံ့သော ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂန္တရကပ်တို့ကို အချိန်မှီကာကွယ်နိုင်မည့်အပြင် နယ်ချဲ့ဘက်ကွင်းမှ လွတ်မြောက်နိုင်မည်ဟု ဆရာကြီးက ဆက်လက် တင်ပြခဲ့၏။

".........အမှုမဲ့ အမှတ်မဲ့ မနေကြကုန်လင့်။ ဤပြဿနာကို ဖြေရှင်းရမည့်တာဝန်ကား တိုင်းရင်းသားတိုင်း၏ မလွဲမရှောင်သာ မဟာဝတ္တရားကြီးပေတည်း"။

ဤသို့ပင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက နိဂုံးချုပ်တင်ပြလိုက်ရာ အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ပေါင်းစုံ ကိုယ်စားလှယ်တို့က ဆရာကြီး၏ စာတမ်းကို အပြန်အလှန် ဆွေး နွေး ကြ ပြီး လျှင် အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြ၏။

"(က) နယ်ချဲ့ပယောဂကြောင့် တိုင်းရင်းသားအချင်းချင်းတိုက်ခိုက်နေရခြင်းကိုမှအမြန်ဆုံး အေးချမ်းသာယာမှုရရှိစေရန်၊ (ခ) ယခုတင်ပြသော အချက် ၆-ချက်ကို မှတည်၍ တိုင်းပြည်၏ အေးချမ်းသာယာရေးကိုဆောင်ရွက်နိုင်ရန်၊ အမှုဆောင်အဖွဲ့ကို ရွေးချယ် တင်မြှောက်ရန်။ (ဂ)အထက်ပါ အဖွဲ့အမည်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ဟု ခေါ်ဝေါ်ရန်ဟူ၍ ဖြစ်ပေသည်။

ပြည်တွင်းစစ်ကို ဒီမိုကရေစီနည်းနှင့် ဖြေရှင်းပါ

ထိုနောက် ၁၉၄၈-ခု အောက်တိုဘာလ ၂၀-ရက်နေ့စွဲဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာရေးအဖွဲ့ နာယက သခင်ကိုယ်တော်မှိုင်းက တိုင်းပြည်သို့ ကျေညာချက်တစောင်ထုတ်ပြန်ခဲ့၏။ ထိုကျေညာချက်တွင် တော်လှန်နေသူများအားရင်း၊ အစိုးရအားရင်း၊ ပြည်သူတို့အားရင်း၊အောက်ဖော်ပြပါ အချက်အလက်များကို သဘောတူ လက်ခံရန် တိုက်တွန်း ထား၏။

"(က) တော်လှန်နေသူတို့က နိုင်ငံတော်အစိုးရ အပေါ်၌ နယ်ချဲ့ ပယောဂကြောင့် အခြေအနေ အချိန်အခါ အလျောက် ဖြစ်ပေါ်လာခဲ့ရသည့် အချက်အလက်တို့ကို အကြောင်းခံကာ တော်လှန် တိုက်ခိုက်မှုစသော ပြည်တွင်းစစ် ပဋိပက္ခကြီးကို အမြန်ဆုံးရပ်စဲပစ်ကြပါရန်။ (ခ) နိုင်ငံတော်အစိုးရကလည်း မိမိတို့တိုင်းရင်းသား အချင်းချင်းအပေါ်၌နှိပ်ကွပ်ညှဉ်းပန်းချုပ်ချယ်ခြင်းစသော အမှုတို့ကို လုံးဝရပ်စဲ ကင်းလွတ်စေကြပါရန်။ (ဂ) ပြည်သူ လူထု အပေါင်းတို့ကလည်း၊ မိမိတို့ နစ်နာချက် များကို မျိုသိပ်၍ သည်းခံ မေ့ပျောက်ခြင်းပြုကြပါရန်"ဟူ၍ဖြစ်ပေသည်။

"ထိုသို့အားဖြင့် သင့်ပုန်းချေပစေရန်၊ အသီးသီးသဘောတူ ကျင့်သုံးဆောင်ရွက် ကြပြီးသည်နှင့်တပြိုင်နက်၊ အစိုးရဘက်၊ တော်လှန် နေသူများဘက်နှင့်ကြားနေနိုင်ငံတော်သူနိုင်ငံတော်သားတို့ဘက်မှ ဦးရေ အညီအမျှစီ ပါဝင်သော၊ခုံအဖွဲ့တခုဖွဲ့စည်းပြီးလျှင် အေးချမ်းသာယာမှုရရှိရေး လုပ်ငန်းစဉ်များကို အချိန်ကာလအားလျော်စွာ၊ တိကျသော ဒီမိုကရေစီ နည်းအရ၊ မျှတသော ရွေးကောက်ပွဲစသည့် လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။.........ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည်၊ မိမိတို့မြို့ရွာဒေသများတွင် အေးချမ်းသာယာရေးအဖွဲ့များ ဖွဲ့စည်း၍၊ ဆက်သွယ်ဆောင်ရွက်ထောက်ခံကြရန် လေးနက်စွာတိုက်တွန်းအပ်ပါကြောင်း" ဟူ၍ ဖော်ပြခဲ့၏။

အောက်တိုဘာလ ၂၃-ရက်နေ့မှစ၍ဆက်တိုက်အားဖြင့်ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် သတင်းစာဆရာများနှင့် တွေ့ဆုံကာ၊ ကျေညာချက်နှင့် ပတ်သက်၍၊ ရှင်းလင်း တင်ပြရင်း၊ ပြည်သူတရပ်လုံးအား အသိပေးခဲ့၏။

နိုဝင်ဘာလ ၈-ရက်နေ့မှ ဒီဇင်ဘာလ ၂-ရက်နေ့အထိ၊ရန်ကုန်မြို့ရှိ တိုက်နယ် ၁၆-တိုက်နယ်တို့တွင်၊လူထုတရားပွဲများကျင်းပကာ၊ပြည်သူ့ဆန္ဒကိုရယူခဲ့၏။

၁၉၄၈-ခုနိုဝင်ဘာလ ၂၄-ရက်နေ့စွဲဖြင့်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပါရန်-စာရေးအကြောင်းကြားခဲ့၏။

ထိုနောက်သခင်ကိုယ်တော်မှိုင်းဟူသော လက်မှတ်ဖြင့် နိုဝင်ဘာလ ၂၇-ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကျေညာချက်အမှတ် ၂-ကို ဒီဇင်ဘာလ ၂-ရက်နေ့တွင် သတင်းစာဆရာတို့အား ဖိတ်ခေါ်ရှင်းလင်းတင်ပြပြီးနောက် ၅-ရက်နေ့တွင် ရန်ကုန်ကန်တော်မင် ပန်းခြံ(ယခု ဦးဥတ္တမ ပန်းခြံ)၌မြို့လုံးကျွတ်အစည်းအဝေးကျင်းပကာ၊သခင်ကိုယ်တော်မှိုင်းကသဘာပတိအဖြစ် ဆောင်ရွက်ရင်း ရှင်းလင်းတင်ပြခဲ့ပြန်၏။

သဘောတူကြပြီးသည့်နောက်၊ ခုံအဖွဲ့ကြီးတခုဖွဲ့စည်း၍ အေးချမ်းသာယာမှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားရမည်ဟု ကျေညာချက်အမှတ်-၁ တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ခုံအဖွဲ့ဖွဲ့စည်းရေးကို ကျေညာချက်အမှတ်-၂ တွင်ဖော်ပြထား၏။ခုံအဖွဲ့တွင် အစိုးရဘက်မှ ၆-ဦး၊တော်လှန်နေသူများဘက်မှ ၆-ဦးနှင့်တိုင်းသူပြည်သားတို့ဘက်မှ ၆-ဦးစီပါဝင်ဖွဲ့စည်းရန်၊ ပြည့်ဝသော ဒီမိုကရေစီအစဉ်အလာအရ လွတ်လပ် တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပရန်ဟူ၍ ဆက်လက်ဖော်ပြထား၏။

ထို့နောက်နာယက-သခင်ကိုယ်တော်မှိုင်းနှင့်အဖွဲ့ဝင်တို့သည်၊ရန်ကုန်မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၁၀၀-ကျော်တို့သို့ ၇-ရက် တိုင်တိုင် လှည့်လည်၍၊ဆရာတော်သံဃာတော်တို့အား၊အေးချမ်းသာယာရေးကိစ္စအတွက်၊ လျှောက်ထားခဲ့၏။ ဤသို့လျှောက်ထားခြင်း၏အကျိုးသက်ရောက်မှု အဖြစ်၊ သံဃာတော်များ၏ အစည်းအဝေးကြီးတရပ် ပေါ်ထွက်ခဲ့ရ၏။ ရန်ကုန်မြို့ပေါ်ရှိသုဓမ္မာ၊ရွှေကျင်၊ ကံ့ဒွါရစသော ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်တို့သာမက မွန်၊ ကရင်၊ ရှမ်း၊ ရခိုင်သံဃာတော်များ၊ စစ်တကောင်း ဘင်္ဂါလီ တရုပ်ဘုန်းတော်ကြီးများပါ စုညီစွာ တက်ရောက်တော်မူခဲ့ကြ၏။

ထိုအစည်းအဝေးကြီးကို ၁၉၄၈-ခု ဒီဇင်ဘာလ ၂၅-ရက် နေ့ ညနေ ၂-နာရီတွင် ရွှေတိဂုံ စေတီတော်ရပ်ပေါ်ရှိ သိမ်တန်ဆောင်းကြီး၌ ကျင်းပခဲ့၏။ ကျောင်းတိုက်ပေါင်း ၁၀၀-ကျော်မှ သံဃာပေါင်း ၃၀၀၀ က မေတ္တာသုတ် ပရိတ်တော်ရွတ်ဖတ်၍ အစည်းအဝေးကို ဖွင့်ခဲ့၏။ သံဃာတော်များ၏ အစည်းအဝေးပင် ဖြစ်သော်လည်း၊ လူပရိသတ် ၂၀၀၀ ကျော်သည်လည်း တက်ရောက်ခဲ့၏။

အစည်းအဝေးသဘာပတိအဖြစ်၊ ထိုစဉ်ကသက်တော် ၈၀-ကျော်ရှိ နေ့ာ်မံကျောင်းကြီး ဆရာတော်ဦးညာဏ၊ အကျိုးတော်ဆောင်အဖြစ် သရက်တောကျောင်းတိုက် ပိဋကတိုက်သစ်ကျောင်း ဆရာတော် ဦးသုရိယ အသျှင်မြတ်တို့က ဆောင်ရွက်တော်မူခဲ့ကြ၏။

ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များမှာ-

"(၁) နိုင်ငံတော်အေးချမ်းသာယာရေးကို ရှေ့ရှု၍၊ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်စသောရှေးရှေးမင်းတို့၏ ထုံးတမ်းကို နှလုံးမူလျက်၊ မှန်ကန်တကြသူတို့နှင့် အစိုးရတို့သည်၊ အချင်းချင်း ကျေအေး ငြိမ်းချမ်းသွားမှုကို အမြန်ကျင့်ဆောင်ရန်၊ နိုင်ငံတော်အစိုးရအား ဤသံဃာ့အစည်းအဝေးကြီးကမေတ္တာရပ်ခံကြောင်း။ ။(၂) နိုင်ငံတော်အရပ်ရပ်တို့၌ အေးချမ်းသာယာမှုအတွက် ပြည်တွင်းပြည်ပဘေးရန်ကင်းရှင်းမှုစသည်တို့ကို ရှေ့ရှု၍၊ လူမျိုးဘာသာမရွေးအားလုံးတို့အား၊ ဖိနှိပ်ချုပ်ချယ်မှုများကို အမြန်ဆုံး ရပ်စဲကြရန် မေတ္တာ ရပ်ခံကြောင်း။ ။(၃) နိုင်ငံတော် အေးချမ်းသာယာရေးအတွက် အားသွန် ဆောင်ရွက်လျက် ရှိကြကုန်သော အဖွဲ့အသီးသီးတို့အား မဆုတ်မနစ် တိုးတက်ဆောင်ရွက်ကြရန်နှင့် ခရိုင် မြို့နယ် အရပ်ရပ်တို့၌ အေးချမ်းသာယာရေးအဖွဲ့များ အမြန်ဖွဲ့စည်းလျက် ဆောင်ရွက်ကြရန်တိုက်တွန်းမေတ္တာရပ်ခံကြောင်း။ ။([illegible]) အထက်ပါဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကိစ္စအဝဝတို့ကို ဆက်လက်ဆောင်ရွက်တော်မူနိုင်ကြရန်တာဝန်ခံပင့်လျှောက်ဖိတ်ကြားတော်မူကြသည့်(အကျိုးတော်ဆောင် ဆရာတော်အပါအဝင်) ဆရာတော်ကြီး ၁၄-ပါးတို့အား၊ ဆောင်ရွက်ရေးအဖွဲ့အဖြစ် တာဝန်လွှဲအပ်ကြောင်း။ ။(၅) ပညာရှိသူတော်ကောင်းများ အလိုဆန္ဒနှင့်ကိုက်ညီ၍၊ ပစ္စုပ္ပန်သံသရာကောင်းကျိုးပွားနိုင်ငံတော်ငြိမ်းချမ်းသာယာရေးအတွက်၊ ကြိုးပမ်း အားထုတ်လုပ်ဆောင်နေသည့် တကာတော် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အဖွဲ့ဝင်တကာ့တကာမတို့အား ဤသံဃာ့အစည်းအဝေးကြီးမှ ထောက်ခံချီးကျူးကြောင်း။"

အစည်းအဝေးကို ညနေ ၄-နာရီတွင် ဇယမင်္ဂလာဗေါဓိယာ အစရှိသော ဂါထာတော်ရွတ်ဖတ်၍ ရုပ်သိမ်းတော်မူကြ၏။

အစည်းအဝေးကရွေးကောက်တော် မူလိုက်သော တာဝန်ခံ ဆရာတော်ကြီး ၁၄-ပါးမှာ၊ ပုဇွန်တောင် နေ့ာ်မံကျောင်းကြီးဆရာတော်၊ ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်၊ ငါးသပ်ကြီး မြန်အောင်ကျောင်း ဆရာတော်၊ ဗဟန်းဝေဠုဝန်ဆရာတော်၊ သာသနာ့လက်ျာ ဆရာတော်၊ နှစ်ကျိပ်ရှစ်ဆူဆရာတော်၊ ကြည့်မြင်တိုင် စလင်းဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်၊ ဇေယျဝတီဆရာတော်၊ သရက်တောပိဋကတ်တိုက်ဆရာတော်၊ မင်္ဂလာ သုခ ဆရာတော်၊ အရှင် အာဒိစ္စဝံသကျောင်းတိုက် ဆရာတော်၊ မြသိန်းတန် ဆရာတော်၊ စကြာပူဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော် ဦးသုရိယတို့ ဖြစ်တော်မူကြ၏။

ဆရာတော်ဘုရားကြီးများ၏ သြဝါဒအရ သံဃာ့အစည်းအဝေးဆုံးဖြတ်ချက်များကို၊ ၁၉၄၈-ခု ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲဖြင့်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုထံပေးပို့ခဲ့သော်သည်း တစုံတရာ ပြန်ကြားချက် မရဘဲ၊ လျစ်လျူရှုခြင်းခံရသဖြင့် ဆရာတော်သံဃာတော် များနှင့်အတူ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည်စိတ်လက်မချမ်းမသာဖြစ်ခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ပြည်တွင်းငြိမ်းချမ်းရေးရရာရကြောင်းအတွက် မနေမနား လှုပ်ရှား လှုံ့ဆော် တိုက်တွန်းရင်း အချိန်အခါကောင်းကို ငံ့လင့်လျက်ရှိခဲ့၏။

၁၉၅၂-ခုနှစ် မေလ ၁၀-ရက်မှ ၁၄-ရက်နေ့ထိဂျူဗလီဟောလ်၌ ကျင်းပခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(ဗမာနိုင်ငံ)၏ပြည်လုံးကျွတ်ညီလာခံကြီးက ဆရာကြီး သခင် ကိုယ်တော်မှိုင်းအား ဥက္ကဋ္ဌကြီး အဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့၏။ ထိုညီလာခံ၌ပင်အောက်ပါအဆိုအမှတ် ၁၂-ဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အဆိုကို ဆုံးဖြတ်ချမှတ် အတည်ပြုခဲ့ပေသည်။

"မြန်မာ နိုင်ငံ အတွင်းတွင် ဖြစ်ပွားနေသော ပြည်တွင်း စစ်သည်၊ တမျိုးသားလုံးအပေါ်သို့ ကြီးစွာသော အန္တရာယ် ကျရောက်စေသည်သာမက အနာဂတ် အကျိုးစီးပွားအတွက် ကြီးစွာအဟန့်အတားဖြစ်စေသဖြင့် ပြည်တွင်းစစ်ကို အာဏာပိုင် အင်အားစုများနှင့် လက်နက်ကိုင် တော်လှန်ရေး အင်အားစုများ မျက်နှာချင်းဆိုင် ဖြေရှင်းနိုင်ရန်မှာ လက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲ၍ တဦးနှင့်တဦးတန်းတူသဘောဖြင့် တဦးသဘောကို တဦးနားထောင်စဉ်းစားရန် အဆင်သင့်ရှိမှဖြစ်ပေမည်။ ထို့ကြောင့် (၁)

တဖက်တွင် ဒီမိုကရေစီအခွင့်အရေးများကို ရိုသေလေးစားစွာ ဥပဒေတွင်း အတိုက်အခံအင်အားစုများနှင့် တဦးသဘောကိုတဦးနားထောင်စဉ်းစားရန် အဆင်သင့်ရှိနေပြီ။ (၂)တဖက်တွင် လက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲ၍ တဖက်နှင့်တဖက် ညီတူသဘောထားကာ၊ တဖက်သဘောကို တဖက်က နားထောင်စဉ်းစားရန် အဆင်သင့်ရှိ၍၊ (၃)ပြည်တွင်းအင်အားစုအားလုံးသည် နိုင်ငံခြားနယ်ချဲ့ စွက်ဖက်ချုပ်ချယ်မှု ပပျောက်ရေး၊ ဗမာပြည် စစ်တလင်းမဖြစ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် မျက်နှာစုံညီဆွေးနွေးပွဲကို ကျင်းပကြရန် ပြည်တွင်း အင်အားစု အားလုံး တိုက်တွန်း နှိုး ဆော်ကြောင်း”။

ထိုနောက်တဖန်ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (ဗမာနိုင်ငံ) ဥက္ကဋ္ဌကြီး အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးပန်ကြားလွှာ တစောင်ကို ၁၉၅၂-ခု ဇူလိုင်လ ၁၀-ရက်နေ့တွင် တိုင်းပြည်သို့ ထုတ်ပြန်ခဲ့၏။

“ဂိုဏ်းအုပ်ဂိုဏ်းချုပ်ဆရာတော်များ၊ သံဃာတော်များ၊ခရစ်ယာန်ဘုန်းတော်ကြီးများ၊ မော်လဝီဆရာကြီးများ၊ ဟိန္ဒူဘုန်းတော်ကြီးများ၊ သာသနာပြုပုဂ္ဂိုလ်များအားရှင်း။

“ပါမောက္ခ၊ ကထိက၊ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ဆရာဝန်၊ သမားတော်၊ ဝတ်လုံ၊ ရှေ့နေ၊ ကျောင်းသားနှင့် အခြားပညာတတ်များအားရှင်း။

“စာပေ၊ ကဗျာ၊ ပြဇာတ်၊ ရုပ်ရှင်၊ သဘင်၊ တူရိယာဂီတ၊ ပန်းချီ၊ ပန်းပုစသည့်အနုပညာသည် အပေါင်းတို့အားရှင်း။

“အလုပ်သမား၊ လယ်သမား၊လခစား၊ဈေးသည်၊ပွဲစား၊ကုန်သည်၊ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်တို့အားရှင်း။

“လူမျိုးစု အသီးသီးအားရှင်း၊ သတင်းစာဆရာ၊စာရေးဆရာများအားရှင်း၊ လူသူလူတန်းစား အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ အသီးသီးအားရှင်း၊ လက်နက်ကိုင် တော်လှန်နေသော ပါတီ အဖွဲ့အစည်းများအားရှင်း၊ နိုင်ငံတော်အစိုးရအားရှင်း၊ ပန်ကြားလိုက်ပါသည်”ဟူ၍ အစချီကာ၊ ဗမာပြည်သူတရပ်လုံး အနေဖြင့်စည်းရုံးညီညွတ်စွာဖြင့် တိုင်းပြည်တည်ဆောက်၍ ဗမာပြည်အား စစ်တလင်း ဖြစ်အောင် ကြံဆောင်နေသည့် ရန်သူများအား တွန်းလှန်ရန်နှင့် ကမ္ဘာစစ် ဖန်တီး နေသူ များအား ဟန့်တား ပစ်ရန် ပန်ကြားလိုက်ပေသည်ဟုဖော်ပြထား၏။

ထို့နောက်ပန်ကြားချက်၌ဆက်လက်ဖော်ပြထားသည်ကား–

“ဤသို့ပြည်တွင်း အင်အားစု အချင်းချင်း၊ မျက်နှာချင်းဆိုင် ရန်မှာ တဖက်တွင် အာဏာပိုင်များနှင့်အတိုက်အခံ(ဥပဒေစည်းဝိုင်းတွင်းရှိအတိုက်အခံ)အင်အားစုများသည် တဦးကိုတဦးလေးစားလျက်၊တဦး၏အခွင့်အရေးကို တဦးကစောင့်ထိန်း ရိုသေမှသာဖြစ်နိုင်ပေသည်။ အခြား တဖက်တွင်၊ အာဏာပိုင်များနှင့် တော်လှန်ရေး အင်အားစုများသည်၊ အတိုက်အခိုက်ရပ်စဲ၍ တဖက်နှင့်တဖက် ညီတူတားရန်လိုပေသည်။ သို့မှသာလျှင် ပြည်တွင်း အင်အားစုအားလုံးသည် တိုင်းပြည်တည်ဆောက်ရေး၊ဗမာပြည် စစ်တလင်းမဖြစ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး တိန်းသိမ်းကာကွယ်ရေးတို့အတွက် မျက်နှာစုံညီဆွေးနွေးနိုင်ပေမည်”ဟူ၍ဖြစ်ပေသည်။

ထို့နောက်နိုင်ငံရေးပါတီအသီးသီးတို့အား၊လူထု လူတန်းစား အဖွဲ့အစည်းအသီးသီး၊ လူမျိုးစုအသီးသီးတို့အားလည်း၊အမြန်ဆုံး မျက်နှာစုံညီဆွေးနွေးပွဲကျင်းပရန် တိုက်တွန်းကြောင်းဖြင့်၊ ပန်ကြားချက်ကို နိဂုံးချုပ်လိုက်ပေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည်ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်မှ ကျင်းပခဲ့သည့် အထွေထွေကောင်စီ အစည်းအဝေးများတွင်ရှင်း၊ နိုင်ငံလုံးဆိုင်ရာညီလာခံများတွင်ရှင်း၊ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးဖြေရှင်းရေး–မူကိုအခါမလပ်၊ထပ်တလဲလဲတင်ပြ၍ဆုံးဖြတ်ပြဋ္ဌာန်းချက်ပေါင်း မြောက်မြား စွာကို ချမှတ်ကြိုးပမ်းခဲ့လေသည်။

ဤသို့ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကို ၁၉၅၄-ခု မတ်လ ၂၃ ရက်နေ့၌ကျင်းပပြုလုပ်ခဲ့သောညီလာခံတွင်၊အောက်ပါပြည်တွင်း ငြိမ်းချမ်းရေး အဆိုကို ထပ်မံတင်သွင်းဆုံးဖြတ်လိုက်ကြပြန်၏။

“ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ခေါင်းဆောင်သောပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့၏ ငြိမ်းချမ်းရေးအပေါ်သဘောထားနှင့်အတိုက်အခိုက်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဆွေးနွေးစေ့စပ်ရေး လမ်းစဉ်တို့ကို ဤနိုင်ငံလုံးဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံကြီး ကလုံးဝထောက်ခံကြောင်း”

ကချင်ပြည်နယ် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(ဗမာနိုင်ငံ)ညီလာခံကို၊ ၁၉၅၆-ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြစ်ကြီးနားမြို့၌ အထူးစည်ကားစွာ ကျင်းပခဲ့၏။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ဗဟိုအမှုဆောင် အဖွဲ့ဝင်အချို့သည် ထိုညီလာခံကြီးသို့ တက်

ရောက်ခဲ့ကြပြီးနောက်၊ ကချင်ပြည်နယ်မြစ်ကြီးနား၊ ဗန်းမော် အစရှိသော မြို့များသို့၎င်း၊ အထက်မြန်မာပြည်ရှိမြို့များသို့၎င်း၊ တလကျော် ခရီးလှည့်လည်ကာ ကမ္ဘာ့ငြိမ်းချမ်းရေး ပြည်တွင်းငြိမ်းချမ်းရေးပြဿနာများကို တင်ပြဆွေးနွေးခဲ့ကြလေသည်။

မန္တလေးမြို့သို့ ရောက်ရှိချိန် ၁၉၅၆ ခု မတ်လ ၃၁ ရက်စနေနေ့ (၁၃၁၇-ခုတပေါင်းလပြည့်ကျော် ၅-ရက်)တွင်၊မန္တလေးမြို့လေးပြင်ဈေး ရပ်မှ ဆရာတော်သံဃာတော် ၁၄၅ ပါးအား အိမ်တော်ရာဘုရား၁၄ ခန်း ဇရပ်ကြီး၌၊ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို ကပ်လှူကာ၊ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ပြည်တွင်းငြိမ်းချမ်းရေးပန်ကြားလွှာကို တင်ဆက်ခဲ့လေ၏။ နှုတ်အားဖြင့်လည်းအကျယ်တဝင့်လျှောက်ထားခဲ့လေသည်။

တွေ့ဆုံဆွေးနွေးရေး

သခင်ကိုယ်တော်မှိုင်း၏ ၃၁-၃-၅၆ နေ့စွဲပါ ပြည်တွင်း ပြည်ပ ငြိမ်းချမ်းရေးပန်ကြားလွှာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"သံဃာတော် အရှင်မြတ်များအား ဦးထိပ်ထား၍ ပန်ကြားပါသည်။

"ထို့ပြင် အခြား ဘာသာရေး ခေါင်းဆောင်များအား၎င်း၊နိုင်ငံရေးပါတီအသီးသီး လူထု လူတန်းစား အဖွဲ့ အစည်း အသီးသီး အား၎င်း၊ ထင်ပေါ်ကျော်ဇောသောပုဂ္ဂိုလ်ကြီးများအား၎င်း၊ ငြိမ်းချမ်းရေးချစ်မြတ်နိုးသူတို့အား၎င်း ပန်ကြားအပ်ပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်မှာ ၈-နှစ်ကျော်မျှရှိခဲ့ပါပြီ။ ယနေ့တိုင် ပြည်တွင်းစစ် မီးမှာ မငြိမ်းအေးသေးပါ။

"ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ခံစားခဲ့ရသည့် အမျိုးမျိုးသောပျက်စီးမှုများမှ မလန်းဆန်းမြောက်မီတွင်ပင် ပြည်တွင်းစစ်၏ ဝန်ထုပ်ဝန်ပိုးကြီးကျရောက်လာသည့် အတွက်ကြောင့် --

"(က) တိုင်းပြည်၏ စီးပွားတိုးတက်ရေးသည်၊ နှောင့်နှေးလျက် ပြည်သူလူထု၏ နေထိုင်စားသောက်မှုသည် တနေ့ထက်တနေ့ ယုတ်လျော့လျက်ရှိပါသည်။

"(ခ) ပြည်သူတို့၏ အခွင့်အရေးများသည်ပိုမိုကျဉ်းမြောင်းလာ၍ ပြည်သူလူထုတရပ်လုံးသည် တနေ့တခြား ပိုမို၍ လုံခြုံမှု ကင်းမဲ့ လာပါသည်။

"(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးပျက်ပြားကာ၊အမျိုးသားအင်အားသည်လည်း ဆုတ်ယုတ်လျက်ရှိပါသည်။ လူမှု အဆောက်အအုံသည် တနေ့ထက်တနေ့ ယှတ်ယွင်းပျက်စီးလာပါသည်။

"(ဃ) နိုင်ငံခြား စွက်ဖက်မှု အန္တရာယ်သည် ကြီးမားစွာတည်ရှိနေ၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမှာခြိမ်းခြောက်ခြင်းခံနေရပါသည်။

"ထို့ကြောင့် ပြည်သူလူထု တရပ်လုံးသည်၊ ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေးကိုသာ ပြင်းပြစွာ လိုလားလျက်ရှိပါသည်။ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲစေလိုကြပါသည်။

"ပြည်တွင်း ပြည်ပ ငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံအသီးသီး အတွင်း ဖြစ်ပေါ်သော ပြဿနာများကို ဆွေးနွေးစေ့စပ် သဘောတူညီသည့်နည်းဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရရှိစေရန်အတွက်ဖြစ်ပွားလျက်ရှိသောပြည်တွင်းစစ်ကိုဆွေးနွေးစေ့စပ်သဘောတူညီသည့် နည်းဖြင့်သာ ရပ်စဲစေသင့်သည်ဟု ပြည်သူလူထုတရပ်လုံးက ယုံကြည်ကြပါသည်။

"သို့ရာတွင် ယနေ့အချိန်၌ ဆွေးနွေး စေ့စပ် သဘော တူညီသည့်နည်းဖြင့် ပြည်တွင်းစစ်ကို ရပ်စဲစေရန်အတွက် အခက်အခဲများကို ရင်ဆိုင်နေရပါသည်။ ထိုအခက်အခဲများ တည်ရှိနေသမျှကာလပတ်လုံးပြည်တွင်းစစ်သည် ပိုမိုနက်ရှိုင်းကျယ်ပြန့်လာ၍ ပြည်သူလူထု တရပ်လုံး သည်၊ယခုထက်ဆထက်ထပ်ပိုးအတိဒုက္ခကြီးရောက်ဘွယ်ရာရှိပါသည်" ပြည်သူလူထုသည်ပြည်တွင်းစစ်ဒဏ်ကို ခံနိုင်စွမ်းမရှိတော့ပါ။

"ထို့ကြောင့် အခက်အခဲဟူသမျှကို ဖယ်ရှား၍ ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို ဆွေးနွေး စေ့စပ် သဘော တူညီသည့် နည်းဖြင့် ရပ်စဲစေပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန် ပြည်သူလူထုတရပ်လုံးက ဆထက်ထပ်ပိုး ကြိုးပမ်းပါမည့် အကြောင်း လေးနက်စွာ ပန်ကြားအပ်ပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့်လက်နက်ဆွဲကိုင်တော်လှန်နေသည့် အင်အားစုများအားလည်း ပြည်သူ လူထု၏ ဆန္ဒကို ဖြည့်စွမ်းရန်အတွက် အမြန်ဆုံး တွေ့ဆုံနိုင်ကြရန် အားသွန်ကြိုးပမ်းပါမည့် အကြောင်း အထူးပန်ကြားအပ်ပါသည်"ဟူ၍ ဖြစ်၏။

ဆရာကြီး၏ ပန်ကြားချက်နှင့် ပတ်သက်၍ ရွှေမန်း အုတ်ကျောင်း ဆရာတော် ဦးကေသရက ပြန်ကြားတော်မူရာတွင် တောခိုသူလည်း ပြည်-

ထောင်စုသား၊ အစိုးရလည်း ပြည်ထောင်စုသား၊ အတိုက်အခံလဲ ပြည်ထောင်စုသားဖြစ်၍ အချင်းချင်း ပြန်လည်ညီညွတ်သင့်ပေသည်။ အားလုံးပေါင်းစပ်ညီညွတ်နိုင်လျှင်ကမ္ဘာတွင်ဗမာသည်အထက်တန်းသို့ရောက်နိုင်ပေသည်။ ငြိမ်းချမ်းရေး အတွက် စေ့စပ်စေလိုသည်။ ဤအတောအတွင်း၌ ကဦးကိုတဦး အဆဲများ ရပ်တန့်၍ ထားသင့်သည်။ ဆရာကြီး၏ လိုလားချက်မှန်ကန်သဖြင့် ဝိုင်းဝန်းအားထုတ်သင့်သည်။ စေ့စပ် ဆွေးနွေးနိုင်ရေးအတွက် ရွေးကောက်ပွဲကိုပင်၊ ရွှေ့ဆိုင်းထားသင့်သည်ဟူ၍ မိန့်ကြားတော်မူခဲ့၏။

ထို့နောက် လေးပြင်လေးရပ်သံဃာတော်များကိုယ်စား ဗမာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော် ဦးကလျာဏက မိန့်ခွန်းမြွက်ကြားတော်မူရာတွင် ပြည်တွင်း ငြိမ်းချမ်းရေး အစစ်အမှန် ရရှိရန်အတွက် ဗုဒ္ဓ၏အဆုံးအမတော်ဖြစ်သော အချင်းချင်းစေ့စပ်ဆွေးနွေးရေးနည်းဖြင့်သာလျှင် ရှာဖွေရမည်ဖြစ်သည်။ သက်ကြီးရွယ်အိုဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးစီး၍ လုပ်နေသည်ထက် အားကောင်း မောင်းသန်ရှိနေသေးသည့် ရဟန်းတော်များက သာ၍သန်၍ ရွက်ဆောင်ထိုက်ပေသည် ဟူ၍ မိန့်ကြားတော်မူသည်။

တဖန် ဆက်လက်၍ မိန့်ကြားရာတွင် ဆရာကြီး သခင် ကိုယ်တော်မှိုင်း၏ စာအားဖြင့် ပန်ကြားချက်၊ နှုတ်အားဖြင့် ပန်ကြားချက်ကို ကြားနာရသဖြင့် သံဃာထု၏ ကိုယ်စားမိမိဉာဏ်မြင်သမျှ သံဃာတော်များရော၊ လူများကိုပါ လျှောက်ထား သိစေလိုပါသည်ဟု အစချီကာ၊ အောက်ပါအတိုင်း မိန့်ကြားခဲ့၏။

ဗမာပြည်တွင် ငြိမ်းချမ်းရေး ကြိုးပမ်းနေကြသူများ အများပင်ရှိပါသည်။ ၎င်းတို့၏ လုပ်ငန်းကို ဘုရားကြိုက် မကြိုက် စစ်ဆေးသည့်အခါ၌ မြတ်စွာဘုရားသည် ဘယ်ငြိမ်းချမ်းရေးကိုမဆိုလိုလားတော်မူသည့်အပြင် စစ်ကို တားဆီးပေးခဲ့သည်များရှိပါသည်၊ ကောလိယ သာကီဝင်များနှင့် ကပိလဝတ် သာကီဝင်များသည် ရောဟနီမြစ်ရေဝေခြမ်းသုံးစွဲရေးကို အမှီပြု၍ လယ်သမားတွေစပြီး စစ်ဖြစ်ရမည့်အခြေသို့ရောက်လာသည့်ကိစ္စ၌ နှစ်ပြည်ထောင်ဖြစ်ပွားတော့မည့် စစ်ကို ကိုယ်တော်တိုင် တားဆီးခဲ့ကာ ငြိမ်းချမ်းရေးကို အရယူခဲ့ပေသည်ဟု ဆရာတော်က မိန့်ကြားခဲ့၏။

ဆရာတော်က ဆက်လက်၍မိန့်ကြားပြန်သည်မှာ စစ်တားဆီးရေးသည်၊ ဘုရားအလုပ် ဘုရားအကြိုက် ငြိမ်းချမ်းရေးသည် ဘုရားအလုပ်

ဘုရားအကြိုက် ဘုရားနည်းပင်ဖြစ်သည်။ ဤကိစ္စကို မိမိက အကျယ်ချဲ့၍ လျှောက်တင်စရာမလိုပါ။ သို့အတွက်ငြိမ်းချမ်းရေးလုပ်နေသူများကို တပည့်တော်တို့ ရဟန်းများက မကန့်ကွက်ထိုက်ရုံသာမက အားပေး ထောက်ခံရဦးမည်ပင် ဖြစ်ပေသည်ဟူ၍ ဖြစ်၏။

ယခုအခါ၌ နေ့ညမစဲ တောရောမြို့ပါ ဒုက္ခကြီးရောက်နေကြရသည်ကို ဆရာတော်တို့ အသိပင် ဖြစ်ပေသည်။ ဤအရေး၌ အစိုးရက အပြတ်တိုက်လျှင် ငြိမ်းချမ်းရေးရမည်ဟုယုံကြည်နေသည်။ ဤလမ်းကိုယူနေသည်။ သို့ရာတွင် ဗမာပြည် အပြင်တွင်ကား အစိုးရက လက်နက်ကိုင် တိုက်သည့်နည်းနှင့်ရသည်ဟုပြောသည်ကိုမတွေ့ရပေ။ ဗမာပြည်မှာသာလက်နက်ကိုင်၍ အပြတ်တိုက်လျှင် ငြိမ်းချမ်းရေး ရမည်ဟု ပြောနေသည်။ ပြည်ပနှင့်ပြည်တွင်း သဘောထားချင်း ဆန့်ကျင်၍ ကလဲ့ တ ချော်စီ ဖြစ်နေသည်။ လက်နက်မကိုင်ဘဲ စေ့စပ်၍ ရသည်ဆိုလျှင် ပြည်ပရော ပြည်တွင်းပါဖြစ်သင့်သည်။ ဤအတိုင်းသာ လုပ်မည်ဆိုက ဗမာပြည်တွင် နက်ဖန် ငြိမ်းချမ်းနိုင်သည်ဟူ၍ ဆရာတော်က ဆက်လက်မိန့်ကြားပြန်၏။

ဆရာတော်က ဆက်လက်မိန့်ကြားပြန်ရာတွင် အစိုးရက လက်နက်နှင့် တိုက်နေသမျှ၊ တောထဲကလည်း လက်နက်နှင့် ပြန်၍ တိုက်နေမည်သာဖြစ်သည်။ လက်နက်ဖြင့် ကိုယ့်ဘက်ပါအောင် ဆွဲဆောင်မည်ဆိုလျှင်လည်း လွန်စွာ မှားယွင်း သည်။ တရားသဖြင့်သာလျှင် ကြည်ညိုလာအောင်၊ ကိုယ့်ဘက်ပါအောင် ဆွဲဆောင်သင့်သည်။ လက်နက်ဖြင့် ဆွဲဆောင်လျှင် ဒေါသဇောသာဖြစ်ပြီး၊ မေတ္တာစစ်ဖြစ်မလာနိုင်ပေ။ နှစ်ဖက်စလုံးက လက်နက် စွန့်ကြဘို့အတွက် ဆရာတော်များက တိုင်းပြည်နှင့် ပူးပေါင်းပြီးရွက်ဆောင်ရန်လိုအပ်ပါသည်ဟု မိန့်ကြားလေသည်။ ရှင်တော်ဘုရားက ငြိမ်းချမ်းလိုလျှင်၊ နည်းနှစ်နည်းကိုကျင့်သုံးရမည်ဟုဟောတော်မူခဲ့သည်။ ၎င်းတို့မှာ (၁) တဦးကိုတဦးက မေတ္တာထား၍ပုတ်ခတ်မှုမပြုခြင်း။ (၂) အချင်းချင်းဆွေးနွေးစေ့စပ်ခြင်းဟူ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ က ဟောပြောတော်မူခဲ့သည်။ ညီညွတ်စည်းလုံးမှ အရာရာကိစ္စ ခပ်သိမ်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ တပည့်တော်က စေ့စပ်ရေးဖြင့်သာ ငြိမ်းချမ်းအောင် လုပ်ပါဟု လျှောက်သဖြင့်၊ စေ့စပ်ရေးမှုကို လက်ခံခြင်း သည် စေ့စပ်ပါဟု ယခုတောင်းဆိုနေသူများ၏ စကားကို နားယောင်ပြီး တိုက်တွန်းခြင်းမဟုတ်။ ဘုရားသားတော် များဖြစ်၍၊ ဘုရားဟောသည့် ဝါဒ၊ ဘုရားစကားတော်ကိုသာ လက်ခံခြင်းဖြစ်သဖြင့်စေ့စပ်ပါဟုလျှောက်ထားရခြင်းဖြစ်ပေသည်။ ဘုရားကစေ့စပ်ခြင်းသည်သာလျှင် ရန်ပြုနိုင်သည် ဟု

မိန့်ကြားခဲ့၏။ သို့အတွက်စေ့စပ်ဆွေးနွေးပါဆိုခြင်းကို တောထဲကဘဲပြောပြော၊မြို့ထဲကဘဲပြောပြော၊ ဘုရားအကြိုက်မို့ လိုက်နာရမည်သာ ဖြစ်ပေသည်။ ထောက်ခံရမည်သာဖြစ်ပေသည်။ ဘုရား အကြိုက် စေ့စပ် ရေးကို လက်မခံနိုင်၊ မလိုက်နာနိုင်ဟုငြင်းပယ်လျှင်၊ငြင်းပယ်သဘောလျှင်၊ ဘုရား ၏ ဩဝါဒအား ငြင်းဆန်သူဖြစ်ပေသည်။ စေ့စပ်ဆွေးနွေး၍ ရန်ပွဲအောင် လုပ်ပါဟူသည့် ဘုရားအဆုံးအမကို ကမ္ဘာမှာရော၊ ဗမာမှာပါ၊ လုပ်ကိုင်သင့်ပါသည် ဟုဆရာတော်က ဆက်လက်မိန့်ကြားခဲ့လေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှာ အသက် ၈၁ နှစ်ရှိနေပြီ ဖြစ်သဖြင့်၊ ကြီးတောင်ကြီးမားနှင့် ဒုက္ခကြီးခံ၍၊ယခုကဲ့သို့လိုက်လံ လုပ်ဆောင်နေရသည်များမှာ ဝမ်းနည်းဘို့ကောင်းလှပေသည်။အားကောင်း မောင်းသန် ဆရာတော်သံဃာတော်တွေကတိုင်းသူပြည်သား တကာ တကာမ များကို သနားသောအားဖြင့်၊ဤကိစ္စကို ကိုယ်တိုင် ကိုယ်ကျဆောင်ရွက် သင့်ပြီဖြစ်ပါသည်။ လက်ပိုက်၍ကြည့်မနေသင့်တော့ပါကြောင်းဖြင့် လျှောက် ထားလိုပါသည်ဟူ၍၊ ဆရာတော်ဦးကလျာဏကနိဂုံးချုပ်မိန့်ကြားခဲ့လေသည်။

ထို့နောက် မန္တလေးမြို့တောင်ပြင်ဘုရားကြီးတိုက်ဟံသာဝတီ ဆရာတော် ဦးအိန္ဒာသတကိုယ်စား၊မဟာနန္ဒီသေနာရာမ ဆရာတော်က မိန့်ကြားရာတွင်၊ကမ္ဘာ့ငြိမ်းချမ်းရေးရော၊ ဗမာ့ငြိမ်းချမ်းရေးပါ၊ ဘုရား တပည့်သားများပါပါမေတ္တာတရားရှေ့ထားသော စေ့စပ် ဆွေးနွေးရေးသာလျှင်၊ အောင်မြင်မည်ဖြစ်သည့်အတွက်၊သည်းခံ၍ မေတ္တာထားအားထုတ်သွားကြရန်၊ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်အားတောင်းပန်ရပေသည် ဟုမိန့်ကြား ခဲ့၏။

ရန်ကုန်မြို့ မင်္ဂလာသုခပါဠိတက္ကသိုလ်ဆရာတော် ဦးကေသရကမှ ဗမာပြည်သည် တရုပ်နှင့်အိန္ဒိယတို့ပြည်ကြီးတို့၏ အကြား လူဦးရေ အလွန်နည်းသည့်တိုင်းပြည် ကလေးဖြစ်လေရာ၊ "အပြုတ်တိုက်မည်" ဆိုသော စကားကို ဘုန်းကြီးများအနေဖြင့်၊ လုံးဝမကြားလိုကြပေ။ "အပြုတ်တိုက်မည်" ဟု အစိုးရကကြုံးဝါးရာ၌၊ အစိုးရနှင့် သူပုန်ဆိုသည်မှာ သူပုန်က ခြောင်းမြောင်းပစ်သည်ကိုခံရစမြဲမို့၊သူပုန် ၁၀၀ ပြုတ်အောင် အစိုးရက ၁၀၀၀ အပြုတ်ခံ၍တိုက်မှ ရပေသည်။ သူပုန် ၁၀၀၀ ပြုတ်အောင် အစိုးရက တသောင်းပြုတ်ပေးရမည်ဖြစ်သည်။ ရှင်နည်းရာ အဂ္ဂလူထွက်ဆိုသကဲ့သို့ ဖြစ်နေသဖြင့်၊အပြုတ်တိုက်စကားကိုမပြောသင့်ပေ။ ။မျက်နှာစည်ဆွေးနွေးသည့်ငြိမ်းချမ်းရေးကိုသာ၊ဆရာတော်များလိုလားကြသည်။သာသနာ့ဒါယကာ ဦးနု၊ သူများတိုင်းပြည်မှာတော့စေ့စပ်ရေး စကားပြော၍၊ ကိုယ့်ပြည်ကျတော့ အပြုတ်ထိုက်မည်ဟုဆိုနေခြင်းကြောင့်၊ သူများ မတ်ထကာ၊

ကိုယ့်မတ်အရင်ကုပါ ဆိုသောစကားပုံကဲ့သို့ ဖြစ်နေသည်စသည်ဖြင့်၊ ရယ်စရာပုံပြင်ကလေးတခုညှပ်ထည့်၍မိန့်ကြားခဲ့လေသည်။

ထို့နောက်ဆရာတော်က ဆက်လက် မိန့်ကြား ရာတွင်၊ သခင်ကိုယ်တော်မှိုင်းအား အသက် ၈၀ ကျော်မှ၊ ရန်ဖြစ်နေသော သားသမီးများအကြား၌၊ သူ့ဆွဲမနိုင်၊ငါ့ဆွဲမနိုင်နှင့် ဟိုပြေးဒီပြေး ဖျင်ရရှာသည့်မိခင်ကြီး၏ဒုက္ခနှင့်တူလှပါ၍သနားဘွယ်ကောင်းပါဘိသည် ဟုလည်း ဂရုဏာစကား မိန့်ကြားသွားခဲ့လေသည်။

ထိုသို့မိန့်ကြားချက်အသီးသီးကိုကြားနာပြီးသည့်နောက်တွင်၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော်ဦးကောသလ္လကအောက်ပါအတိုင်းဆရာတော်သံဃာတော်များအား လျှောက်ထားခြင်းပြုပေသည်။

"ဆရာတော်များ၏ဩဝါဒများအရ (၁) ဆရာတော် အားလုံးဟာ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်အတွက် ဖြစ်ပွားနေသောပြည်တွင်းစစ်ကိုဆွေးနွေးစေ့စပ်သော၊ သဘောတူညီသည့် နည်းဖြင့်သာ ရပ်စဲသင့်သည်ဟုသဘောတူညီကြကြောင်း။(၂) ထိုသို့ပြည်တွင်းစစ်ကို ရပ်စဲစေရန်အတွက် ဆွေးနွေးစေ့စပ် သဘောတူမှု ရမှုနိုင်ရန် အချိန်ရရှိစိမ့်သောငှာ၊ လာမည့်ပါလီမန်ရွေးကောက်ပွဲကိုရွှေ့ဆိုင်းသင့်သည်ဟုလည်း ဆရာတော်အားလုံးက သဘောတူညီကြကြောင်းဟု သဘောရရှိပါသည်။ ထိုသို့သဘောရှိခြင်းမှန်,မမှန်ကိုမိန့်ကြားတော်မူကြပါ" ဟု လျှောက် ထား ခြင်းပြု၏။

မစိုးရိမ်ဆရာတော်၏ လျှောက်ထားချက်အတိုင်း ဆရာတော် အားလုံးက သာဓုသုံးကြိမ်ခေါ်တော်မူကြကာ၊ဆုံးဖြတ်ချက်နှစ်ရပ်ကိုအတည်ပြုခဲ့ကြလေသည်။

ဘုရားကြီးတိုက် ဟံသာဝတီ ဆရာတော်။ ဆရာတော် ဦးနာရဒ။ ဦးကြယ်။ဦးပညာဇောတ။ ဦးသီလဝံသ။ ပေတောကျောင်း။ဦးအရိယဝံသ တမ္ဘဝတီကျောင်း။ ဦးမာဃ။ ဦးနာဂရကြီးကျောင်းနှင့်ဦးမဟိန္ဒ။

မိုးကောင်းတိုက်-ဆရာတော် ဦးညာဏသာ မော်လမြိုင်ကျောင်း၊ ဦးဇောတိက ညောင်ရမ်းကျောင်း။ဦးဥာဏာဘာဝံသ။ဦးလက္ခဏမိုးကောင်းတိုက်အုပ်။

ချမ်းသာကြီးတိုက်-ဆရာတော် ဦးဥတ္တမဥ္ဇူ။ဦးသောဘိတ။ဦးပရမ။ ဆရာတော်ဦးကေလာသ။ ဦးဇာနက။ ဆရာတော် ဦးဇာဂရိယဘိဝံသ။ ဦးသုရိယ။ ဆရာတော် ဦးသောဘိတ။ ဦးသာရိန္ဒိယ။ ဦးသာဂရ။ တိုက်အုပ်ဆရာတော်။ ဦးပညာတိက။ ဆရာတော် ဦးသောမ။ ဦးသာသနဘိဝံသ။

ဦးကောသလ။ ဦးသာကိယ။ ဦးဇေဇ။ ဆရာတော် ဦးကုန္တိယ။ ဦးကောင်းသ ဦးဝိစိတ္တ။ ဆရာတော်ဦးသုရိယ။ဦးနာဂ။ဦးပညာ။ဦးဝိလာသဂ္ဂ။ ဦးဥတ္တမ ဦးမာဃိန္န။ ဦးဓမ္မသာမိ။ ဦးသုမန။ ဆရာတော် ဦးညာနာဘိဝံသ။ ဦးဇာ နေယျရဒ္ဓိ။ ဦးအာနန္ဒတ ပဏ္ဍိတ။ ဦးအဂ္ဂိယ။ ဦးဝိလာသဂ္ဂ။ ဆရာတော် ဦးကလျာဏ။ ညောင်ကန်ထေရ်ဆရာတော်။ ညောင်ကန်ကျောင်းတိုက်ရုံးအိုင် ဆရာတော်။ဦးကောသရဋ္ဌမန်းဆရာတော်။ အမရပူရဆရာတော်။ခေမာသီဂံ ဆရာတော်။ တိုက်တော်ဆရာတော်၊ ဒွာသောကာရာမဆရာတော်။ အာလ ကပ္ပကျောင်းတိုက် ဆရာတော်၊ ဂူကြီးတိုက်သင်ဆရာတော်။ဂူကြီးအုပ်ဆရာ တော်။ စိတြရာမဆရာတော်။ကြောင်ပန်းဆရာတော်။ မြင်းဝန်းတိုက် ဆရာ တော်။ မဂ်သာသုခဆရာတော်ဦးကောသရ။ ဦးပါဏိဝံသ။ ဦးကုန္တသာက။ ဦးဝိဇယ ဘုံဘိုင်ဆရာတော်။ ဆရာတော်ဦးကြယ်။ဦးဉာဏဝံသ၊

မစိုးရိမ်ပါဠိတက္ကသိုလ်- ဆရာတော် ဦးကောသလ္လ။ ဦးဝိစိတ္တ။ ဦးစန္ဒာဘာသ၊ ဦးဝါရိန။ ဦးရာဇိန္ဒ ပါဂကျောင်း။ဦးညာတောဘာသနိ ကယ်ကျောင်း။ ဦးညာတောဘာသ အဘိမ္ဗောကျောင်း။ ဦးကောသလ္လ ဂန္တာကျောင်း။

စကုတိုက်- ဆရာတော် ဦးသဒ္ဓမ္မ။ ဦးနန္ဒာဝရိယ။ ဦးဉာဏတ္တရ မြသိန်းတန်။ဦးဝိသာဒရ အေးကျောင်း။

တောင်သာမန်တိုက်-ဆရာတော်ဦးကောသဝ။ဦးရေဝတ။

အနောက်ထီးလင်းတိုက်-ဆရာတော်ဦးစန္ဒာဝရရှေ့ဂါးကျောင်း ဦးသာသန မန်လည်အုတ်ကျောင်း။

မဟာနန္ဒိသေနာရာမ ကျောင်းတိုက် ဆရာတော် ဦးနန္ဒိသေန။ တောင်ထီးလင်း ပါဠိတက္ကသိုလ် ဆရာတော် ဦးကုသလဗုဒ္ဓိ။ ခင်မကန် တိုက် ဆရာတော် ဦးနန္ဒိယ။ အရှင်သော ဆရာတော် သံဃာတော်များ အပါအဝင် ထေရ်ကြီး ဝါကြီး သံဃာတော် ၁၄၅-ပါးတို့က ဆရာကြီး ကိုယ်တော်မှိုင်း၏ပန်ကြားလွှာနှင့် ပတ်သက်၍ အထက်ပါအတိုင်း ဆုံးဖြတ် ချက် ၂-ရပ်ချမှတ်အတည်ပြုခဲ့ကြ၏။

ထို့နောက် တဖန် ရန်ကုန်မြို့သို့ ပြန်လည် ဆိုက်ရောက် လာခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ပြည်တွင်း ငြိမ်းချမ်းရေး အမြန်ရ ရရှိရေးအတွက် ရန်ကုန်မြို့ရှိ ဆရာတော် သံဃာတော်များ၏ ဆန္ဒခံယူပွဲနှင့် ပရိတ် ကြားတော် နာယူပွဲ အခမ်းအနား တရပ်ကိုကျင်းပခဲ့လေသည်။

၁၉၅၆-ခု ဧပြီလ ၂၀-ရက်နေ့ ရွှေတိဂုံစေတီတော် တောင်တက် စောင်းတန်း ခြေရင်းရှိ ဦးဘရီ ဇရပ်၌ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက်

ရန်ကုန်မြို့ကော်မတီက တာဝန်ယူ၍ ကျင်းပပေးခြင်းဖြစ်၏။ ၎င်းအခမ်းအနားတွင် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ဥက္ကဋ္ဌ သခင်ကိုယ်တော်မှိုင်းက ၁၉၅၆-ခု မတ်လ ၃၁-ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ပြည်တွင်း ပြည်ပ ငြိမ်းချမ်း ရေးပန်ကြားလွှာကို တင်ပြပြီးနောက် ဆရာတော် သံဃာတော် များ၏ ထင်မြင်ယူဆချက်ကို ဩဝါဒပေးရန် လျှောက်ထားခဲ့ပေသည်။

ထိုသို့ လျှောက်ထားချက် အရ ကြွ ရောက် လာ သော ဆရာတော် သံဃာတော် ၆၀၀-ကျော်၏ကိုယ်စား၊ ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဘုံပျံကျောင်းဆရာတော် ဦးပညာသာမိက ဩဝါဒမိန့်ခွန်းစကား မြွက် ကြားတော်မူရာတွင် ပြည်ထောင်စု မြန်မာ နိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ သည်မှာ လွတ်လပ်ရေး သက်တမ်းနှင့် အမျှပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ကြီးအတွင်းက ပျက်စီးဆုံးရှုံးမှုများ၏ဝန်တုပ်ဝန်ပိုးများအပြင် ပြည်တွင်း စစ်၏ ဝန်ထုပ်ဝန်ပိုးများသည်။ ပြည်သူလူထု၏ ပခုန်းပေါ်တွင်ပင် တင် လျက်ရှိပေသည်ဟု စတင်မိန့်ကြားခဲ့၏။

ထို့နောက် ဆရာတော်က ဆက်လက်မိန့်ကြားသည်မှာ ယနေ့အချိန် တွင်မူ လူတိုင်း၏ နေထိုင်စားသောက်မှုသည် တနေ့ထက်တနေ့ ကျပ်တည်း ကျဉ်းမြောင်းလာခြင်း၊ လုံခြုံမှုဘက်ကလည်း တနေ့ထက်တနေ့ လျော့ပါး လာခြင်း၊ ပျော်ရွှင်မှုဆိုလျှင် မြို့ပြတို့၌ အနည်းငယ်မျှသာကျန်ရှိပြီး တော ရွာတို့၌မူ လုံးဝကွယ်ပျောက်နေပြီဖြစ်ပေသည်။ ထို အချင်း အရာ များ ကို သက်တွေ့ခံစားနေရသော လူထုတရပ်လုံးသည်။ပြည်တွင်းငြိမ်းချမ်းရေးကို အပူတပြင်း အရေးတကြီးလိုလားနေကြသည်။

ပြည်တွင်းစစ်တွင် တိုက်ခိုက်နေသော နှစ်ဖက်စလုံးသည် တိုင်းရင်း သားနှင့် တိုင်းရင်းသားများသာဖြစ်သည်။ ခေါင်း ဆောင် နေ သူများမှာ ဖဆပလ-ဆိုရှယ်လစ် တိုင်းရင်းသားနှင့် တော်လှန်ရေး တိုင်းရင်းသားများ ပင်ဖြစ်သည်။ ပြည်တွင်းစစ်၏ ဒဏ်ကို အလူးအလဲခံနေရသူများမှာလည်း တိုင်းရင်းသားများသာ ဖြစ်ပေသည်။ ကျန်တိုင်းရင်းသား အားလုံးတို့သည် လွတ်လပ်ရေးတိုက်ပွဲတွင် ကိုယ်စိတ်ကိုယ်ငှ ပါဝင် ဆောင်ရွက် ခဲ့ကြ သဖြင့် ပြန်လည်ရရှိခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်။ မည်သူ၏ တဦး တည်းပိုင် ပစ္စည်းမျှ မဟုတ်ပေ။

ထို့ကြောင့် အမွေစားများ ယခုလိုဖဲ့ချင်းချင်း အငြင်းပွား၍ နေ ကြမည့်အစား အတိတ်ကို နောက်ကွယ်ပြုကာ အနာဂတ်ကိုသာ မျက်နှာ မူလျက် မျက်နှာစုံညီတိုင်ပင်စေ စပ်ငြိမ်းချမ်းရေးကို အေးအေး ဆေးဆေး

နှင့်ပင် ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ယူဆပေသည်ဟု ဆရာတော်က ဆက်လက်မိန့်ကြားတော်မူပေ၏။

ထို့နောက် ဆရာတော်က ဆက်လက် မိန့်ကြား ပြန် ရာ တွင် ယခု ပဋိပက္ခဖြစ်နေကြသော ၂-ဘက်စလုံးသည် ပြည်တွင်းပြည်ပကိစ္စအဝဝ တို့၌တသဘောတည်းဖြစ်သော တွေဆုံစေ့စပ်ရေးမှကို ရေးယူ လက်ခံကြကာ၊မြေဗာပင်လူထုအား ငြိမ့်ညွှာလျက် ပြည်တွင်းစစ်ကို ရက်ပိုင်းအတွင်း အမြန်ဆုံး ငြိမ်းချမ်းအောင်ဆောင်ရွက်ကြရန် ပြင်းပြသော ဆန္ဒရှိတော်မူကြပါသည် ဟု နိဂုံးချုပ်အားဖြင့် မိန့်ကြားတော်မူခဲ့ပေသည်။

ထို့နောက် ကြွရောက်လာကြသော သံဃာတော်များက ပြည်တွင်းပြည်ပငြိမ်းချမ်းရေးရရှိမှုအတွက် မေတ္တာသုတ်ကို ရွတ်ဆိုလျက်၊ မေတ္တာတရားပွားများကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပေသည်။ ကြွရောက်လာသော ဆရာတော်သံဃာတော်များမှာအောက်ပါ အတိုင်းဖြစ်ပေသည်။

ကြည့်မြင်တိုင် ကျောင်း ကြီး တိုက် ဘုံပျံကျောင်း ဆရာတော် ဦးပညာသာမိ၊ ကြည့်မြင်တိုင် ဘုံမြင့်ကျောင်းဆရာတော် ဦးဇောတိက ကြည့်မြင်တိုင်ဘုံမြင့်ကျောင်းရတနာစံကျောင်းဆရာတော်၊ကြည့်မြင်တိုင် ဘုံမြင့်ကျောင်း ဆွမ်းစားကျောင်းဆရာတော်၊ ကြည့်မြင်တိုင်ဘုံမြင့်ကျောင်း သဘိကျောင်းဆရာတော်။ကြည့်မြင်တိုင်လက်ခုပ်ကျောင်းဆရာတော်၊ကြည့်မြင်တိုင်ကွမ်းခြံ ပြည်တော်စာသင်တိုက်ဆရာတော်၊ကြည့်မြင်တိုင်နာနတ်တော အတုလရာမဆရာတော်၊ကြည့်မြင်တိုင် ဟံသာဝတီ ခနွေဖူးဆရာတော်၊ ကြည့်မြင်တိုင် ဟံသာဝတီ အေးဇေတာ ဆရာတော်၊ ကြည့်မြင်တိုင် ဇေယျဝတီတိုက်ဆရာတော်၊ ကြည့်မြင်တိုင်ဗားကရာတိုက်တိလောကာချုံကျောင်း ဆရာတော်ဦးတိလောကာဘိဝံသ၊ ကြည့်မြင်တိုင်ဗားကရာဆရာတော်၊ကြည့်မြင်တိုင် ပေါ်ယတ္တိကျောင်း ဆရာတော် ဦးကေသရ၊ ကြည့်မြင်တိုင်ဥယျာဉ်တိုက် ရေကျော် ကျောင်းဆရာတော် ကြည့်မြင်တိုင် ဂန္ဓာရုံကျောင်းဆရာတော်၊ ကြည့်မြင်တိုင် ဒေါပွားခိုကျောင်း ဆရာတော်၊ ရှင်စောဘုတိုက် ဆရာတော်၊ ကြည့်မြင်တိုင် ဝေဠုဝန်တိုက် ဆရာတော်၊ ရှင်အာဒိစ္စဝံသ ကျောင်းတိုက်ဆရာတော်၊ နေ့ဉ်မ်ကျောင်းကြီးဆရာတော်၊ ဆတောင်းပြည့်ဝံကျောင်းဆရာတော်၊ စက်ဆန်း မြောရုံ ကျောင်းဆရာတော်၊ ပုသိမ်ညွှန့်ကျောင်းဆရာတော်၊ ကျောက်မြောင်း ဓ မ္မ ဝိ ဟာ ရ ကျောင်း ဆရာတော်၊ ကျောက်မြောင်းကျောင်း ဆရာတော်၊ တာမွေ မင်္ဂလာဇေရုံ ကျောင်းဆရာတော်၊ မြရာကန်း ကျောင်း ဆရာတော်၊ အနောက် မိန္ဒကုန်းကျောင်း ဆရာတော်၊ အရှေ့ပိန္နဲကုန်း ရန်ကုန် တိုက်ကျောင်း ဆရာတော်၊ အရှေ့ပိန္နဲကုန်း

ဆရာတော်ဘုံ ဦးမေဂိယ။ ဒေဝသာဂရ သိမ်ကုန်းကျောင်းဆရာတော်၊ပညာရာမိကဘိ၊ ဦးအရိယဝံသ။ မော်လမြိုင် ကျောင်း ဆ ရာ တော်၊ စက်ာပူ ကျောင်းဆရာတော်၊ မင်္ဂလာ သုခ ကျောင်း ဆရာတော်၊ (အောင်မင်္ဂလာလမ်း)။ မြသိန်းတန်ကျောင်းဆရာတော်၊ မေဃာရာမကျောင်းဆရာတော်၊ ဘုရားဖြူကျောင်းတိုက်ဆရာတော်၊ ပြဿဒ်ကျောင်း ဆရာတော်၊ လယ်တီစံကျောင်း ဆရာတော်၊ တိုက်ကျောင်းဆရာတော်၊ သုဓွေးကျောင်း ဆရာတော်၊ ညောင်ကုန်းကျောင်းတိုက်ဆရာတော်၊ ဘိုကထောင်စေတီယပါလ ကျောင်း ဆရာတော်၊ ဘိုတတောင် ခါတ် မီး ကျောင်း ဆရာတော်၊ ဘိုတထောင် ဦးပုညသုခကျောင်း ဆရာတော်၊ ဗဟန်းတောင်သံယုက် ကျောင်း ဆရာတော်၊ ဗဟန်းကျောင်းသစ်ဆရာတော်၊ ဗဟန်း၊ ဝေဠုဝန်ဆရာတော်၊ သုံးထပ်ကျောင်း ဆရာတော်၊ အောင်မင်္ဂလာ ဘုရားကြီးတိုက် ဆရာတော်၊ ဦးအရိယတိုက်ဆရာတော်၊ ပြဿဒ် ကျောင်း ဆ ရာ တော်၊ ဦးပညာသိဟ ကျောင်းတိုက်ဆရာတော်၊ ဓမ္မသုခတိုက်ကျောင်းဆရာတော်၊ဗဟန်းကြောင်လိမ်ကျောင်းဆရာတော်၊ မဟာဒီပကျောင်း ဆရာတော်၊ နန်းစွတောင် ကျောင်းဆရာတော်၊ ဦးတိက္ခကျောင်းဆရာတော်၊ ဘင်္ဂလားတိုက် နိဗ္ဗာန် ကျောင်းဆရာတော်၊ စကားဝါပင်ကျောင်း ဆရာတော်၊ တောင်ပေါ် ကျောင်းဆရာတော်၊ ကျောင်းအုပ်ဆရာတော်၊ မူပသံယုတ် ကျောင်းဆရာတော်၊ ဆူစာကျောင်းဆရာတော်၊ ငါးထပ်ကြီးဆရာတော် ဦးကဏ္ဍလ၊ ဦးအာစိဏ္ဏ၊ ဦးကောဝိဒ၊ ပြဿဒ်ကျောင်း ဆရာတော် ဦးစန္ဒ၊ မော်လမြိုင် ကျောင်းဆရာတော်၊ ဝံပျံကျောင်းဆရာတော်၊ မြန်အောင် ကျောင်းဆရာတော် ဦးတေဇ၊ လိပ်ပြာကန် ကျောင်းဆရာတော်၊ ရွှေဂုံတိုင် ဆရာတော် ဦးဝိမလ၊ ဦးသောဘိတ၊ ဝက်ပါကျောင်းဆရာတော် ဦးသောဘိတ၊ ရွှေဂုံတိုင်ဆရာတော် ဦးဝိစယရိန္ဒ၊ရွှေကြက်ယက်ဆရာတော်ဦးနာရဒ၊ အောင်မြေသုခ ဆရာတော် ဦးဝိသုဒ္ဓ၊ သိမ်ကုန်းတိုက် ဆရာတော် ဦးရေဝတ၊ သိမ်ကုန်းတိုက်ဆရာတော် ဦးပရမ၊ ဘုရားကြီးတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ သရက်တောကျောင်းတိုက်၊ ၂၈ ဆကျောင်းဆရာတော်ဦးဇူနာ ဦးဩဘာသနှင့် သံဃာတော်အပါး ၂၀၊ ဆရာတော် ဦးပဏ္ဍဝါဘိဝံသ ပါဠိတက္ကသိုလ် ပစ္စိမာရုံကျောင်း၊ သံဃာတော် အပါး ၅၀၊ ခါတ်မီး ကျောင်းဆရာတော် သံဃာတော်အပါး ၅၀၊ နိဗ္ဗာန်ကျောင်း ဆရာတော် သံဃာတော်အပါး ၂၀၊လှည်းကူးမေဓာဝီတိစာသင်တိုက် သံဃာအပါး၈၀၊ ဗားကရာရှမ်းကျောင်းကြီးတိုက်ဆရာတော် ဦးသိက္ခာ စာရနှင့်သံဃာတော် အပါး ၃၀၊ ဦးပါကဋအင်းရဲကျောင်း ဦးဝိလာသ ဝင်ဆာ ကက်သစ်

မဒွေးကျောင်း၊ ဦးသုဝဏ္ဏ ဝင်ဆာကွက်သစ်ဝက်စုကျောင်း။ ဦးပညာ-ပညာရာမကျောင်း၊ ဆရာတော် ဦးပညာဝံသ ရေကျော်ကျောင်း ဥယျာဉ်တိုက်နှင့် သံဃာတော် ၇ပါး၊ ဆရာတော် ဦးရာဇိ ဓလေးမျက်နှာ ကျောင်းတိုက် ကြည့်မြင်တိုင်၊ ဆရာတော် ဦးပဏ္ဍိ၊ ဆရာတော် ဦးဩဘာသ-မေဝတီ ကျောင်းနှင့်သံဃာတော် ၂ပါး၊ ဆရာတော် ဦးပညာဝံသ-ပရိယတ္တိ ကျောင်းနှင့် သံဃာတော် ၉၀၊ ဆရာတော်ဦးရေဝတ-အာလယ်တောရကျောင်းတိုက် သံဃာတော် ၇ပါး၊ ဘုန်းတော်ကြီး ဦးသုဇာတ-အလယ် တောရ ပြဿဒ် ကျောင်း ၉ပါး၊ ဦးပညောဘာသ အလယ်တောရ စကြံကျောင်း ၇ပါး၊ မင်းကွန်းဆရာတော် ဦးဝိသုဒ္ဓမင်းကွန်းဝိပဿနာတိုက် ၁ ပါး၊ မိုးညှင်း ဆရာတော်ကြီး မုံရွာနှင့် သံဃာတော်အားလုံးရှိ မိုးညှင်း ဝိပဿနာတိုက်၊ ဘုန်းတော်ကြီး ဦးစတိလ-မမ္မရံသီ ကျောင်းတိုက် သံဃာတော် ၇ပါး၊ တောင်စွန်း ကျောင်း ၃၇ပါး၊ သိမ်ကျောင်းတိုက် သံဃာတော် ၄၀ပါး၊ ပါဠိတက္ကသိုလ်ကျောင်း သံဃာတော်၅၀-ပါး၊ ဘုန်းတော်ကြီး ဦးတိလောက ဗောဓိကုန်းတိုက် သံဃာတော် ၁၃ပါးတို့ဖြစ်ကြလေသည်။

နိုင်ငံရေးပါတီနှင့် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု

အမှန်စင်စစ်အားဖြင့်နိုင်ငံရေးအဖွဲ့အစည်းအချို့အနေဖြင့်၊ပြည်တွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လှုပ်ရှားမှုများပြုခြင်းများရှိခဲ့ကြပေသည်။

၁၉၅၅ ခု ဇူလိုင်လတွင်၊ လက်ဝဲသကျာအင်အားစုများ စုစည်းခဲ့သောအတိုက်အခံပေါင်းစုံမဟာမိတ်အဖွဲ့သည် ၁၉၅၅ ခုဩဂုတ်လ မှစ၍ ပြည်တွင်းစစ်ရပ်စဲရေး၊ပြည်တွင်းငြိမ်းချမ်းရေးရရေးအတွက် ဆွေးနွေးစေ့စပ်ရန်တင်ပြခဲ့၏။

ဩဂုတ်လ ၂၁ရက်နေ့တွင် ထုတ်ပြန်သော အတိုက်အခံ ပေါင်းစုံ မဟာမိတ်အဖွဲ့၏ ကြေညာချက်၌ အစိုးရနှင့်သူပုန်စေ့စပ်ဆွေးနွေးပြီး ပြည်တွင်းစစ်ရပ်စဲရေးဟူသောအချက်ပါဝင်၏။ စက်တင်ဘာ၊ အောက်တိုဘာ နိုဝင်ဘာလများတွင် ရန်ကုန်မြို့ပေါ်ရှိ တိုက်နယ်အသီးသီးတွင် ဟောပြောပွဲများကျင်းပ၍ ပြည်သူတို့အား ထပ်မံတင်ပြခဲ့၏။ နိုဝင်ဘာလ ၂၀-ရက်နေ့တွင် အတိုက်အခံပေါင်းစုံမဟာမိတ်အဖွဲ့ကကန်တော်မင်ပန်းခြံ၌ဆန္ဒပြပွဲတရပ်ကျင်းပခဲ့၏။

ယင်းက ပရိသတ် ၁၀၀ မှ ၂၀၀ အကြား၌သာရှိသော အတိုက်အခံတို့၏ တရားပွဲများသည် ဆွေးနွေးစေ့စပ်ရေး လမ်းစဉ်ကို တင်ပြလာသောအခါ၌၊ ပရိသတ် ၁၀၀၀ နှင့် ၃၀၀၀ အကြားရှိလာခဲ့၏။

၁၉၅၅ ခု နိုဝင်ဘာလတွင် ကျင်းပသော လူငယ်ပေါင်းစုံ ဆွေးနွေးပွဲ၌၊ စေ့စပ်ဆွေးနွေး၍ ပြည်တွင်းစစ်ရပ်စဲရေး ဟူသော ပန်ကြားလွှာ ပေါ်ထွက်လာခဲ့၏။

၁၉၅၅ ခု ဒီဇင်ဘာလ ကုန်တွင်ရခိုင်တိုင်းရင်းသားများ ညီညွတ်စည်းလုံးရေးအဖွဲ့က ကြီးမှူးကျင်းပသော ရခိုင်ပြည်လုံးကျွတ် ညီလာခံကြီး၌၊ လူထု ၃၀၀၀၀ ကျော်တို့က၊ စေ့စပ်ဆွေးနွေး ပြည်တွင်း စစ်ရပ်စဲရေး အဆိုကိုတင်သွင်းဆုံးဖြတ်ခဲ့၏။

ထိုနောက် ၁၉၅၆ ခု ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ပြည်လုံးကျွတ်မီးရထားအလုပ်သမားညီလာခံကြီးက "ပြည်တွင်းစစ်ကိုပြည်သူလူထုလိုလားသောနည်းဖြင့် အမြန်ဆုံးရပ်စဲပစ်ရန်" ဟူသောအဆိုတခုကို တင်သွင်းဆုံးဖြတ်ခဲ့၏။

ဇန္နဝါရီလ ၂၆ ရက်နေ့တွင်တက္ကသိုလ်နှင့်ကောလိပ်ကျောင်းပေါင်းစုံဆွေးနွေးပွဲမှစေ့စပ်ဆွေးနွေး ပြည် တွင်း စစ် ရပ် စဲ ရေး ပန်း ကြား လွှာ တစောင် ပေါ်ထွက်ခဲ့၏။

နောက်တနေ့ ဇန္နဝါရီလ ၂၇ ရက်နေ့တွင် ရခိုင် ပြည် လုံး ကျွတ် သံဃသမဂ္ဂ ညီလာခံသဘင်ကြီးသို့ တက်ရောက်ကြသော လူထုပရိသတ် ၂ သောင်းကျော် ရှေ့မှောက်၌စေ့စပ်ဆွေးနွေးပြည်တွင်းစစ်ရပ်စဲရေးအဆိုကိုပင်ဆုံးဖြတ်ခဲ့၏။

ဖေဖော်ဝါရီလ ၁ရက်နေ့တွင် စတင်ကျင်းပခဲ့သောရခိုင်ပြည်တိုင်းရင်းသားလူငယ်များအစည်းအရုံးပြည်လုံးကျွတ်ညီလာခံ၌၊ ဤအဆိုကိုပင် တင်သွင်းဆုံးဖြတ်ခဲ့၏။

မန္တလေးခရိုင် ပမညတက ကြီးမှူး၍ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပွဲတရပ်ကို ၅၊၂၊၅၆ အိမ်တော်ရာတွင် အကြီးမားဆုံးသောဆန္ဒပြပွဲအဖြစ် ကျင်းပခဲ့၏။

ထိုနောက်ထားဝယ်မြို့ကျောင်းပေါင်းစုံ ဆရာတော် များကလည်း၊ အလားတူအဆိုကိုတင်သွင်းဆုံးဖြတ်ခဲ့၏။

မတ်လ ၂၉ ရက်နေ့ ဟယ်ရီတန်သပိတ်သွတ်ဆွမ်းကပ်ပွဲတွင်၊ "ဖဆပလ အစိုးရ၏ အကြမ်းဖက်သောနတ်ဝါဒကို တိုက်ဖျက်ပြီး၊ တိုင်းပြည်တွင်

ဖြစ်ပေါ်နေသောပြဿနာမှန်သမျှကိုငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန်" ဟူသောအဆိုကို ကျောင်းသားများကတင်သွင်းဆုံးဖြတ်ခဲ့ကြ၏။

ထို့နောက်ဧပြီလ ၇ ရက်နေ့ မြန်မာနိုင်ငံလူငယ်များ အစည်းအရုံး (ဗလစ)ဌာနချုပ်၏ အထွေထွေရွေးကောက်ပွဲသဘောတား ကျေညာချက်တွင်၊ ပြည်တွင်းစစ်သည် ဗမာ၏ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးမှနှင့် ဆန့်ကျင်နေသည်။ အမျိုးသားလွတ်လပ်ရေး၊ လုံခြုံရေး မှနှင့်လည်း ဆန့်ကျင်နေသည်။ ငြိမ်းချမ်းရေးမှနှင့်လည်း ဆန့်ကျင်နေသည်။ ထို့ကြောင့် ဗလစ ဌာနချုပ်မှရွေးကောက်ပွဲကြီးကို ပြည်တွင်းစစ် ရပ်စဲရေးအတွက်၊ လူထုဆန္ဒပြပွဲကြီးဖြစ်စေလိုပေသည်-ဟူ၍ဖော်ပြခဲ့ပေသည်။

နှစ်သစ်ကူး သင်္ကြန်ပွဲတွင် ပြည်တွင်းငြိမ်းချမ်းရေး သံချပ်များ လွှမ်းမိုးသွားခဲ့ပြီးသည့်နောက်၊ ဧပြီလ ၂၂ ရက်နေ့အလုပ်သမား ကျောက်တိုင်၌ လူထု ၂၀၀၀ ကျော်တက်သည့် ပြည်တွင်း ငြိမ်းချမ်းရေးဆန္ဒပြပွဲကို ကျင်းပနိုင်ခဲ့ကြ၏။

မတ်လ ၃၁ ရက်နေ့မန္တလေးမြို့အိမ်တော်ရာဘုရား ၁၄ ခန်းဇရပ်၌ မန္တလေးရှိဆရာတော်သံဃာတော်များအား ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ပန်ကြားလွှာတင်ဆက်ခြင်း၊ ဧပြီလ ၂၀ ရက်နေ့ ရန်ကုန် ရွှေတိဂုံစေတီတော် ဦးဘရီဇရပ်၌၊ ရန်ကုန်ရှိဆရာတော် သံဃာတော်များအားဆရာကြီး သခင်ကိုယ်တော်မှိုင်းက ပန်ကြားလွှာတင်ဆက်ခြင်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်ပေသည်၊

စာပေအနုပညာရှင်များ၏ ပန်ကြားလွှာ

၁၉၅၆-ခု ဧပြီလ ၁၆-ရက်နေ့တွင် စာပေနှင့် အနုပညာရှင် ကော်မီတီက ပြည်တွင်းငြိမ်းချမ်းရေး ပန်ကြားလွှာတစောင်ကို တိုင်းပြည်သို့တင်ပြခဲ့၏။

"တိုင်းရင်းသားလူငယ်များ အလွှာအသီးသီးပါဝင်သော လူငယ်ပေါင်းစုံ ဆွေးနွေးပွဲကြီးမှ ပြည်တွင်းငြိမ်းချမ်းရေး ပန်ကြားလွှာသည်၎င်း၊ နိုင်ငံရေးပါတီအသီးသီး၏ ငြိမ်းချမ်းမှုရရှိရေး လုပ်ငန်းစဉ်များသည်၎င်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ခေါင်းဆောင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေး ဆောင်ရွက် ချက်များနှင့် သံဃာတော် အရှင်မြတ်များအား လျှောက်ထားသော ပြည်တွင်းငြိမ်းချမ်းရေး ပန်ကြားလွှာသည်၎င်း၊ ဖဆပလ အစိုးရနှင့် ကွန်မြူနစ်ပါတီ ကော်လုန်ရေး အင်အားစုများအကြား ကြီးမားမှန်မြတ်သော စေတနာထား၍ ငြိမ်းချမ်းမှုရရှိရေးအတွက် ဒေါ်ဒိ

ရှက်ကြီးပမ်းခဲ့သော ဂီလ်လကျ်၁၏ ကျေညာချက်သည်၎င်း၊ အဖိမြန်မာပြည်၏မြေယင်ပြင်၌ပေါက်ပွင့်ကြွားသန်သော တိုင်းသူပြည်သား အားလုံး၏ သည်းမှတ်နှလုံးအတွင်းဝယ် ပြင်းပြစွာ စွဲဝင်ကိန်းဝပ်ကာ လှုပ်ရှားကာကြလျက် ရှိကြပေသည်။"

"ဤကြိုးပမ်းချက်များသည် ယနေ့အဖို့ အရေး အကြီးဆုံးသော ပြဿနာဖြစ်သည်သာမက၊ ၎င်းတို့၏ ကြိုးပမ်းချက်ဖြင့်သော တွေ့ဆုံ ဆွေးနွေးရေးသည်သာလျှင် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် တခုတည်းသော အကောင်းဆုံးနည်းလမ်းဖြစ်သည်ကိုလည်း လေးနက်စွာ ယုံကြည်ပါသည်" ဟူ၍ ဖော်ပြထား၏။

၁၉၅၅-ခု နိုဝင်ဘာလ ၁၈-ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ပမညတ)သည် ၁၉၅၆ခုဇန်နဝါရီလတွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်မြန်မာပြည်ကွန်မြူနစ်ပါတီနှင့်တကွသော တော်လှန်ရေး အင်အားစုအပေါင်းတို့" ဟူ၍ အစချီထားသော ကျေညာချက်တစောင်ကို တိုင်းပြည်သို့ ထုတ်ပြန်ခဲ့လေသည်။

ထိုကျေညာချက်တွင် ပမညတသည်ပြည်သူတရပ်လုံး၏ ဘဝဆန္ဒနှင့်အညီ၊ (က) ပြည်တွင်း ငြိမ်းချမ်းရေး၊ (ခ) ဒီမို ကရေစီ ရေးနှင့် (ဂ) အမျိုးသားစီးပွါးရေး မြှင့်တင်ရေးတည်းဟူသော လုပ်ငန်းစဉ် ၃-ရပ်ကို ချမှတ်၍ပြည်သူတို့နှင့်အတူလက်တွဲလျက်ရှိပါသည်။ ဤပြည်သူ့လုပ်ငန်းစဉ် ၃-ရပ် အောင်မြင်ခြင်းသည်သာလျှင် နိုင်ငံ၏အချုပ်အခြာ အာဏာ ပြည့်ဝလာစေခြင်း၊ အမျိုးသား လွတ်လပ်ရေးတည်မြဲမှုကိုအခိုင်အမာအာမခံစေခြင်းနှင့် အမျိုးသားညီညွတ်ရေး ပြန်လည်တည်ဆောက်စေခြင်းပင် ဖြစ်ပေသည် ဟူ၍ ဖော်ပြထား၏။

ပမညတ၏ငြိမ်းချမ်းရေးကျေညာချက်

ဆက်လက်ဖော်ပြရာတွင် ဝန်ကြီးချုပ်ဦးနု၏ အမျိုးသားနေ့မိန့်ခွန်းတွင် နိုင်ငံရေးသဘောရှိကွဲလွဲမှုများကြောင့် ပြည်တွင်းစစ် ဖြစ်ခဲ့ရပါသည်ဟု ရည်ညွှန်းဖော်ပြခဲ့သည့်အတိုင်း ယနေ့ ဗမာနိုင်ငံရေး သဘောကွဲလွဲမှု များကြောင့် ဖြစ်ပွားနေသော ပြည်တွင်းစစ်(ဝါ)လက်နက်ကိုင် ပဋိပက္ခကြီးကိုလည်း တိုင်းရင်းသားအချင်းချင်းသွေးသားချင်းပီပီမျက်နှာချည်တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးရယူတည်ဆောက်နိုင်လိမ့်မည်ဟုပြည်သူတို့က အခိုင်အမာ-ယူဆ ယုံကြည်လျက်ရှိပါသည်။ ထို့မှ

တပါးသော အပြုတ်ကိုက်ရေးလမ်းစဉ်၊နှစ်ဖက် ပဋိပက္ခတွင် ဘာဖက်၏ ဓါး အောက်သို့တဖက်ကလက်နက်ချအရှုံးပေးစေရေးလမ်းစဉ်တို့ဖြင့်ကား၊ပြည် တွင်း ငြိမ်းချမ်းရေးကိုမရရှိခဲ့-မရနိုင်ဟုပြည်သူတို့ကအလေးအနက်ယုံကြည် လျက်ရှိပါသည်။

"ဖဆပလ ဆိုရှယ်လစ်အစိုးရနှင့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဟာကွ သော တော်လှန်ရေးအင်အားစုတို့သည်(က)တဖက်နှင့်တဖက်ပစ်ခတ်နေခြင်း ကိုအမြန်ဆုံးရပ်စဲ၍ (ခ) နှစ်ပေါင်း အတော်ကြာကြာကွာနေသော ညီအကို သားချင်းများသဘာယ် နှစ်ဖက်ပြန်လည် တွေ့ဆုံကာ (ဂ) ပြည်သူတို့ရှေ့ မှောက်တွင် ဒီမိုကရေစီ အခြေခံနှင့် နှစ်ဦးနှစ်ဖက်သဘောတူရည်တူဆွေးနွေးပွဲ များပြုလုပ်၍ပြည်တွင်းငြိမ်းချမ်းရေးပြဿနာကြီးကိုအခိုင်အမာပြန်လည်တည် ဆောက်ကြပါဟုပြည်သူလူထုတရပ်လုံးကိုယ်စား အလေးအနက် ပန်ကြား တောင်းဆိုလိုက်ပါသည်"ဟု ပမညတက ကျေညာခဲ့ပေသည်။

ဖေါ်ဂ်ရီလ၆-ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုကအာသံလွှင့်မိန့်ကြား ရာ၌၊ "တိတိကျကျပြောရရင် ဖဆပလဟာ သူပုန် မထခင် ဘယ်သန့်မဆို စေ့စပ်မယ်၊ သူပုန်ထပြီးရင် ဘယ်သန့်ဘာဖြစ်ဖြစ် မစေ့စပ်ဘူး၊ အဒါ ကြောင့် တောခ ရဲဘော်တို့ မဖြစ်နိုင်တဲ့ စေ့စပ်ရေးကိုလဲ မျှော်မနေကြပါ နဲ့"ဟူ၍ဖြစ်ပေသည်။

သခင်သန်းထွန်း၏ ပေးပို့သော ဆိုသည့်စာပေါ်တွင် နေရှင်း၏ဝေဘန်ချက်

ဝန်ကြီးချုပ်ဦးနု၏ အသံလွှင့်မိန့်ခွန်းနှင့်ပတ်သက်၍အင်္ဂလိပ်ဘာသာ ဖြင့်ထုတ်ဝေသော နေရှင်၊ သတင်းစာကြီးက ၈-၂-၅၆-နေ့တွင်ခေါင်းစဉ် အကြီးအလတ်အငယ် သုံးမျိုးခွဲ၍ သတင်းတရပ်ကို ရေးသား ဖေါ်ပြခဲ့၏။

ခေါင်းစဉ်အငယ်တွင် "ကွန်မြူနစ်ပါတီ နှင့် 'အခြားသော ဒီမိုက ရက်တစ် ပါတီများ'အားတရားဝင်ဖြစ်စေရေးနှင့်အတွေ့တွေ့ရွေးကောက် ပွဲကြီးတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် ဖဆပလအဖွဲ့နှင့် တန်းတူအခွင့်အရေး ရရှိရေးတို့အတွက် မျက်နှာချင်းဆိုင် ဆွေးနွေး စေ့စပ်ရန်ဟူ၍ ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ 'စိန်ခေါ်စာကျ' ချဉ်းကပ်မှုခြင်း၏ အကျိုးသက်ရောက်မှု အဖြစ်ဖြင့် ဖေဖေါ်ဝါရီလ ၆-ရက်နေ့တွင် ဝန်ကြီး ချုပ်ဦးနုက ရေဒီယိုမှ အသံလွှင့်ခဲ့ခြင်း ဖြစ်သည်ဟု အခိုင်အမာ ယူဆနိုင်ပြီ ဖြစ်ကြောင်း"ဟူ၍ ဖေါ်ပြထား၏။

တဖန် ခေါင်းစဉ်အလတ်တွင် "အတိုက်အခိုက်မရပ်စဲလိုသည့် တိုင် အောင် ကွန်မြူနစ်ပါတီအား တရားဝင်ဖြစ်ရေး ဆွေးနွေးရန် သင်သည် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် တွေ့သင့်ပေသည်"ဟူ၍ဖေါ်ပြထား၏။

ခေါင်းစဉ်အကြီးတွင်မူ "ကွန်မြူနစ်များကို ချေမှုန်းရန် အစိုးရက တပ်ရင်း၉-ရင်းကိုသုံးနေရပါသည်ဟုသန်းထွန်းကဆိုလိုက်ခြင်း"ဟူ၍ဖေါ် ပြထား၏။ အထက်ပါခေါင်းစဉ် သုံးဆင့် အောက်တွင်၊ သတင်း များကို အောက်ပါအတိုင်း နေရှင်းသတင်းစာကြီးက ဖေါ်ပြထားသည်ကိုတွေ့ရ၏။

"အထက်ပါအကြံပေးချက်များကို တင်ပြလိုက်သောဦးနုအံ့သို့ပေး စာတွင် ၁၉၅၆-ခု ဇန်နဝါရီလ ၂၀-ရက်ဟု ရက်စွဲတပ်ထားပြီး၊ ဗမာ ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌအဖြစ်သခင်သန်းထွန်းက လက် မှတ်ရေးထိုးထားကြောင်း။ စာမှာ စာမျက်နှာ ၅-မျက်နှာရှိကြောင်း။"

"အသင်ကစေ့စပ်ဆွေးနွေးမည်မဟုတ်ကြောင်းဖြင့်သတင်းစာ ဆရာ တို့အား ပြောကြားခြင်းကိုရင်း လက်နက်ချကြပါဟုသာ အသင်ကပြောဆို ခြင်းကိုရင်း၊အားသွန်တိုက်ရန်ဟူသော သေနင်္ဂဗျူဟာသို့ အသင်ကပြောင်း လိုက်ခြင်းကိုရင်းကျွန်ုပ်တို့သိရှိပါသည်"။

"တချိန်တည်းမှာပင် ဗမာပြည်တွင်ကွန်မြူနစ်ပါတီတရပ်တည်ရှိရေးကို မဆန့်ကျင်ပါဟု အသင်က ပြောဆိုခဲ့၏။ ဤပြောဆိုချက်ကို ကျွန်ုပ်တို့က လက်ကမ်းကြိုဆိုပါသည်"။

"ထို့ကြောင့် အတိုက်အခိုက် ရပ်စဲရေး အချက်အလက် များနှင့် ပတ်သက်၍ ကျွန်ုပ်တို့နှင့် တွေ့ဆုံပြီး ဆွေးနွေးရန် အသင် သဘောတူမည် မဟုတ် သည့် တိုင် အောင် ကွန်မြူနစ် ပါတီအား တရားဝင် ဖြစ်စေရေး အတွက်ရင်း၊ ဖဆပလနှင့်တန်းတူယှဉ်ပြိုင်နိုင်ရေးကိုဖြစ်စေမည့် ဒီမိုကရေစီ အခွင့်အရေးများ ပွါးများကျယ်ပြန့်စေရေးအတွက်ရင်း၊ မျက်နှာချင်းဆိုင် ဆွေးနွေးစေ့စပ်ရန်အဘို့မူကား၊ အသင်၏ပြောဆိုကျေညာချက်ထဲတွင်ပင် အခြေခံတရပ်ပါရှိနေပါသည်ဟူ၍ သခင်သန်းထွန်းက ဆိုထားကြောင်း"။

"ကွန်မြူနစ် များနှင့် ယှဉ်ပြိုင်ရန် ဖဆပလက မကြောက်ပါဟု ဝန်ကြီးချုပ်က ကြားဝါပြောဆိုခဲ့သည်နှင့်အမျှ ကွန်မြူနစ်ပါတီကလည်း ဖဆပလနှင့်ယှဉ်ပြိုင်ရန် မကြောက်ပါဟု သခင်သန်းထွန်းက ဖေါ်ပြလိုက် ကြောင်း"။

"အစိုးရထံသို့၊သို့မဟုတ် ဖဆပလ အဖွဲ့သို့ ကွန်မြူနစ်များအား ထည့်သွင်းရန် ပြဿနာမရှိကြောင်းဖြင့် ဝန်ကြီးချုပ်က ပြောခဲ့ကြောင်း။ သို့သော် ကွန်မြူနစ်ပါတီသည် ဤသို့တခါဘူးမျှအကြံမပေးခဲ့ရကြောင်း။

ကြောင်း သခင်သန်းထွန်းက ပြန်လည်ချေပလိုက်ကြောင်း။ ကွန်မြူနစ်ပါတီက လိုချင်သည့် အချက်မှာ အထွေထွေ ရွေးကောက်ပွဲကြီးတွင် ဖဆပလနှင့် ယှဉ်ပြိုင်နိုင်ရန် ဒီမိုကရေစီအခွင့်အရေးရရှိဘို့ပင်ဖြစ်ကြောင်း”။

“တနေ့ထက်တနေ့ အင်အားတိုးတက်လာသော ဆိုဗီယက်ယူနီယံ ဦးဆောင်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး ဝေါင်ဇန်းတို့ကြောင့် ဖဆပလ အစိုးရသည်။ မူ ၅-ချက်ကိုလက်ခံခဲ့ပြီး ဆိုဗီယက် ယူနီယံ၊ တရုတ်ပြည်သူ့သမတနိုင်ငံတို့နှင့် ဘေးချင်းယှဉ်ကာ အာရှတိုက် ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်လျက် ရှိကြောင်း။ ဤသို့သော အချက်သည် ဖဆပလအား မူရင်းအားဖြင့် ခံယူထားရှိခဲ့သော နိုင်ငံခြားရေးပေါ်လစီမှ စွန့်ခွာစေခဲ့ပေကြောင်း။ ဤသို့သော အချက်သည် ရှေးဦးမဆွကပင် ဗမာပြည် ကွန်မြူနစ် ပါတီက တသမတ်တည်းချမှတ်ခဲ့သော ပေါ်လစီဖြစ်ကြောင်း။ ထို့ကြောင့်ပင် ထိုပေါ်လစီကို ယခုအခါ ထောက်ခံ အတည်ပြုခြင်းဖြစ်ကြောင်း”။

“သို့သော် ပြည်တွင်း ပေါ်လစီတွင် ကွဲလွဲချက်များ ကျယ်ပြန့်စွာပင်ရှိသေးကြောင်း။ ကွန်မြူနစ်ပါတီက နယ်ချဲ့ သမားတို့၏ စီးပွားရေး ခြယ်လှယ်မှုနှင့် ပဒေသာရာဇ်စနစ်ကို ဆန့်ကျင် ကန့်ကွက်ခြင်း စသည်တို့ပင် ဖြစ်ကြောင်း။ တရားသင်း ပြန်ဖြစ်ပြီးအထွေထွေရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ရန် အခွင့်အရေး ရရှိခဲ့ပါမူ ကွန်မြူနစ်ပါတီသည် မိမိ၏ ရွေးကောက်ပွဲ တိုက်ပွဲတွင် ဤအချက်များကို အဓိက ပြဿနာများအဖြစ်သို့ ပြောင်းပစ်မည်ဖြစ်ကြောင်း”။

“ဖဆပလ၏ ရက်စက်သော ဖိနှိပ်မှုကို ခုခံစစ်ဆင်နွှဲတိုက်ခိုက်လျက်ရှိသော ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူတို့၏ဆန္ဒကို ဂရုပြုကြမည့်အစား ဦးနုသည် လေတပ်အင်အား ကြည်းတပ်အင်အားတို့အပြင် တပ်မတော်၏ တပ်ရင်း ၉ ရင်းကို အသုံးပြုကာ အင်တိုက်အားတိုက်စုပြုံတိုက်စစ်ဆင်ခဲ့ကြောင်း။ ဤသို့တိုက်ခိုက်ခြင်းသည် ရန်မီးပွားနဲ့ရသည့် လွန်ခဲ့သော ၈-နှစ်အတွင်းတွင် အကြီးဆုံးသော ထိုးစစ်ပင်ဖြစ်သည်ဟု သခင်သန်းထွန်းက ညွှန်ပြပြောဆိုလိုက်ကြောင်း”။

“၈-နှစ်ကာလသော အတွေ့အကြုံက သူ့အား သင်ခန်းစာ မပေးခဲ့ဘဲ ဦးနုသည် ဆက်၍ လက်နက်ချခိုင်းနေပါလျှင်တရားမည်မဟုတ်။ ၎င်းသည် မလွဲမသေ ရှုံးနိမ့်မည်ဖြစ်သည်ဟု သခင်သန်းထွန်းက ပြောဆိုလိုက်ကြောင်း”။

၁၉၅၆-ခု၊ ဧပြီလ၊ ၂၇-ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကြီးကိုစတင်ကျင်းပခဲ့၏။ အာဏာရဖဆပလအဖွဲ့သည် မဲပေါင်း ၁၈၂၆၀၂၀ ရရှိပြီး အတိုက်အခံတို့က မဲပေါင်း ၁၆၅၃၇၅၉ ရရှိခဲ့၏။ ဖဆပလ သည် ၅၂.၅ ရာခိုင်နှုန်း အတိုက်အခံတို့က ၄၇.၅ ရာခိုင်နှုန်းရခဲ့ပေသည်။ အတိုက်အခံတို့အနက် ပမညတသည် မဲပေါင်း ၁၂၇၃၆၂၂ (၃၆.၅ ရာခိုင်နှုန်း) ရရှိခဲ့၏။ တွေ့ဆုံဆွေးနွေး စေ့စပ်ရေးဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး ရယူလိုသော ဆန္ဒအနေဖြင့် ပြည်သူတို့ အတွင်း၌ မည်မျှ ပျံ့နှံ့လာပြီဆိုသော အချက်ကို အထွေထွေ ရွေးကောက်ပွဲကြီးက ပြသလိုက်ပေသည်။

ငြိမ်းချမ်းရေး ဆန္ဒပြပွဲများသည် မဒုပ်မနားဘဲ ဆက်လက် ပေါ်ထွက်နေခဲ့ပေသည်။

မေလ ၁-ရက်နေ့ ၆၆-ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့တွင် ပြည်သူတို့၏ ဆောချက်ဖြစ်သော ပြည်တွင်းစစ်ရပ်စဲရေးအတွက် တခဲနက် ဆန္ဒပြကြရန် ဘီတီယူစီ .အလုပ်သမားများ အစည်းအရုံးက ပန်ကြားခဲ့၏။

၁၉၅၆-ခု မေလ ၁၂-ရက်နေ့တွင် မြင်းခြံမြို့၌ ပြည်တွင်း ငြိမ်းချမ်းရေးဆန္ဒပြပွဲ ကျင်းပရာ မကြုံဘူးအောင် စည်ကားလှ၏။ လည့်လည် ဆန္ဒပြရာတွင် လူထုကြီးမှာ စိတ်အားထက်သန်လှသည်ဟု သတင်းစာတို့၌ ဖော်ပြကြ၏။

ဇွန်လ ၈-ရက်နေ့က ကျင်းပသော ပဋသ သဘောသား အစည်းအရုံးချုပ် အမှုဆောင် အစည်းအဝေးတွင် ပြည်တွင်း ဆူပူနေ၍ သဘောများ၌ လက်နက်ကိုင် အစောင့်များလိုက်ပါနေရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း ငြိမ်းချမ်းရေး ရရှိအောင် လုပ်ပေးပါဟု ဆုံးဖြတ် တောင်းဆိုကြ၏။

၁၉၅၆-ခု၊ ဇွန်လ၊ ၂၃ - ရက် နေ့ တွင် ရန်ကုန်မြို့ရှိ ဆရာတော် သံဃာတော်များက တက်ရောက်ပါသော ဖဆပလ အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအား မေတ္တာရပ်ခံချက်တရပ် ထုတ်ပြန်တော်မူလိုက်၏။

ထိုမေတ္တာရပ်ခံလွှာတွင် ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ချက်ကိုခံရ၍ မှမဆုံးသေးမီ၊ ပြည်တွင်းစစ် မီးတောက်လာပြန်သဖြင့် ပြည်သူ လူထုမှာ သားကွဲ မယားကွဲ ဆွေသေမျိုးသေ၊ စီးပွါးရေး ကျပ်တည်း၊ ယဉ်ကျေးမှု ပျောက်၊ ဒုက္ခိတဘဝသို့ ရောက်ကြရခြင်း၊ ကျေးရွာတို့တွင် ငွေစည်းလေး ပါးထောက်ပံ့သူတို့ ပြေးရှောင်ကုနသဖြင့် ဆရာတော်များ ကျောင်းများ၌

ကုသိုလ်ကောင်းမှု၊ သာသနာမပြုနိုင်တော့ဘဲ ရှိနေကြောင်း။ကျွန်ုပ်သို့ဖြင့်ဂန္ဓ ကာလအတွင်းသို့ ရောက်ခဲ့သော်သည်း မည်သို့မျှ အကြောင်းထူး မသာ ကြောင်း။ ထို့ကြောင့် ကာယကံ မှင်တို့သည် စေ့စပ်ဆွေးနွေးကြအေးကြ ရန် မေတ္တာရပ်ခံကြောင်း။ ဆရာတော်သံဃာတော်များ၊ ဒါယကာ ဒါယိ ကာမတို့ကလည်း၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသကဲ့သို့ ငြိမ်းချမ်းရေး အတွက် တင်းမာနေသူတို့အားအပူတပြင်းဘိုက်တွန်း လုံ့ဆော်ခြင်းအားဖြင့် ညီညာ ဖျဖျဆောင်ရွက်ကြရန် မေတ္တာရပ်ခံကြောင်းဖြင့် ဖေါ်ပြထားပေသည်။

၁၉၅၆ ခု မေလ ၂၁ရက်နေ့က ဝန်ကြီးချုပ်ဦးနုထံသို့ဆရာကြီးသခင် ကိုယ်တော်မှိုင်းက စာတစောင်ပေးပို့ခဲ့ရာတွင် ကြုံခဲ့ဆုံခဲ့လှသည့် ထူးမြတ် သော သာသနာ့အခါတော်သက္ကရာဇ် ၂၅၀၀ ပြည့်မြောက်ချိန်၏ အထိမ်း အမှတ်အဖြစ်ဖြင့်၊ အကျဉ်းသမားအားလုံးကို လွှတ်မြောက်ချမ်းသာခွင့်ပေး ရန်နှင့် ပြည်တွင်းငြိမ်းချမ်းမှုပြန်လည်ရနိုင်သည့် တခုတည်းသောနည်းလမ်း ဟုဆရာယုံကြည်နေသော၊အစိုးရနှင့် သူပုန်၂ဦး၂ဖက်မျက်နှာစုံညီ တွေ့ဆုံ ဆွေးနွေးဖြေရှင်းသည့်နည်းကို လိုက်နာကျင့်သုံး ဆောင်ရွက်ရန်ကို ထပ် လောင်း၍မေတ္တာရပ်ခံကြောင်းဖြင့် ဖေါ်ပြထား၏။

ဇွန်လ၊ ၁၂ ရက်မှ ၁၄ ရက်နေ့အထိ၊တောင်ကြီးမြို့ကန်ဦးကျောင်း တိုက်ကြီးတွင်၊ သံဃာတော် ၁၅၀ နှင့်သာမဏေ ၄၀ ကျော်တက်ရောက် သော အစည်းအဝေးက၊ ယခုလက်ငင်းအခြေအနေအရအစိုးရနှင့်သူပုန်တို့ အယူဝါဒ မညီမျှမှုအတွက် ပဋိပက္ခဖြစ်နေသမျှကာလပတ်လုံး သာသနာ တော်စည်ပင်ပြန့်ပွါးရေးကိုထိခိုက်နေမည်ဖြစ်၍ အစိုးရနှင့်သူပုန်တို့၏ စေ့ စပ်ညှိနှိုင်းမှုအတွက် စေ့စပ်ညှိနှိုင်းသည်အထိ၊မေတ္တာဘာဝနာများနေ့ရှိ သရွေ့ပို့သပွါးများတော်မူရန် ဟူသော ဆုံးဖြတ်ချက် တရပ်ကို ချမှတ် တော်မူခဲ့၏။

၁၉၅၆ ခု ဇူလိုင်လ ၃ ရက်နေ့တွင် သတင်းစာဆရာများနှင့် တွေ့ ဆုံရာ၌ ဝန်ကြီးချုပ်သစ် ဦးဗဆွေက တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့်လုံးဝ ငြိမ်းချမ်းရေးကို၊ ၂ နှစ်တာ အချိန်ကာလအတွင်း အပြီးသတ် ဆောင်ရွက် ပါမည်။သောင်းကျန်းမှု အစိုင်အခဲကို ပထမနှစ်တွင်ရှင်းလင်း၍၊ လုံးဝငြိမ်း ချမ်းရေးကို ဒုတိယနှစ်တွင်ဆက်လက်ဆောင်ရွက်သွားမည်ဟုမိန့်ကြားခဲ့၏။

မင်္ဂလာဒုံ တပ်မြေကပ်ရင်းမှူးများညီလာခံတွင်၊ ၂၄၊၉၊ ၅၆ နေ့၌ ဝန်ကြီးချုပ် ဦးဗဆွေက မိမိကိုကစိုးရသည်တောခိုသူများနှင့်စေ့စပ်ဆွေး နွေးမည်မဟုတ်၊ပြတ်ပြတ်သားသားချေမှုန်းမည်ဟုမိန့်ကြားခဲ့၏။

၁၉၅၆-ခု၊ စက်တင်ဘာလ ၂၅ရက်နေ့တွင် ကျင်းပသော ပါလီ မန်လွှတ်တော်အစည်းအဝေး၌နိုင်ငံတော်သမ္မတကြီးအားကျေးဇူး ဥပကာ ယ အထူးတင်ရှိကြောင်းအဆိုကို ပြင်ဆင်ဖြည့်စွက်ရင်း၊ ပမညတသဘာပတိ အဖွဲ့ဝင်၊ သခင်ချစ်မောင်(သာယာဝတီ)နှင့် ပြည်တော်သစ်ဂျာနယ်အယ်ဒီ တာ-ဦးလှသောင်း(ဖျာပုံ)တို့က ပြည်တွင်းစစ်ရပ်စဲရေး၊ တွေ့ဆုံ ဆွေးနွေး ရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြလေသည်။

စက်တင်ဘာလ-၃၀ ရက်နေ့တွင်ကျင်းပသောစာရေးဆရာအသင်း ညီလာခံကားယာမည့်စာဆိုတော်နေ့တွင်၊ တနိုင်ငံလုံးရှိစာရေး ဆရာများက ငြိမ်းချမ်းရေးဆန္ဒပြအနေဖြင့် ငြိမ်းချမ်းရေးစာပေများအလေးအနက်ပြု၍ ရေးရန် ဆုံးဖြတ်၏။

၁၉၅၆ ခု အောက်တိုဘာလ ၅ ရက်နေ့တွင် ဆရာကြီးသခင်ကိုယ် တော်မှိုင်းက အစိုးရနှင့် သူပုန်ဆွေးနွေးစေ့စပ်ကြရန်၊ ပြည်ထောင်စု တဝှမ်းလုံးရှိ ဆရာတော်သံဃာတော်အရှင်မြတ်တို့အနေဖြင့်၊ ဝိုင်းဝန်းကြိုး ပမ်းတော်မူကြပါရန်၊ပန်ကြားလျှောက်ထားခဲ့၏။

ထို့နောက် အောက်တိုဘာလ၊ ၁၁-ရက်နေ့မှာပင် ဆရာကြီး သခင် ကိုယ်တော်မှိုင်းသည် သတင်းစာဆရာများနှင့် တွေ့ဆုံကာ၊ မိမိ၏ ဆန္ဒကို တင်ပြခဲ့ပေသည်။

၁၉၅၆-သခင်သန်းထွန်းထံမှ ငြိမ်းချမ်းရေးကမ်းလှမ်းချက်

သခင်ကိုယ်တော်မှိုင်းကမိမိသည်ပြည်တွင်း၌အချင်းချင်းဆက်လက် မသတ်ကြရေး လူတွေဆက်လက်မသေမပျောက်ရေး၊ဒုက္ခဆက်မရောက်ရေး အတွက် ဆောင်ရွက်နေခြင်းဖြစ်၍၊တိုင်းပြည်ကိုလည်း အသိပေးကာ အက အညီတောင်းလိုကြောင်းဖြင့် အစခါကာ၊မိမိ၏ ဆောင်ရွက်ချက် အချို့ကို တင်ပြပြီးနောက်၊ဆက်လက်၍ရှင်းလင်းမိန့်ကြားလေသည်။

"၁၆၊၇၊၅၆ နေ့က သခင်သန်းထွန်းဆီက လူတယောက် ဆရာ့ထံ ကိုလွှတ်လိုက်တယ်။ ဆရာ့ထံ မေတ္တာ ရပ်ခံစာတစောင်နဲ့ ဝန်ကြီးချုပ် မောင်ဗဆွေထံဆရာမှတဆင့်ပေးဘို့စာတစောင်လဲပါလာတယ်။ ၁၈၊၇၊၅၆ နေ့ကျတော့ ဝန်ကြီးချုပ် နေအိမ်ကိုလဲ လူတယောက်လွှတ်ပြီး အပ်ခိုင်း လိုက်တယ်။ အိမ်ဝကအစောင့်တယောက်က လက်မှတ်ထိုးပြီး ယူလိုက်တယ်။ စာလက်ခံရရှိတဲ့ပြေစာကိုလဲ ဆရာရရှိတယ်။

"ဒါပေမဲ့ ၄၊၉၊၅၆ နေ့ ဝန်ကြီးချုပ်နဲ့ သတင်းစာဆရာများ အစည်းအဝေးမှာ၊ ဆရာပေးပို့တဲ့ သခင်သန်းထွန်းထံက စာမရဘူးလို့ ကြားရတယ်။ ဒီတော့ငြိမ်းချမ်းရေးအတွက်စေ့စပ်ဆွေးနွေးချင်ပါတယ် ဆိုတဲ့ သခင်သန်းထွန်းဆီကစာကို မပို့ဘူးလိုလို၊စာလက်ခံရရှိတဲ့လူကဖျောက်ထားသလိုလို မောင်ဗဆွေမေ့နေသလိုလို တိုင်းပြည်က ထင်နေကြတယ်။ ဒါကြောင့် ၈၊၉၊၅၆ နေ့က ဆရာထံမှာကျန်နေတဲ့သခင်သန်းထွန်းရဲ့လက်ခံစာမူကို၊ စာတိုက်က ရေစစ္စရီမှတ်ပုံတင်ပြီး ပို့လိုက်ရတယ်။ သန်းထွန်း က ဆရာ့ထံပေးတဲ့စာကိုလဲသတင်းစာဆရာတွေဖတ်လို့ကဖတ်နိုင်ပါတယ်။

"ဆရာကတော့ ၁၉၄၈-ခုနှစ် အချင်းချင်းသတ်ပွဲဖြစ်က တည်းက၊ ဘယ်သူ့ ဘယ်သူသတ်တာ သေတာမှမကြားချင် မမြင်ချင်ဘူး။ ဒါတွေစိတ်မချမ်းသာခဲ့လို့လဲ တလျှောက်လုံးယနေ့အထိ အေးချမ်းဘို့ပြောနေတာဘဲ၊ အချင်းချင်းညီတာမညီတာအပထားပြီး မသတ်ကြ မသေကြရင်တော်ပါပြီ။ အချင်းချင်းသတ်ပွဲကြောင့် လူတွေလဲ သောက်သောက်လဲသေကုန်ပြီ။ ဒီသတ်ပွဲမရပ်ရင်ရှေ့လဲသေကြဦးမယ်။ ကုန်ဈေးတွေလဲမကြုံဘူးအောင်တက်ပြီး၊လူတွေလဲ ကျီးလန့်စာစားဖြစ်ကုန်ပြီ။အပြုတ်တိုက်တယ်ဆိုတာပါးစပ်ပြောလွယ်သလောက်၊အခု ၉ နှစ်တောင်ရှိပြီ၊လူတွေလဲ သေလှပြီ၊ငွေတွေလဲကုန်လှပြီ၊ တိုင်းပြည်နစ်နာလှတာက အရေးကြီးတယ်။"

"ဘယ်သူက ဆိုးတယ် ဘယ်သူကကောင်းတယ်၊ဘယ်သူက ဘာဖြစ်တယ်ဆိုပြီးတဖက်ကပ်နေလို့ ဒီလူသတ်ပွဲကြီးတရက်တာရှည်ရင်တရက်တာ ဒုက္ခဟာ တိုင်းပြည်ကခံရမှာမနည်းဘူး။

"ဒါကြောင့်ဘယ်သူကမှ မနစ်နာတဲ့အပြင်၊ တိုင်းပြည်ကခံသာစေမဲ့၊ဘယ်သူမှမရှုံး၊ဘယ်သူမှမနိုင်တဲ့၊သရေပွဲအဖြစ်နဲ့ အားလုံး သင်ပုန်းချေပြီး ရပ်လိုက်ကြစေချင်တယ်။ ဒါဟာဆရာ့မှာအမြဲရှိတဲ့ဆန္ဒဘဲ။"

"ဆရာ့အနေနဲ့ကတော့ အားလုံးတပည့်တွေချည်းဆိုတော့၊ ဘယ်သူရှုံး ဘယ်သူနိုင်တာမှ ဝမ်းမသာနိုင်ဘူး။အားလုံးအေးချမ်းပြီး တိုင်းသူပြည်သားများသက်သာချောင်ချိရင်၊သိသိညွတ်ညွတ်ရှိကြရင် ဝမ်းသာတာပါဘဲ။ ဒါကြောင့် ဘယ်သူက ဘယ်သူ့ကို အရှုံးပေးပါလို့လဲ မပြောချင်ဘူး။ဘယ်သူ့ဝါဒကောင်းတယ်၊ မကောင်းဘူးလို့လဲ မပြောချင်ပါဘူး။ ကောင်းတာမကောင်းတာကို လူထုက လွတ်လပ်စွာ ရွေးကြပါစေ။ လူထုကြိုက်လို့မကောင်းတာရွေးမိရင်လဲတိုင်းပြည်ရဲ့ကံကြမ္မာပေါ့။ တိုင်း ပြည်ကြိုက်ရာ ရွေးဆုံးဖြတ်နိုင်ဘို့အရေးကြီးတယ်။ ဒါဟာ-သူမသာ ငါမနာ-မျှတတဲ့သဘောဘဲ။"

"ယခုကြားနေရတာတွေကတော့-အေးအေး ချမ်းချမ်းပြီး ငြိမ်းဘို့ မျက်နှာချင်းဆိုင်တွေ့ချင်ပါတယ်လို့-သန်းထွန်းက ပြောနေတယ်။ အစိုးရကလဲ သူပုန်ဆိုမတွေ့ချင်ဘူး လက်နက်ချမှလို့ ပြောနေတယ်။ သတင်းစာတွေအရဆိုရင် စစ်တပ်ရဲ့၊အခွန်ဘဏ္ဍာတွေပိုပြီးသုံးစွဲတိုက်ခိုက်ဖို့ကောင်လုပ်နေကယ်လို့ သိရတယ်။ ဒီလိုဆိုရင် သတ်ပွဲ သေပွဲတွေ ထပ်ပြီး ကြားရအုံးမဲ့သဘောဘဲ။ ဆရာ့သိပ်စိတ်မချမ်းသာပါဘူး။"

"ဒါကြောင့်တိုင်းပြည်ရဲ့ဒုက္ခကို ထောက်ထားပြီး၊မသေဘဲ၊မသတ်ဘဲ အေးချမ်းသွားနိုင်မဲ့နည်းလမ်းနဲ့ ဆောင်ရွက်ကြပါလို့ သတင်းစာဆရာတွေက ၂ ဦး ၂ ဖက်ကိုရော၊ တိုင်းပြည်ကိုရော၊ မေတ္တာရပ်ခံပေးစေချင်တာဘဲ"

"ဒါကြောင့် နောက်ထပ် လူမသတ်ရဘဲ၊ မတိုက်ခိုက်ရဘဲနဲ့ ငြိမ်းစိုး အေးချမ်းသွားမဲ့နည်းလမ်းကိုရှာပြီးဆောင်ရွက်ပါဆိုတာ အစိုးရကို သတင်းစာဆရာတွေကတဆင့် မေတ္တာရပ်ခံရတာဘဲ"

"ဒီလူသတ်ပွဲကြောင့် တတိုင်းပြည်လုံး ဒုက္ခရောက်နေတာ၊ ဒုက္ခရောက်အုံးမဲ့ဟာကို မလုံလားမရှုစိမ့်သူတွေ အများကြီး ရှိပါ လိမ့်မယ်။ ရှင်ရော လူပါဘဲပေါ့။ တလောကလဲ ဗိုလ်လကျာတို့ ကြိုးစား လိုက်ကြတယ်လို့ ဆရာသိရတယ်။ တိုင်းပြည်ရဲ့ဒုက္ခကို မရှုရက်သူတွေ ရှင်ရောလူပါထပြီး ဆော်ဩကြပါ။ နောက်ထပ်လူမသေ ငွေမကုန် ၂-ဦး ၂-ဖက် လက်ခံနိုင်မဲ့နည်းလမ်းကို ရှာကြပြီး ကြိုးစားကြပါလို့ ဆရာမေတ္တာ ရပ်ခံချင်ပါတယ်။ ဆရာကတော့ အိုကြီး အိုမအိုမ ဖြောင့် အသေဖြောင့်ဖြစ်ချင်တယ်။ အေးချမ်းအောင်တော့ ဆရာစွမ်းအားရှိသမျှ ဆောင်ရွက် သွားမှာပါဘဲ"ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မိမိ၏ဆန္ဒကိုရှင်းလင်းတင်ပြခဲ့ပေသည်။

ငြိမ်းချမ်းရေး ဆန္ဒပြပွဲများ အရပ်ရပ်တွင် ကျင်းပခြင်း

၁၉၅၆-ခုနှစ် အောက်တိုဘာ ၂၈-ရက်နေ့တွင် ဗမာပြည်တဝှမ်းလုံး၌ပြည်တွင်းငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲများကို တပြိုင်နက်တည်းကျင်းပခဲ့၏။ ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနားစသောမြို့များတွင် လူထု တသောင်းကျော်စီ တက်ရောက်ခဲ့ကြ၏။ ချောင်းဦး ငြိမ်းချမ်းရေး ဆန္ဒပြပွဲတွင်ကား ပြည်တွင်း ငြိမ်းချမ်းရေး မလိုလားသူတို့က စတင်းဂန်းနှင့် ပစ်ခတ်သော ကြောင့် ငြိမ်းချမ်းရေးဆန္ဒပြသူ ၄-ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရခဲ့ကြရပေသည်။

၁၉၆၆-ခုနိုဝင်ဘာလ ၁၂-ရက်နေ့တွင်ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မိမိ၏ လက်ရေးစာဖြင့် တနိုင်ငံလုံးရှိ ဆရာတော်ကြီးများထံ ငြိမ်းချမ်းရေး ပန်ကြားလျှောက်ကို ဆက်ကပ်ခြင်းပြုခဲ့လေသည်။

၁၉၅၆-ခုဒီဇင်ဘာလ၊ ၂၉-ရက်နေ့တွင် ဦးနုဝန်ကြီးချုပ်ရာသား ပြန်လာတော့မည်ဟု ဖဆပအဖွဲ့ချုပ်က ကျေညာလိုက်လေရာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလားအလာ ကောင်းလာလိမ့်မည်ဟုထင်ကြေးပေးသူက ပေးခဲ့ကြ၏။

၁၉၅၆-ခုဒီဇင်ဘာလ၊ ၃၀-ရက်နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေး ကော်မီတီသည် ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များအဖွဲ့ကြီးသို့ ပန်ကြားလျှောက်ထားခဲ့ပေသည်။

"ဆရာတော်အရှင်မြတ်တို့အား ဦးထိပ်ထားလျက် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ ကာရုဏီကန္ဒယ်ဝင် သံဃာတော် အရှင်မြတ်တို့ဘုရား"

"ပြည်သူလူထုတရပ်လုံးသည် ဒုတိယကမ္ဘာစစ်၏ ဒဏ်ချက်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါသည်။ သားကွဲ လင်ကွဲ ဆွေကွဲ မျိုးကွဲ ဖြစ်ခဲ့ရပါသည်။ များစွာသော သံဃာတော်အရှင်မြတ်မှာ ကျောင်းမဲ့ ကန်မဲ့ အခြေပျက် အနေပျက်ဖြစ်ခဲ့ရပါသည်။ ပြည်သူတို့၏ ဆုံးရှုံးမှုပစ္စည်း တန်ဘိုး ကုဋေ ၁၀၀၀-ကျော် တန်ဘိုးရှိခဲ့ပါသည်ဘုရား။"

"ဒုတိယကမ္ဘာစစ် ပြီးဆုံး၍ မကြာမီမှာပင်၊ ပြည်တွင်းစစ်ဒဏ်ကို ဆက်လက်ခံစားရပြန်ပါသည်။ ၉-နှစ်တိုင်တိုင် ကြာရှည်သော ပြည်တွင်းစစ်ဒဏ်ကြောင့်၊ ပြည်သူလူထုအသက်ပေါင်း စာရင်းအရ ၃ သောင်းခန့် ဆုံးရှုံးရပြန်ပါပြီ။ ၃-သန်းကျော်သော ပြည်သူလူထုမှာ အိုးမဲ့အိမ်မဲ့ အခြေပျက်ဖြစ်ခဲ့ရပါပြီ။ ပြည်သူ့ပစ္စည်းလည်း ကုဋေ ၅၀၀-ကျော်ဘိုး ပျက်စီးခဲ့ရပြန်ပါပြီ။ ပြည်တွင်းစစ်ကြာရှည်သည်နှင့်အမျှ သေအပျောက်အပျက် အစီးတိုးတက်နေမည်သာဖြစ်ပါသည်ဘုရား"

"လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူ ဦးရေလည်း တနေ့တခြား ယုတ်လျော့လျက်ရှိပါပြီ။ ထို့အတူ သစ်လုပ်ငန်း သတ္တုလုပ်ငန်းတို့မှာလည်း အသွေးသဖြင့်ယုတ်လျော့လျက်ရှိပါပြီ။ဤပင်လျှင်ပြည်တွင်းထွက်ကုန်ပစ္စည်း ယုတ်လျော့လျက် ပြည်တွင်းဝင်ငွေလျော့နည်းနေပါပြီဘုရား။ပြည်သူလူထု တရပ်လုံးတွင်လည်း တနေ့တခြား အလုပ်လက်မဲ့ဘဝသို့ဦးရေတိုးလျက်ရှိပါပြီဘုရား"

"တပည့်တော်များ လျှောက်ထားချက် အရပ်ရပ်မှ ပေါ်ပေါက်ချက်၏ အကြောင်း ရင်းမှာ - ပြည်တွင်း စစ်သာလျှင် အရင်းခံ ဖြစ်ပါသည်ဘုရား။ ပြည်တွင်းစစ်ကိုရပ်နိုင်သည်နှင့်အမျှ လူမျိုးဘာသာ သာသနာ သာယာမှု၏ ရောင်ခြည်ပေါ်ထွက်လာမည်မှာ ယုံမှားဘွယ်ရာမရှိပါဘုရား"

"တပည့်တော်များ၏ အဓိကလိုလားချက်မှာ လူဦးရေ ၁၉-သန်းရှိသော ရဟန်းရှင်လူ ပြည်သူလူထု အပေါင်းတို့ ချမ်းသာမှု တည်းဟူသော ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်မှုသာ ဖြစ်ပါကြောင်း အဓိဋ္ဌာန် ပြုပါကြောင်းဘုရား"။

ထိုလျှောက်ထားချက်၏ အောက်တွင် ကော်မီတီဝင် ၈-ဦး ဖြစ်သော သခင်ကိုယ်တော်မှိုင်း၊ ပါမောက္ခဦးအောင်လှ၊ အငြိမ်းစားအတွင်းဝန်ဦးစိန်ညို၊ ထွန်း၊ အငြိမ်းစားသစ်တောအရေးပိုင် ဦးဗသော်၊ လွှတ်တော်ရှေ့နေကြီး သခင်ချစ်၊ ကုန်သည်ကြီး ဦးဗဖြူ၊ ကျောင်းဆရာကြီး ဦးရွှေဖြူ၊ သတင်းစာဆရာကြီး တိုးတက်ရေး ဦးစိန်တို့က လက်မှတ် ရေးထိုး ထားပေသည်။

ထိုနောက်ပိုင်းဝယ် ၁၉၅၇-ခု ဇန်နဝါရီလ ၃-ရက်(၁၃၁၈-ခုပြာသိုလဆန်း ၃-ရက်) နေ့ထုတ် ထွန်းနေ့စဉ် သတင်းစာတွင် "ပြည်တွင်းငြိမ်းချမ်းရေးလမ်းစပေါ်ပြန်ပြီ"ဟူသော ခေါင်းစဉ်ဖြင့် မျက်နှာဖုံးသတင်းအဖြစ် အောက်ပါအတိုင်းဖေါ်ပြခဲ့ပေသည်။

"၁၉၅၆-ခုနိုဝင်ဘာလ ၁၀-ရက်နေ့စွဲဖြင့်တောတွင်းကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်သန်းထွန်းထံမှ သခင်ကိုယ်တော်မှိုင်းထံသို့ရင်း၊ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးနုထံသို့ရင်း၊ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သခင်ကျော်ထွန်း ထံသို့ရင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းချက် တစောင်ကို ပေးပို့လိုက်လေသည်။ ထိုကမ်းလှမ်းချက်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလက်သို့ ဒီဇင်ဘာလ ၂၆-ရက်နေ့တွင် ရောက်လာရာ ဦးနုနှင့် သခင်ကျော်ထွန်းတို့ထံသို့ ဆရာကြီးက သခင်ကိုယ်တော်မှိုင်းက အဆိုပါနေ့မှာပင် တဆက်တည်းပေးပို့လိုက်သည်ဟု သိရကြောင်း။

"ထိုသို့ သခင်သန်းထွန်းထံမှ ကမ်းလှမ်းချက်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းကပေးပို့လိုက်ရာ ဒီဇင်ဘာ ၂၈-ရက်နေ့စွဲဖြင့်ဖဆပလ အထွေထွေ အတွင်းရေးမှူးသခင်ကျော်ထွန်းထံ ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံသို့ စာကိုလက်ခံရရှိကြောင်း မိမိတို့အမှုဆောင် အစည်းအဝေးတွင် တင်ပြ ဆွေးနွေးမည်ဖြစ်ကြောင်းဖြင့်ပြန်ကြားစာပေးပို့ခဲ့သည်ဆို၏။

ဤအချိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းကပင် ငါတပည့်များ လမ်းမှားသွားကြပြီ ယခင်ကစာပြန်ဘ်မပြောနဲ့ ဤကွေ့ဘိုပြောတာတောင် မငြ ကြားခဲ့ဘူး။ အခုစာပြန်ကြားဖေါ်ရလာပြီ’ဟု ဝမ်းသာအယ်လဲထုတ်ဖေါ် ပြောဆိုခဲ့သည်။ ထိုအတွင်း အဆိုပါ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်နှင့် ပတ်သက်၍ ငြိမ်းချမ်းရေး လိုလားသော ပြည်သူလူထု တရပ်လုံးသည် စောင့်စား မျှော်လင့်နေခဲ့ကြစဉ်၊ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး တရပ်ကို ဒီဇင်ဘာလ ၂၉-ရက်နေ့က ကျင်းပခဲ့သော်လည်း ဤအချက်နှင့် ပတ်သက်၍လေသံတစုံတရာထွက်ပေါ်လာခြင်းခြင်းမရှိခဲ့ပေ။

သို့သော် မမျှော်လင့်ဘဲ ၁၉၅၇-ခုဇန်နဝါရီလ ၂-ရက်နေ့ကမူ ဒုတိယဝန်ကြီးချုပ်သခင်တင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး သခင်စိမ်မြင့် ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်တဦးဖြစ်သော ဟသ်ာတ ဦးမြတို့သည်၊ ကိုယ်ရံတော် တပ်သားများ၊ ခြံရံလျက် စမ်းချောင်းရပ်၊ ချမ်းသာလမ်းရှိ ဆရာကြီးသခင် ကိုယ်တော်မှိုင်း၏ အိမ်သို့ရောက်ရှိ၍လာကြ၏။ ရပ်ကွက်ရှိ လူထုအပေါင်းတို့မှာ သို့လောသို့လောနှင့်မလှမ်းမကမ်းမှဝိုင်းဝန်းရှုကြည့်၍ နေကြသည်ကိုလည်းတွေ့ရ၏။

“ပဏာမ အလ္လာပ သလ္လာပစကားများပြောဆိုပြီး၊ဖဆပလဝန်ကြီး များကမိမိတို့သည်ဆရာကြီး၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို အထူးလေးစား ကြောင်း။ပြည်တွင်း မငြိမ်းချမ်းမှုကိုလည်း စိတ်မချမ်းမြေ့ကြောင်း။ ပြည် တွင်းငြိမ်းချမ်းရေးကို အလိုရှိကြောင်းများ-အကျယ်တဝင့် တင်ပြသွားပြီး၊ မိမိတို့ကငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် တဖက်အင်အားစုများကအနှောက် အယှက်ပြုလျက်ရှိကြောင်း၊ ၎င်းတို့က ပြည်သူတို့ထံ၎င်း၊ ဆရာကြီးထံ၎င်း၊ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး သဘောထားများကို၊ အမြဲ အနေဖြင့် တင်ပြနေကြကြောင်း။ သို့သော် အစိုးရအနေဖြင့် ဘမ်းဆီးရမိ သောစာရွက်စာတမ်းများအရ၎င်း၊ ထောက်လှမ်းချက်များအရ၎င်း၊ သိရှိ နားလည်နေသည်မှာ ဤပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး ဆိုသည်မှာ၊၎င်းတို့၏ ဖဆပလအစိုးရအပြုတ်တိုက်ရေးတွင် စစ်မြေပြင်တရပ် ဖြစ်ကြောင်း၊ ၎င်းတို့၏ လိမ်လည်ချက်များသာ ဖြစ်ကြောင်းနှင့် အကျယ် တဝင့်တင်ပြကြသည်ဆိုကြောင်း။

“ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း၊ငြိမ်းချမ်းရေးကိုမသေခင် တွေ့မြင်သွားလိုကြောင်း။ပြည်တွင်းစစ်ရပ်စဲရေးမှာ စေ့စပ် ဆွေးနွေး သည့် နည်းဖြင့်သာလျှင် ရနိုင်မည်ဖြစ်ကြောင်း၊ အချင်းချင်းကွဲလွဲမှုများကို လက် နက်နည်းဖြင့်မဖြေရှင်းကြဘဲ၊ လူထုနည်းဖြင့် ဖြေရှင်းခြင်းသာလျှင် မှန်ကန်

ကြောင်း။ ထို့ကြောင့် အစိုးရအနေဖြင့် တောတွင်းနိုင်ငံရေး ပါတီများ၏ ကမ်းလှမ်းချက်အရ လက်ခံဆွေးနွေး သင့်ကြောင်းများကို မိန့်ကြားဆိုက် သည်ဆိုကြောင်း။

“ထိုသို့အပြန်အလှန်ဆွေးနွေးရာတွင် ဖဆပလဌာနချုပ်အလုပ်အမှု ဆောင်တဦးဖြစ်သော ဟသ်ာတဦးမြက ဆရာကြီး၏ ဆန္ဒကိုမိမိတို့ လေးစား ထောက်ခံကြောင်း။ မည်သည့်နည်းနှင့်မျှမပစ်ပယ်လိုကြောင်း။ အကယ်၍ ဆရာကြီး၏တဖက်သောတပည့်များအနေဖြင့်၊စေတနာရိုးသားစွာပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဆရာကြီးကတာဝန်ယူခေါ်ဆိုလျှင်၊ဤမှာ ဘက်တွင် ရှိသောတပည့်များအနေဖြင့်လည်း၊ဆရာကြီး၏တပည့်များသာဖြစ်၍၊ ငြင်း ပယ်ရန် အကြောင်းမရှိကြောင်း။ ဆရာကြီး ရှေ့မှောက်တွင် တွေ့ဆုံ ရန် အကြောင်းရှိကြောင်း”များဖြင့် အကျယ်တဝင့် ပြန်လည် တင်ပြသွားသည် ဆိုကြောင်း။

“ဆွေးနွေးပွဲတရပ်လုံးကို ခြုံလိုက်သော်တောတွင်းနိုင်ငံရေး ပါတီ များ၏ ကမ်းလှမ်းချက်သည်နည်းပရိယာယ်မျှသာဖြစ်၍၊ အစိုးရ အနေဖြင့် မယုံကြည်နိုင်ဟုဆိုပြီး၊ဟသ်ာတဦးမြ၏ တင်ပြချက်အရမူ၊ တောတွင်းနိုင်ငံ ရေးပါတီများက အကယ်၍ ရိုးသားပွင့်လင်းစွာဆွေးနွေးပါမည်ဟု အာမ ခံလျှင်ဆွေးနွေးလိုကြောင်းဖြင့် ဆန္ဒပိုင်းပါဝင်သည်ဆိုကြောင်း။ မည်သို့ပင် ဖြစ်စေ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကမူ၊ အစိုးရအနေဖြင့်ဤသို့သဘော ထားခြင်းမှာလည်း မှန်ကန်လှပေသည်။ အကယ်၍တောတွင်းနိုင်ငံရေးပါတီ များအနေဖြင့်ရိုးသားသန့်ရှင်းစွာပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က၊တင်ပြချက် အတိုင်း လုပ်ဆောင်မည်ဆိုလျှင် အစိုးရပိုင်းကလည်း ရိုးသားသန့်ရှင်းစွာပင် လုပ်ဆောင်နိုင်လိမ့်မည်ဟု ယူဆမိသည်ဆိုကြောင်း။”

“ဒု-ဝန်ကြီးချုပ် သခင်တင်က လွတ်ငြိမ်းချမ်းသာခွင့် အပိုင်းများ၊ လူသတ်မှုမှဒိမ်းမှု၊ ဓါးပြတိုက်မှုမှအပ၊ ကင်းပွတ်ခွင့်များကို ပေါ်ပြုပြီး၊ လျှော့ရေးနှင့်အပြစ်ပေးရန်အစိုးရစီစဉ်ချက်များကိုတင်ပြသည်တွင်၊ ဆရာ ကြီးကရယ်မောအပြစ်၊ “ဟာ-တပည့်ရ၊ သူပုန်ထတယ်၊သူပုန်ထတယ် ဆိုတာ တောထွက်ပြီး ဥပုသ်စောင့်တာမှမဟုတ်ဘဲ၊အပြစ်ဆိုတာတော့ ရှိမှာပေါ့” ဟုမိန့်ကြားလိုက်သေးသည်ဆိုကြောင်း။

“ဆရာကြီးနှင့်ဝန်ကြီးများဆွေးနွေးပွဲမှာအချိန်တနာရီကျော်ကျော် မျှကြာမြင့်ပြီး၊ရှေ့ကကဲ့သို့ဆရာနှင့် တပည့်များ ရင်းနှီးစွာဆက်ဆံသည်ကို တွေ့ရသည်ဆိုကြောင်း။ ပြန်ခါနီးတွင် ဟသ်ာတဦးမြက “ကျွန်တော်တော့ မသိဘူး၊ ဆရာကြီးယုံရင်ခေါ်ပါ”ဟုသောစကားဖြင့် နိဂုံးချုပ်ပြီး၊ဒု-ဝန်

ကြီးချုပ်သခင်တင်က ဆရာကြီးဖတ်ရှုရန်ဆိုကာ၊ဖဆပလ ဥက္ကဋ္ဌ ဦးနုရေးသော "ကွက်စိပ်ဆရာကြီးသခင်သန်းထွန်း"ဟူသောစာအုပ်နှင့် ပြန်ကြားရေးဝန်ကြီးသခင်ချစ်မောင်ရေးသော ပြည်တွင်းစစ်ရပ်စဲရေး အတွင်းရေး ဟူသောစာအုပ် ၂ အုပ်ကိုလက်ဆောင်အဖြစ်ပေးအပ်သွားကြောင်း။ဆရာကြီးကလည်း "အေး-မင်းတို့ဥက္ကဋ္ဌ မောင်နုဆိုတဲ့အကောင်ကိုပြောပါကွာ၊ ဆရာ-မောင်နုကို ဘယ်တုန်းကမှ သာခုမခေါ်ခဲ့ဘူး၊အဲ-မနေ့ကနှစ်သစ်ကူး သဝဏ်လွှာကိုတွေ့ရတော့သာခုခေါ်မိပါတယ်ကွာ"စသည်ဖြင့် မိန့်ကြားကာဆွေးနွေးပွဲပြီးဆုံး၍လူစုခွဲလိုက်ကြတော့သည်ဆို၏"ဟုရေးသား ဖော်ပြထားလေသည်။

"ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနုက ၁၉၅၇ ခုနှစ်သစ်ကူး သဝဏ်လွှာတစောင်ကို ဇန္နဝါရီလ ၁-ရက်နှစ်သစ်ကူးနေ့တွင် ထုတ်ပြန်ခဲ့ရာ၊ဗမာပြည်အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်(ဘီ၊တီ၊ယူ၊စီ)က ၎င်းသဝဏ်လွှာကို ကြိုဆိုထောက်ခံကြောင်း ကျေညာစာတမ်းတစောင်ကို၊ ဦးနုထံသို့ ဇန်နဝါရီလ ၇ရက်နေ့တွင်ပေးပို့လိုက်ပေသည်။

ထိုကျေညာ စာတမ်းတွင် ဖော်ပြထားရာ၌၊ "ကုန်လွန်ခဲ့သော နှစ်တွင် မြော်လင့်ခြင်းနှင့် မြော်လင့်ထားသလိုမဖြစ်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ရန်ခိုက်ဒေါသ၊မေတ္တာတရားနှင့် မသင်္ကာမှုများကိုသာ တွေ့ရှိ ရသည်" ဟူသော ဦးနု၏ သဝဏ်လွှာပါ အချက်များ ကို ဖော်ပြထား၏။ ထို့နောက် တဖန် "နှစ်သစ်၌ ကျွန်ုပ်တို့ အဘို့ အဓိက တာဝန် ကား မေတ္တာ တရားပွါးများခြင်း၊ မသင်္ကာမှု တို့ကို ပယ်ဖျောက် စေခြင်း၊ စစ်ဖက်ကို မစဉ်းစားဘဲ ငြိမ်းချမ်းရေးဘက်ကို စဉ်းစားခြင်း၊ ပဉ္စမ ပက္ခများ ထပ်မံမပေါ်ပေါက်အောင် တားဆီးဘို့ပင်ဖြစ်သည်"ဟူသောဦးနု၏ သဝဏ်လွှာပါစကားတို့သည် မြန်မာတမျိုးသားလုံး၏ဆန္ဒနှင့်ကိုက်ညီသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးပြဿနာအားလုံးအတွက် မှန်ကန်သော သဘောထားပင်ဖြစ်ပါသည်ဟူ၍ ဘီတီယူစီ၏ကျေညာချက်၌ဖော်ပြထားပေသည်။

၁၉၅၇-ခုနှစ်ဇန်နဝါရီလ၊၈-ရက်နေ့ထုတ်ထွန်းနေ့စဉ်သတင်းစာတွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တော်လှန်ရေးအင်အားစုများကို ဝဲကြီးဂိုဏ်းလုံးရှိဆရာတော် သံဃာတော်များက ဝါဒရှင် နှစ်ဦးနှစ်ဖက်တို့သည် တရားမျှတနည်းလမ်းကျကျဖြင့်မျက်နှာချင်းဆိုင်ထိုင်ကြပြီးလျှင် ပြည်တွင်းစစ်ရပ်စဲ၍ ငြိမ်းချမ်းရေးမင်္ဂလာပွဲကို ဆင်နွှဲကြပါဟုမေတ္တာရပ်ခံလိုက်ပါသည်"ဟူသော သတင်းတရပ်ကိုဖော်ပြခဲ့၏။

၁၅-၁-၅၇-နေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဘုရားကြီးကျောင်းတိုက်(ရန်ကုန်မြို့)တွင် ကျင်းပသော ကျောင်းထိုင် ဆရာတော်များအဖွဲ့နှစ်ပတ်လည် အစည်းအဝေးတွင် လျှောက်ထားလွှာ တစောင်ကို တင်ပြခဲ့၏။

ထိုလျှောက်ထားလွှာတွင် ပြည်တွင်းစစ် ၉-နှစ်အတွင်း ပြည်သူတို့၏ အသက်ပေါင်း ၂၂၀၇၇-ယောက်ပြည်သူ့ဝန်ထမ်းအသက်ပေါင်း ၅၆၉၃-ဆုံးရှုံးခဲ့ကြောင်း အိုးအိမ်မဲ့ ကျောင်းပျက် ကန်ပျက် ဖြစ်ခဲ့ရပြီး၊ အိုးမဲ့အိမ်မဲ့ လူဦးရေ သုံးသန်းခန့် ပေါ်ထွက်ခဲ့ရကြောင်း၊ အစိုးရစာရင်းအရ အစိုးရပစ္စည်း ကုဋေ ၄၄၈-တန်ဘိုး ဆုံးရှုံးခဲ့ရကြောင်းဖြင့် ဖော်ပြ ထားပေသည်။

ကာကွယ်ရေးစရိတ်နှင့် ရဲအဖွဲ့စရိတ်များပြည်တွင်းစစ်ကြောင့် ကာလတာကြီးလေးစွာ သုံးစွဲခဲ့ရကြောင်းကိုဖော်ပြထား၏။ ထို့နောက် ၁၉၅၆-ခု ပြီးသတွင် ရွှေဘိုဂေတီတော် ဦးဘဒရိဇရပ်တွင်ကျင်းပခဲ့သောသံဃာတော်များအစည်းအဝေးမှ ဆရာတော်တို့၏ ဆန္ဒနှင့် ၁၉၅၆-ခု ဇွန်လ ၂၃-ရက် (နယုန်လပြည့် မဟာသမယနေ့)တွင် ရန်ကုန်မြို့ ကျောင်းထိုင်ဆရာတော်ဘုရား ၁၇၅-ပါးလက်မှတ်ထိုး၍ပြည်တွင်းငြိမ်းချမ်းရေးအပေါ်ဆွေးနွေး ကျေအေးရေး မေတ္တာရပ်ခံလွှာ အကြောင်းများနှင့် ပတ်သက်၍ ပြန်လည် ဖော်ပြထား၏။

ထို့နောက် ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံတော် မူချက်ကို ထောက်ခံသောအားဖြင့် မြို့နယ်ပေါင်းများစွာတွင် ကျောင်းထိုင်ဆရာတော်ဘုရားများက ခေါင်းဆောင်၍ မေတ္တာရပ်ခံချက်ထုတ်တော်မူခဲ့သည်များကို စာရင်းပြုလုပ်၍ ဆက်ကပ်ထားကြောင်းဖြင့်လည်း ဖော်ပြထား၏။

ပြည်တွင်းငြိမ်းချမ်းရေးကော်မီတီ

၁၉၄၈-ခုနှစ် ပြည်တွင်းစစ် ဖြစ်ပေါ်လာခဲ့ပြီးနောက် ပြည်တွင်းစစ်ရပ်စဲရေးကို ဆောင်ရွက်ရန်ဟူ၍ အေးချမ်း သာယာရေးအဖွဲ့ကြီး တဖွဲ့ဖွဲ့စည်းခဲ့ကြသည်။

၁၉၅၇-ခုနှစ် ရောက်လာသောအခါတွင် ကျောင်းထိုင် ဆရာတော်များအဖွဲ့ချုပ်၏ သူမနာကိုယ်မနာ နည်းဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးကို ဆောင်ရွက်ကြရန် ဩဝါဒပေးအပ်သည့်အလျောက် အေးချမ်းသာယာရေး အဖွဲ့မှ ကွယ်ပျောက်ခဲ့ရပြီး ၁၉၅၇-ခုနှစ် ဇန်နဝါရီလ ၁၅-ရက်နေ့တွင် ပြည်တွင်း ငြိမ်းချမ်းရေးကော်မီတီအဖွဲ့ ပေါ်ပေါက်ခဲ့လေသည်။

ထိုပြည်တွင်းငြိမ်းချမ်းရေး ကော်မီတီတွင် သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်၍ အဖွဲ့၏ အတွင်းရေးမှူး အဖွဲ့ဝင်များအဖြစ်ဖြင့်ဦးထွန်းတင် (လွှတ်တော်ရှေ့နေ) ဦးသွဘောင်း(ဖျာပုံအမတ်) ဗန်းမော်တင်အောင်(စာရေးဆရာ) ဦးတင်မောင်(ညောင်လေးပင်အမတ်)နှင့် ဦးကျော်တို့ ပါဝင်ဖွဲ့စည်းထားခဲ့လေသည်။

၁၅-၁-၅၄ နေ့က ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များ၏ အစည်းအဝေး ကျင်းပရာ၌ သခင်ကိုယ်တော်မှိုင်း အဖွဲ့ဝင်ပုဂ္ဂိုလ် (၈)ဦးတို့က ပြည်တွင်း ငြိမ်းချမ်းရေး အတွက် ပန်ကြားချက်ကို ဖတ်ကြားလျှောက်ထားကြသည်။ သခင်ကိုယ်တော်မှိုင်းအမှူးရှိသော ဘုရား တပည့်တော် ဒါယကာ များက ထပ်မံ၍ အရှင်ဘုရားတို့အား လျှောက်ထားကြရပါသည်ဘုရား အထက်ပါ တပည့်တော်များ လျှောက်ထားချက်ဖြင့် ပြည်သူ့ဒုက္ခမှလွတ်မြောက်ရာလွတ်မြောက်ကြောင်း သုံးသပ်လျက် အရှင်ဘုရားများ၏ ကာယကံ မေတ္တာဖြင့် ကယ်မတော်မူပါရန် လေးမြတ်စွာ လျှောက်ထားပါသည်ဘုရား ဟူ၍ဖြစ်သည်။

ဆရာတော်များက ထိုလျှောက်ထားချက်ကို ပြန်ကြားသည်။ 'ဆရာကြီးသည် သက်ကြီးရွယ်အို ရောက်သည်တိုင်အောင် လူအများ၏ ငြိမ်းချမ်းသာယာမှုကိုဆောင်ရွက်နေသည်ကို ရဟန်းရှင်လူပြည်သူအပေါင်းသိပြီးဖြစ်ကြောင်း၊ထိုကဲ့သို့ငြိမ်းချမ်းရေးရနိုင်ရန်အစိုးရဘက်မှလည်းမသာရ တဘက်မှသည်း မနေ့ရ သူ့ပဘာ ကိုယ်မနာ ဟူသော ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ဆုံးဖြတ် အားပေးပါကြောင်းဟူ၍ ဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးကော်မတီက ဆရာတော်ကြီးများသို့ပေးပို့လျှောက်ထားသည့်စာလွှာမှာ ပြည်တွင်းငြိမ်းချမ်းရေး ၈-ဦး ကော်မတီ၏ အလွှာ။

ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင် ဆ ရာ တော် များ အဖွဲ့ ကြီးသို့ အောက်အမည်ပါတပည့်တော်များက ဆရာတော်အရှင်မြတ်တို့အား ဦးထိပ်ထားလျက်ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်ဘုရား။ကာရုဏိက နှယ်ဝင်သံဃာတော်အရှင်မြတ်တို့ဘုရား။

ပြည်သူလူထုတရပ်လုံးသည် ဒုတိယ ကမ္ဘာစစ်ကြီး၏ ဇော်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါသည်။ သားကွဲ လင်ကွဲ ဆွေကွဲ မျိုးကွဲ ဖြစ်ခဲ့ရပါသည်။ မြောက်မြားစွာသော ပြည်သူတို့မှာအိုးမဲ့ အိမ်မဲ့အခြေပျက် ဖြစ်ခဲ့ရပါသည်။ မြောက်မြားစွာသော သံဃာတော် အရှင်အမြတ် တို့မှာ

ကျောင်းမဲ့ ကန်မဲ့ အခြေပျက်အနေပျက် ဖြစ်ခဲ့ရပါသည်။ ပြည်သူလူထု၏ ဆုံးရှုံးမှုပစ္စည်းတန်ဘိုးလည်း ကုဋေ ၁၀၀၀ -ကျော်ဘိုး ကုန်ခဲ့ရပါပြီဘုရား။

ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ မကြာမီပင် ပြည်တွင်းစစ်ဒဏ်ကို ဆက်လက်ခံစားရပြန်ပါသည်။ ၉-နှစ်တိုင်တိုင်ကြာရှည်သော ပြည်တွင်းစစ်ဒဏ်ကြောင့် ပြည်သူလူထု အသက်ပေါင်း(စာရင်းအရ သုံးသောင်းခန့်ရှုံးရပြန်ပါပြီ။ သုံးသန်းကျော်သော ပြည်သူလူထုမှာ အိုးမဲ့အိမ်မဲ့ အခြေပျက် အနေပျက် ဖြစ်ခဲ့ရပြန်ပါပြီ။ ပြည်သူ့ပစ္စည်းလည်း ကုဋေ ၅၀၀-ကျော်ဘိုး ပျက်စီးခဲ့ရပြန်ပါပြီ။ ပြည်တွင်းစစ်ကြာရှည်သည်နှင့်အမျှ အသေအပျောက် အပျက်အစီးတိုးတက်နေမည်သာဖြစ်ပါသည်ဘုရား။

လယ်ယာကိုင်းကျွန်းလုပ်ကိုင်သူဦးရေလည်းတနေ့တခြားယုတ်လျော့လျက်ရှိပါပြီ။ ထို့အတူသစ်လုပ်ငန်း၊ သတ္တုလုပ်ငန်း အလုပ်တို့မှာလည်း အဝေးသာဖြင့် ယုတ်လျော့လျက်ရှိပါပြီ။ ဤသည်ပင်လျှင် ပြည်တွင်းထွက်ကုန်ပစ္စည်းယုတ်လျော့လျက် ပြည်တွင်းဝင်ငွေ လျော့နည်းနေပါပြီဘုရား။ပြည်သူလူထုတရပ်လုံးတွင်လည်း တနေ့တခြား အလုပ်လက်မဲ့ဘဝသို့ ဦးရေတိုးလျက်ရှိပါပြီဘုရား။

ပြည်တွင်းထွက်ကုန်လျော့သလောက် ပြည်ပဝင်ကုန် များပြားလာပါသည်။ပြည်သူလူထုတရပ်လုံးမှာ တနေ့တခြား ဆင်းရဲကျပ်တည်းခြင်းသို့ ရောက် လာရပါပြီဘုရား။ ထိုမျှဆင်းရဲသည့် အထဲတွင် ကြီးလေး လှသော အခွန်တော်ကို ထမ်းဆောင်ရသည်သာမက၊ ရှေးကမကြားဘူးသော အခွန်တော်သစ်များစွာတို့ကိုလည်း ထမ်းဆောင်ရပြန်ပါသည်။ ဤသို့လျှင်ပြည်သူလူထုတရပ်လုံးမှာ (ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်) မွဲပြာကျလျက် ရှိပါပြီဘုရား။

ဆင်းရဲကျပ်တည်းမှုသည် လူထုတရပ်လုံးအားစာရိတ္တပျက်စီးခြင်းသို့ ရောက်စေရကား ရက်စက်ကြမ်းကြုတ်မှုတည်း ဟူသော အဓမ္မဝါဒီမှုလည်း အလိုအလျောက်ဝင်ရောက်လာပါသည်။ ထို့ကြောင့် ပြည်သူလူထုမှာ ကျီးလန့်စာစားသကဲ့သို့ တထိတ်ထိတ်တလန့်လန့်နှင့် နေကြရပြန်ပါသည်။ ဤအခြေအနေအတိုင်းသာ ဆက်လက်တည်ရှိသွားပါလျှင်ကျွန်ဘဝမှလည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းပါသည်။ အနာဂတ်တွင် လူမျိုးဘာသာ သာသနာအဘို့ မတွေးဝံ့အောင်ပင် ဖြစ်ပါတော့သည် ဘုရား။

တပည့်တော်များ လျှောက်ထားချက်အရင်းရပ်မှ ပေါ်ပေါက်ချက်၏ အကြောင်းမှာ ပြည်တွင်းစစ်သာလျှင် အရင်းခံဖြစ်ပါသည်ဘုရား။ ပြည်

တွင်းစစ်ကိုရပ်နိုင်သည်နှင့်အမျှ လူမျိုးဘာသာ သာသနာသာယာမှု၏ရှေ့ရှုရာ ခြင်းပေါ်ပေါက်လာမည်မှာ ယုံမှားဘွယ်ရာမရှိပါဘုရား။

လူမျိုး ဘာသာ သာသနာ သာယာမှုကို ရှေးရှုလျက် ပြည်သူတို့ သေကြေပျက်စီးခြင်း၊ ကျပ်တည်းဆင်းရဲခြင်း၊ ထိတ်လန့်စိုးရိမ်လျက်ရှိနေရ ခြင်း၊ ခါရီတွတနေ့တခြား ပျက်စီးရခြင်းစသော ခံစားနေရသည့် ဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းသစ်ကို ရှာကြံ၍ အရှင်ဘုရားတို့၏ ကာယကံ မေတ္တာဖြင့် ကယ်မတော်မူပါရန် ဦးထိပ်ထားလျက် လျှောက်ထားပါသည်ဘုရား။

ကာရုဏာ ကမ္ဘယ်ဝင် သံဃာတော်အရှင်မြတ်တို့ဘုရား။

ဤပြဿနာကို ဆောင်ရွက်သည့်အခါတွင် တပည့်တော် များအား ကပ္ပိယအဖြစ်၎င်း၊ တနည်းအားဖြင့် အစေခံအဖြစ်၎င်း၊ အသုံးပြုတော်မူပါ ရန် တပည့်တော်များကိုယ်ကို တပည့်တော်များအပ်နှံပါသည်ဘုရား။

ဘုရားတပည့်တော်များသည် ဤကိစ္စကို အမှီပြု၍ မည်သည့် အခွင့် အရေးကိုမျှ မြော်လင့်ချက်မရှိပါ။ ပဋိပက္ခဖြစ်ပေါ်နေသော မည်သည့် အင်အားစုကိုမှလည်းမည်သူကသာစေ၊ မည်သူကနာစေဟူသော အာဃာတ မရှိပါ။ တပည့်တော်များ၏ အဓိကလိုလားချက်မှာ လူဦးရေ ၁၉-သန်း ရှိသော ရဟန်းရှင်လူ ပြည်သူလူထုအပေါင်းတို့ ချမ်းသာမှု တည်းဟူသော ပြည်တွင်း ငြိမ်းချမ်းရေး အောင်မြင်မှုသာ ဖြစ်ပါကြောင်း အဓိဋ္ဌာန်ပြုပါ ကြောင်း ပါဘုရား။

၁။ သခင် ကိုယ်တော်မှိုင်း။ ၂။ ပါမောက္ခ ဦးအောင်လှ။ ၃။ ဦးစိန်ညိုထွန်း(အငြိမ်းစားအိုင်စီအက်စ် အတွင်းဝန်) ၄။ ဦးဗသော် (အငြိမ်းစား သစ်တော အရေးပိုင်) ၅။ သခင်ချစ် (လွှတ်တော်ရှေ့နေ) ၆။ ဦးဘဖြူ(ကုန်သည်) ၇။ ဦးရွှေဖြူ (ကျောင်းဆရာကြီး) ၈။ ဦးစိန် (တိုးတက်ရေး)။

၁၀-၁၂-၅၆။

ကွန်မြူနစ်ပါတီမှ ဦးဗဆွေသို့ ပေးစာ

၂၅၊၁၊၅၇နေ့ထုတ် ဟံသာဝတီသတင်းစာ၏ အလယ် မျက်နှာတွင် "ငြိမ်းချမ်းရေးလမ်းစပိုနီးလာပြီ" ဟူသော ခေါင်းစီးဖြင့် ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် ဦးဗဆွေထံသို့ သခင်သန်းထွန်းထံမှပေးပို့ သည့်စာအကြောင်းကို ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။ ထိုစာ၌ ပြည်တွင်း ငြိမ်းချမ်းရေးကို ဆွေးနွေးလိုသည် ဆိုရာ၌....ပါတီအားအစိုးရ

အဖွဲ့ထံသို့ ပါဝင်ရေး....ဆွေးနွေးခြင်းမျိုး မပြုဘဲ ငြိမ်းချမ်းရေးရရန်ရာပ် ဆောင်ရာ၌....မည်သို့ အတိုက်အခိုက်ရပ်စဲသင့်ပုံ၊ လက်နက်ကိုင် တိုက်ခိုက်မှု များရပ်စဲလိုက်၍ ဒီမိုက ရေစီးအတွင်းသို့ ဝင်လာသောကာလဝယ် ၎င်းတို့ အတွက် ဒီမိုကရေစီအခွင့်အရေးများမည်သို့ရှိပုံတို့ကိုသာဆွေးနွေးပါမည်ဟု ဆိုကြောင်း။

ဗမာပြည်ဆိုရှယ်လစ်ပါတီကပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် နည်း လမ်းကို အပြန်အလှန်ပေးပါက ၎င်းတို့ပါတီသည်လေးစားစွာဖြင့်စဉ်းစား ပါမည်ဟုလည်းဖော်ပြထားကြောင်း။ ဟူသည်ဖြင့် ဖော်ပြလေသည်။

ဤပေးစာနှင့်ပတ်သက်၍ သတင်းစာက ဆက်လက် ရေးသားရာ၌ "ဤသို့ကွန်မြူနစ်များသည် ၎င်းတို့ရန်သူဟုမှတ်ယူစွဲမြဲခဲ့ပြီးဖြစ်သော ဗမာ ပြည်ဆိုရှယ်လစ်ပါတီအပေါ်သို့ ရည်ရွယ်ချက်ချင်းတူညီသော ပါတီတရပ် အနေမျိုးဖြင့် လက်ခံကာ စာဖြင့်ဆက်သွယ်ရာဝယ် လုံးလုံးလေပျော့အောက် ကျို့ လာမှုကြောင့် ပြည်တွင်းငြိမ်းချမ်းရေးလမ်းစ ပို၍နီးကပ်လာနေပြီဟုယူ ဆကြပုံရှိကြောင်းဖြင့် ရေးသားလိုက်လေသည်။

၈–ဦးကော်မတီ၏သဘောထားတင်ပြချက်

ဖေဖော်ဝါရီလ ၉-ရက်၊ ၁၉၅၇-ခုနှစ်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ၏ သဘောထားကို သတင်းစာဆရာများသို့ တင်ပြ၏ ထိုသတင်းစာ ဆရာ များနှင့် တွေ့ဆုံရာ၌ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ၈–ဦးကော်မတီမှဆရာကြီး သခင်ကိုယ်တော်မှိုင်း။ ဦးရွှေဖြူ။ ပါမောက္ခ ဦးအောင်လှ။ တိုးတက်ရေး ဦးစိန်၊ လွှတ်တော်ရှေ့နေကြီးသခင်ချစ်၊ ဦးဗသော်၊ ဦးဘဖြူတို့တက်ရောက် ကာ သတင်းစာများသို့ ကြေညာချက်ထုတ်ပြန်ပြီး။ သတင်းစာဆရာများ ၏ မေးမြန်းချက်များကိုလည်းဖြေကြားကြသည်။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှ ပြည်တွင်းငြိမ်းချမ်းရေး သဘောထားကြေညာချက်

ကျွန်ုပ်တို့အဖွဲ့၏သဘောထားမှာ သမသာကိုယ်မနာ ငြိမ်းချမ်းရေး ကိုတရားမျှတသောနည်းဖြင့် ဆောင်ရွက်စေရန်ဟူသော ဓမ္မဓိဋ္ဌာန်သဘော အရအခြေအနေအရပ်ရပ်တို့ကို လေ့လာကြောင်း ပဏာမအနေအဖြစ်ဖော် ပြလိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရက လိုလားသည်၊ ထို အတူတော်လှန်ရေးအင်အားစုများကလည်း လိုလားသည်ဟု ကမ်းလှမ်းကြ

သည်။ ရဟန်းရှင်လူပြည်သူလူထုတရပ်လုံးကလည်း ပြင်းပြသောဆန္ဒဖြင့်လိုလားကြသည်။ဤတွင် ၄ ဦး ၃ ရပ်လုံး၌ဆန္ဒချင်းတူညီကြပေသည်။

နိုင်ငံတကာတွင် ပေါ်ခဲ့သောပဋိပက္ခ (ဝါ)အငြင်းပွါးမှုပြဿနာများကိုဆွေးနွေးစေ့စပ်ဖြေရှင်းခြင်းဖြင့် သဘောတူညီမှု ရယူနိုင်သည် ဟု ဗမာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့်ဆိုဗီယက်နိုင်ငံတော်ဝန်ကြီးချုပ် ဘူလ်ဂါနင်တို့သဘောတူပူးတွဲကြေညာခဲ့သည်။

တော်လှန်ရေးအင်အားစု (၃) ပါတီငြိမ်းချမ်းရေး အကြောင်းကောက်နုတ်ချက်တွင်လည်း စေ့စပ်ဆွေးနွေးရေး ပေါ်လွင်လျက် ရှိသည်ကိုတွေ့ရသည်။ ရဟန်းရှင်လူပြည်သူလူထုကလည်း ဤသဘောထားကို တောင်းဆိုလျက်ရှိကြသည်။ ယင်းသို့ဖြစ်ရာ ပဋိပက္ခဖြေရှင်းရာတွင် စေ့စပ်ဆွေးနွေးခြင်းဖြင့်ချေမှုန်းစွာဖြေရှင်းသောနည်းကို (၃) ဦး (၃)ရပ်မှအားဖြင့် လက်ခံသဘောတူကြောင်းအခြေအနေကဖော်ပြလျက်ရှိသည်။

လိုလားသော ဆန္ဒတူ လုပ်နည်းလုပ်ဟန် အခြေခံမှု ကွဲပြားမှုမရှိဘဲ ငြိမ်းချမ်းရေးရောင်ခြည် မပေါ်ပေါက် နိုင်သေးသည့် အကြောင်းရင်းကိုလေ့လာသည့်အခါ တဖက်နှင့်တဖက်အကြား တဦးကိုတဦး မယုံကြည်မှုတည်းဟူသောခြားနားချက်ကိုသာ တွေ့ရပါသည်။ဤမယုံကြည်မှုခြားနားချက်ကိုတဖက်နှင့်တဖက် ပေါင်းကူးပေးနိုင်ပါက ပြည်တွင်း ငြိမ်းချမ်းရေးပြဿနာကိုချေမှုန်းစွာစေ့စပ်ဆွေးနွေးနိုင်သော အခြေအနေသို့ ဆိုက်ရောက်နိုင်မည်။ ဤ မယုံကြည်မှုကို အကြောင်းပြု၍ အတိုက်အခိုက် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးအတွက်၊ စေ့စပ်ဆွေးနွေးရေးကို လက်မခံကြဘဲ အပြီးအပိုင်တံခါးပိတ်လိုက်ကြပါမူကား၊ ငြိမ်းချမ်းရေးလမ်းစဉ်မှာ အလိုအလျောက် အင်အားကြီးဝါဒသို့ သက်ဆင်းရတော့မည်ဖြစ်၍၊ပြည်သူလူထုတရပ်လုံး တောင်လဲရာ မြက်ဖြစ်ရတော့မည် သာမက၊ ၉- နှစ်ရာသီ ပြည်တွင်းစစ်ဒဏ်ကြောင့်မရှုနိုင်မရှိုက်နိုင်သော ဘဝဆိုးသို့ကျရောက်နေသောပြည်သူလူထုမှာ "နွားခတ်ခဲ့ လဲရာသူခိုးတောင်း" ဟူသကဲ့သို့ ဖြစ်ရပေတော့မည်။ တဦးကိုတဦးမယုံကြည်မှု ခြားနားချက်မျှကိုအကြောင်းပြု၍(ရဟန်းရှင်လူပြည်သူအပေါင်းတို့ လည်တဆန့်ဆန့် ခေါင်းတမော့မော့နှင့် အမြော်လင့်ကြီးမြော်လင့်လျက်ရှိသော အတိုက်အခိုက်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးစေ့စပ် ဆွေးနွေးရေးတံခါးကိုအပြီးအပိုင် ပိတ်သကဲ့ မဖြစ်စေသင့်ဟု သဘောရပါသည်။

ကမ္ဘာဦးလူတို့သည် နေလတည်းဟူသောအလင်းရောင်ကိုတောင့်တသကဲ့သို့ ရဟန်းရှင်လူ ပြည်သူလူထု တရပ်လုံး ပြည်တွင်းငြိမ်းချမ်းရေး

လင်းရောင်ခြည်ကိုသာပြင်းပြသောဆန္ဒဖြင့် မြော်လင့် တောင့်တလျက်ရှိကြပါသည်။

ရဟန်းရှင်လူ ပြည်သူလူထု၏ ပြင်းပြသော ဆန္ဒကို ဖြည့်စွမ်းသော အနေဖြင့်မယုံကြည်မှုကို နှစ်ဦးနှစ်ဖက် ပြေလည်ရန် သည်းခံ၍ ဖြေရှင်းနိုင်သည်နှင့်အမျှ၊ အတိုက်အခိုက် ရပ်စဲရေး၊ပြည်တွင်းငြိမ်းချမ်းရေး၊ ဆွေးနွေးစေ့စပ်ရေးလမ်းစဉ်မှာ ပွင့်လင်းလာနိုင်ဖွယ်ရှိပါ၍ မြေမသေ တုတ်မကျိုး၊ သူမသာ ကိုယ်မနာငြိမ်းချမ်းရေးပန်းတိုင်သို့ ဆိုက်ရောက်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

တဦးကိုတဦး မယုံကြည်မှုကို တဦးနှင့်တဦး ဆွေးနွေးခြင်းဖြင့်ပြေလည်အောင် ဆောင်ရွက်ကြခြင်းသည် မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာလုပ်ရိုးလုပ်စဉ် ယဉ်ကျေးမှု တရပ်ပင် ဖြစ်ပါသည်။ ကမ္ဘာ့ လူထုတရပ်လုံးကလည်း ဤသဘောထားကိုအခိုင်အမာယုံကြည်ကြပါသည်။ဗမာ ပြည်သူလူထုတရပ်လုံးကလည်း ဤသဘောထားအတိုင်းဆောင်ရွက်လျက် ရှိကြပါသည်။ထို့ကြောင့်တင်းမာမှုအရပ်ရပ်တို့ကို အချင်းချင်း တစတစ သည်းခံ၍ စေ့စပ်ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းရေးအာသာကြီးနေသော ပြည်သူ့ဆန္ဒကို ဖြည့်စွမ်းရာရောက်သည်ဟုယုံကြည်ပါကြောင်း။

ဤသဘောထားကို အဖွဲ့အသင်းလိုက် သော်၎င်း၊ တဦးတယောက် အနေဖြင့်သော်၎င်း၊ ထောက်ခံချက် ပေးကြပါရန်ဟု ထုတ်ပြန် လိုက်လေသည်။

အထက်ပါ ပြည်တွင်းငြိမ်းချမ်းရေး သဘောထားကို ထုတ်ပြန်ပြီးနောက်ပြည်တွင်းငြိမ်းချမ်းရေး ဂ-ဦးကော်မတီက ပြည်သူလူထုထံသို့လည်း တိုက်တွန်းချက်စာတမ်းတစောင်ကိုထုတ်ပြန်ခဲ့လေသည်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပြည်သူသို့ တိုက်တွန်းလွှာ

ပြည်သူအများသည် ဒုတိယကမ္ဘာစစ် ဘေးဒဏ်ကြောင့်၊ သားသေလင်ဆုံး၊ ကုန်ရှုံး၊ ကြွေးတင်၊ အိုးအိမ်အခြေမဲ့ဖြစ်ခဲ့ကြရသည်။ ပြည်သူတို့အများဆုံး မှီခိုအားထားနေရသော လယ်ယာကိုင်းကျွန်း မြောက်မြားစွာပျက်ဆီးခဲ့ရသည်။ ကျောင်းကန်ဘုရား စေတီပုထိုးများလည်း ပျက်ဆီးခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင်လည်း၊ ၉-နှစ်တာမျှသော ပြည်တွင်းစစ်မက်၏ဘေးဒဏ်ကြောင့် အထက်ပါ ဘေးဒုက္ခများထက်ပင် ကြီးမားသည်

ပြည်တွင်းထွက် ကုန်ပစ္စည်းထုတ်လုပ်မှုများ လျော့ပါးခဲ့ရသည်။ ပြည်တွင်းဝင်ငွေလျော့နည်းလာရသည်။

ပြည်တွင်းထွက်ကုန်လျော့ပါး၍ပြည်ပ သွင်းကုန်များပြားလာခြင်း အခွန်အကောက်အမျိုးမျိုးတို့ဖြင့် ကုန်ဈေးနှုန်းများတိုးမြှင့်ပေးဝယ်ရခြင်း၊ လူတိုင်း၏ ဝင်ငွေနှင့် ထွက်ငွေသည် မမျှတဖြစ်ကာ ဒွင်းရဲတွင်းနက်လာပါသည်။ လူတဦး၏နေ့စဉ် ပျမ်းမျှဝင်ငွေမှာ (၅၆)ပြားသာ ရှိသည်။

ထိုကဲ့သို့ အကျပ်အတည်းနှင့် ဘေးအမျိုးစုံ ဖိစီးထိုးနှက်မှုကို ခံလာရသည့်လူများသည်၊ရက်စက်ကြမ်းကြုတ်မှုနှင့် အမှုမှုများ အလိုအလျောက်ဝင်ရောက်လာကာ စာရိတ္တပျက်ပြားခြင်း၊လူမျိုးဘာသာ သာသနာမေးမှိန်စရာဖြစ်လာခြင်း၊တို့ကိုမျက်မြင်ကိုယ်တွေ့ဖြစ်လာရပါသည်။

ဤသို့ မမြင်မကြား မတွေးဝံ့ လောက်အောင် ဆိုးဝါးလှသော ဘေးဒဏ်များ၏ အကြောင်းရင်းမှာပြည်တွင်းစစ်သာလျှင်ဖြစ်ပါသည်။

ထိုကြောင့်ပြည်သူတိုင်းကြုံတွေ့နေရသောဘေးဆိုးကြီးကိုကာကွယ်ရန် နည်းလမ်းမှာလူတိုင်းလူတိုင်းကဆရာကြီးသခင်ကိုယ်တော်မှိုင်းအမှူးပြုသော၊ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားကို အကောင်အထည်ပေါ်လာရန် အလို့ငှါပူးပေါင်းဆောင်ရွက်ခြင်း၊ လူအား၊ငွေအား၊ပစ္စည်းအား၊ဆန္ဒအားဖြင့်တခဲနက်ညီညွတ်စွာ ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း။ ဟူ၍ဖော်ပြထား၏။

ဝန်ကြီးချုပ် ဦးနု၏ငြိမ်းချမ်းရေးသဘောထား

ဤသို့ပြည်တွင်း ငြိမ်းချမ်းရေး ၇-ဦးကော်မီတီဝင်များ၊ အဖွဲ့ကဆရာတော်ကြီးများ၏ သမဘာ၊ကိုယ်မနာ ဩဝါဒအတိုင်းပြည်တွင်း ငြိမ်းချမ်းရေးကို တိုက်တွန်း ဆောင်ရွက်နေကြစဉ်-၄၊၃၊၅၇ နေ့ ပါလီမန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ထည့်သွင်းပြောဆိုသွား၏။

ဦးနုက.... "ဒီလွှတ်တော်မှတဆင့် သူပုန်များကို ကျွန်တော်မေတ္တာရပ်ခံပါရစေ။

၁။ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကိုတကယ်တမ်းစွန့်လွှတ်တယ်ဆိုရင် လက်နက်ချအလင်းဝင်ခဲ့ကြပါ။

၂။ ဒီလိုအလင်းဝင်လာရင် တရားဥပဒေအရ အရေးယူရလိမ့်မယ်။ ဒါပေမဲ့လက်နက်ချအလင်းဝင်လာတာကို ထောက်ထားပြီး တရားရုံးကော်က သေဒဏ်အပေးခံရရင်လဲ မသေစေရဘူး။ ထောင်ဒဏ် အပေးခံရရင်လဲ

ထောင်ဒဏ်အပြည့်မခံစေရဘူး။ လက်နက်ချပြီး အလင်းဝင်လာတဲ့လူတွေဟာလက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို တကယ်တမ်းစွန့်လွှတ်တယ်ဆိုတာ ထင်ရှားတာနဲ့ တပြိုင်နက် သူတို့ရဲ့ နိုင်ငံရေး အစည်းအရုံး တွေကို ဟရားဝင် အစည်းအရုံးတွေအဖြစ် ခွင့်ပြုမယ် ဆိုတာကို အစိုးရ ကိုယ်စားကျွန်တော်ကတိပြုပါတယ်" ဟု ပြောဆိုခဲ့လေသည်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပြည်သူ့ဆွေးနွေးပွဲကြီး

ဆရာကြီး သခင်ကိုယ်တော်မှိုင်းဦးစီးသော ပြည်တွင်း ငြိမ်းချမ်းရေးရှစ်ဦးကော်မတီမှ လူထုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဆရာတော်သံဃာတော်များကို ဖိတ်ကြား၍ ရန်ကုန်မြို့ မြေနီကုန်း ရတနာသုံ့ ရုပ်ရှင် ရုံတွင် မတ်လ ၁၀-ရက်နေ့တနင်္ဂနွေတွင် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲတရပ် ကျင်းပခဲ့ကြသည်။

သဘာပတိ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မိန့်ကြားပြောဆိုရာ၌ ယခုအစည်းအဝေးဖိတ်ကြားခြင်းသည် တပြည်လုံး ငြိမ်းချမ်းသာယာရေးအတွက် ဖြစ်ကြောင်း တိုင်းပြည် ငြိမ်းချမ်း ရေးကို ဆောင်ရွက်နေရကြောင်း။ ဆရာအသက် (၈၀) ကျော်ပါပြီ၊ အေးအေး ဆေးဆေး နေဘို့ကောင်းပေမဲ့ဖြစ်နိုင်တာနဲ့ ထလုပ်နေရကြောင်း။

ဘုရားပွင့်တောင်အပြုတ်တိုက်ခံရ "ဒီပြည်တွင်းစစ်ရှိသမျှဘာမှလုပ်ရမှာမဟုတ်ဘူး၊ ဒီပြည်တွင်းစစ်ကို ငြိမ်းချမ်းအောင်လုပ်တဲ့နေရာမှာ အစိုးရကအပြုတ်တိုက်လို့ ရမယ်ထင်တယ်။ ....အရှိမတွေ့ယျာဘုရားပွင့်တောင်တိုက်လို့မရပါဘူး။

....အဲဒါကြောင့် ပြည်တွင်း ငြိမ်းချမ်းရေးရဘို့၊ အောင်မြင်ဘို့ကို တခဲနက်လူထုကြီးကဝိုင်းဝန်းကူညီကြပါ။ ဆောင်ရွက်ကြပါလို့ တိုက်တွန်းခဲ့ပါတယ်" ဟုပြောဆိုသွားခဲ့၏။

ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပွဲ ပြင်ဆင်ခြင်း

၁၆၊၃၊၅၇ နေ့တွင်ပြည်တွင်း ငြိမ်းချမ်းရေး ဆန္ဒပြပွဲကျင်းပရေးကော်မတီတရပ်ကိုဖွဲ့စည်းခဲ့ကြသည်။

၂၀၊၃၊၅၇ နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီမှ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပေးချက် တောင်းခံဆွေး

နွေးပွဲတရပ်ကို ကျင်းပသည်။ ထိုအစည်းအဝေးသို့ သတင်းစာ မဂ္ဂဇင်း ဂျာနယ်တိုက်များမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။

ထိုအစည်းအဝေး၌ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ပြည်တွင်းစစ် ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့် တော်လှန်သူ များဖြစ်သော ၂ ဖက် တပည့် တို့အား စေ့စပ် ဆွေးနွေးကြရန် မေတ္တာရပ်ခံခဲ့ကြောင်း။ ဤသို့မေတ္တာရပ်ခံ၍ မရတော့သဖြင့် ဆရာတော်သံဃာတော်ကြီးများအား လျှောက်ထားကာ၊ ဆရာတော်ကြီးများ၏ ဩဝါဒအရ ဤအဖွဲ့သည်ကိုယ်တိုင်ပါဝင်ဖွဲ့စည်းသော ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဖြစ်လေသည်။ ပြည်တွင်းစစ် ရပ်စဲစေရန်အတွက်မိမိတို့အဖွဲ့အနေဖြင့် မည်သည့် အဖွဲ့ကဘာ စေ၊ နာစေဟုသဘော ထားကြောင်း။ ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီးကို ဧပြီလ ၇ ရက်နေ့ ၁ နာရီတွင် ရန်ကုန်ကန်တော်မင်ပန်းခြံ၌ ပြုလုပ်မည်ဖြစ်ကြောင်း-စသည်ဖြင့်ရှင်းလင်းပြောဆိုသွားခဲ့သည်။

အစိုးရ၏ တေးသံဟောင်း

ပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပြင်ဆင်ပွဲနှင့်အတူ ၁၉၊ ၃၊ ၅၇ နေ့က ဆိုရှယ်လစ် ပါတီ ခေါင်းဆောင်သော အလုပ်သမား ညီလာခံ၌ ဝန်ကြီး ဦးဗဆွေက ပြည်တွင်း ငြိမ်းချမ်းရေး အကြောင်းကို ပြောဆိုသွား၏။ သူက ဖြူနီကြောင်ကြားတို့သည် အစုလိုက်အပြုံလိုက်လည်းမရှိတော့၊ လွတ်လပ်သောနယ်မြေလည်း မရှိတော့သဖြင့် လက်ညှိုးထိုးပြီးဘယ်နေရာမှာ တိတိကျကျရှိတယ်လို့ မပြနိုင်တော့လောက်၊ နေရာတကာ အနှံ့အပြား အနည်းအကျဉ်းရှိနေသေးကြောင်း။ တပြည်လုံး ငြိမ်းချမ်းရေး ရအောင် မိမိတို့ရဲ့ မြို့နယ်ငြိမ်းချမ်းရေး၊ ထို့မှတဆင့် ခရိုင်ငြိမ်းချမ်းရေး၊ ခရိုင်မှတိုင်း၊ တိုင်းမှ တပြည်လုံးငြိမ်းချမ်း အောင်လုပ်မည့် စီမံကိန်းကို အစွမ်းကုန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောသွား၏။

ပြည်တွင်းငြိမ်းချမ်းရေးလူထုဆန္ဒပြပွဲကြီး

၁၉၅၇-ခုနှစ် ဧပြီလ ၇-ရက်တနင်္ဂနွေနေ့၏ ကြဲကြဲတောက်ပူပြင်းလှသော နေ့ပူရှိန်အောက်တွင် ရန်ကုန်မြို့ရှိ ရပ်ကွက် အသီးသီးမှ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆန္ဒပြသူများသည် ရွှေတိဂုံဘုရား ခြေတော်ရင်းရှိ ကန်တော်မင်ပန်းခြံသို့ အုပ်စုဖွဲ့စုရုံးချီတက်လျက်ရှိလေ၏။ နေမင်းကား အစွမ်းကုန်

ပူပြင်းလှ၏။ ဟုပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြပွဲအကြောင်းကို သတင်းစာများကအထက်ပါအတိုင်းဖြင့်သတင်းဖော်ပြကြ၏။

ထိုပြည်တွင်းငြိမ်းချမ်းရေးအစည်းအဝေးသို့သွားတဲ့လောင်း၊ သမီးတွဲလောင်းဖြင့် ချီတက်လာသည့်ပရိသတ်များလည်းအများအပြား တွေ့ကြရသည်ဟုဖော်ပြပြီး၊ စုစုပေါင်းလူထုပရိသတ် ၃၀၀၀၀ (သုံးသောင်း) မျှရှိသည်ဟုဆိုသည်။

သတင်းစာ၏ရေးသားပုံကိုကြည့်လျှင်- ငြိမ်းချမ်းရေးကို၊ အားသာ ငမ်းငမ်းဖြင့် လိုလားကြသူတို့၏ စိတ်ဓါတ်အား ဟန့်တားခြင်းငှါ မစွမ်းနိုင်ပေ။ ဤဆန္ဒ၊ ဤအသိတို့ဖြင့်အသည်းနှလုံးတွင် ပြည့်လျှမ်းနေသူများသည်ကန်တော်မင်ပန်းခြံသို့ခြေလျင်တမျိုးကားနှင့်တဖုံ ချီတက်လာကြလေ၏။

ကန်တော်မင်ပန်းခြံသို့လေးဘက်လေးတန်မှလူထုသည် တဖြည်းဖြည်း ဝင်ရောက်ကြ၏။ ပြည်တွင်းစစ် ရပ်စဲရန်အတွက် ကြွေးကြော်သံများကို အော်ဟစ်ကြွေးကြော်ရင်း၊ အိုးစည်ဗုံဒိုးပတ်ဝိုင်းတို့ဖြင့်ကခုန်သီဆိုရင်း သားသမီးများကိုလက်တွဲရင်း ချီတက်လာကြလေ၏။ -စသည်ဖြင့် ရုပ်လုံးဖော်ထားကြလေသည်။

ထိုအစည်းအဝေးသို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကြွရောက်လာသောအခါ၌ လမ်းတလျှောက်၌ပန်းမွှေးရနံ့ကား အမျိုးသမီး ထုကြီးက ဆံပင်များဖြန့်ခင်း၍ကြိုဆိုကြလေသည်ဟုဖော်ပြကြ၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မိန့်ခွန်း

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အထက်ပါ ၇၊ ၄၊ ၅၇ နေ့တွင် ကျင်းပသော ကန်တော်မင်ပန်းခြံပြည်တွင်းငြိမ်းချမ်းရေးဆန္ဒပြ လူထုအစည်းအဝေးတွင်အောက်ပါအတိုင်းမိန့်ခွန်းပြောဆိုသွားလေသည်။

ဆရာတော်သံဃာတော်များ၊ ပရိသတ်များ၊ တပည့်များ၊အပေါင်းတို့ - -

ဤနေ့ဤနေရာ ဤဒေသမှာ ကြီးကျယ်များပြားစွာ တက်ရောက်လာကြတဲ့ ဆရာတော် သံဃာတော်များ လူထုပရိသတ် ဗိုလ်ပုံ အလယ်မှာ အသက်အရွယ်အားဖြင့် ကြီးမားအိုမင်းလှပြီ ဖြစ်သောဆရာဟာ ကြိုးပမ်းတက်ရောက်လာပြီးမိန့်ခွန်းပြောရတဲ့ အချက်ကတော့ တခြားမဟုတ်ပါဘူး။ တတိုင်းတပြည်လုံးအတိဒုက္ခရောက်ရှိနေကြတဲ့ ပြည်တွင်းမငြိမ်သက်မှုကြီးကို ငြိမ်းသွားရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးရယူကြရန် တခုတည်းသော

ရည်ရွယ်ချက်ဘဲ ရှိနေပါတယ်။ ဆရာဟာ သံသာရေး လူပါ အတိဇာ ရောက်ရှိနေကြရတဲ့ ပြည်တွင်း မငြိမ်းချမ်းတဲ့ ပြဿနာကြီးရှိနေသမျှ ဆရာ ဘယ်တော့မှ စိတ်ကောင်း နိုင်မှာ မဟုတ်ဘူး၊ ဆရာမသေခင် ပြည်တွင်း ငြိမ်းချမ်းရေးကို မြင်သွားချင်တဲ့အတွက် ဤမျှ ကြိုးပမ်းနေခြင်းဘဲ ဖြစ်ပါတယ်။ဆရာဟာ ပြည်တွင်းငြိမ်းချမ်းရေးမရရှိမီအချိန်မှာ သေသွားရတောင်မှ သေပျော်ပြော်နိုင်မယ်မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဆရာဟာမသေမချင်း တော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက်စွမ်းအားရှိသမျှ ဆောင်ရွက်ပါတော့ မယ်လို့ စိတ်ကို ဒုံးဒုံးချပြီး ကြိုးပမ်းဆောင်ရွက် နေ ခြင်းဘဲ ဖြစ်ပါတယ်။ ဆရာ့ရဲ့ ကျန်းမာရေး ဆိုတာဟာလဲ တနေ့ထက်တနေ့ မကောင်းတော့ဘူး။ သတိပေးလျက်ရှိနေတယ်ဆိုတာ ဆရာသိပါတယ်။ ဒါပေမဲ့တတိုင်းပြည်လုံး ဒုက္ခပေးနေတဲ့ ပြဿနာက ဆရာရဲ့ ဝေဒနာများကို ဂရုမစိုက်နိုင်လောက် အောင် ဖုံးလွှမ်းကျော်ဖြတ်နေတဲ့ အတွက် ဆရာဒီမျှ ကြိုးပမ်းနိုင်ခြင်းဘဲ ဖြစ်ပါတယ်။

ဆရာ့မှာခံစားနေရတဲ့အကြီးဆုံး ဝေဒနာကတော့ပြည်တွင်း မငြိမ်းမချမ်းဖြစ်နေတဲ့ပြဿနာကြီးဘဲဖြစ်တယ်။ ဒါကြောင့် ဆရာဟာ အိပ်လဲဒီစိတ်၊ စားလဲဒီစိတ်၊ သွားလဲဒီစိတ်ဆိုသလိုဖြစ်နေရတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရသမျှတော့ ဆရာ ဘယ်တော့မှ စိတ်အေးနိုင်တော့မယ် မဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှုအတွက် ဆရာ့ စွမ်းအားရှိသမျှ ကြိုးပမ်းလိုစိတ် တဖွါးဖွါးဘဲ ဖြစ်ပေါ်နေရပါတယ်။

ပရိသတ်ကြီးနဲ့တပည့်အပေါင်းတို့။

ဆရာဟာ ဒီမျှ ပြည်တွင်းငြိမ်းချမ်းရေးကိုဘာ့ပြုလို့လိုလားတောင့်တနေသလဲဆိုတော့ တခြားအကြောင်းတော့မဟုတ်ပါဘူး။ ဆရာဟာတိုင်းပြည်နဲ့လူမျိုးအတွက် တတ်အားသမျှ ဆောင်ရွက်လာတယ်ဆိုတော့ ဆရာတော်များပင်မကျန် တတိုင်းပြည်လုံးကသိရှိခင်မင်ကြတယ်။အထူးသဖြင့် ဆရာပြောချင်တာကတော့တချိန်တုန်းကအတူနိုင်ငံရေးတာဝန် ထမ်းဆောင်လာခဲ့ကြတဲ့ တပည့်ရင်း တွေဟာ အမျိုးမျိုး သဘောကွဲလွဲ နေကြတယ်၊ တောထဲမှာရှိနေတဲ့သခင်စိုး၊ သခင်သန်းထွန်းတို့ဗိုလ်ဘိုးကွန်းတို့ဗိုလ်ဇေယျတို့စတဲ့လူတွေဟာလဲ ဆရာရဲ့ တပည့်ရင်းများ လုပ်ဖေါ်ကိုင်ဘက်များ ဖြစ်ကြတယ်။ အစိုးရဖြစ်နေတဲ့ သခင်နုတို့ သခင်တင်၊ မောင်ဗဆွေ၊မောင်ကျော်ငြိမ်းတို့ဆိုတာဟာလဲ ကျောင်းသားဘဝကစပြီး ဆရာနဲ့အတော် ရင်းနှီးခဲ့ကြတဲ့ တပည့်ရင်းတွေဟာ တယောက်နှင့်တယောက် တဦးနှင့်တဦး တစုနှင့်တစုဆိုသလို သဘောကွဲလွဲနေကြတယ်။ တတိုင်းတပြည်လုံးမှာအလွန်အရေး

ကြီးပြီး မရှိမဖြစ်တဲ့ ကချီးသားလုံး ညီညွတ်ရေးဆိုတာဟာလဲ ပြိုကွဲပျက်စီး နေတယ်။ ဒီနေရာမှာ အနိစ္စရောက်ရှိသွားကြတဲ့ ဗိုလ်ချုပ် အောင်ဆန်းတို့ သခင်မြ၊ ဒီးဒုတ်ဦးဘချိုတို့ကိုလဲ ဆရာဟာ သတိရတိုင်း စိတ်မကောင်းဖြစ်ရပါတယ်။ ဆရာဟာ ဒီတပည့်တွေ လုပ်ဖေါ်ကိုင်ဘက်တွေကို ဘယ်သူ့သာစေ ဘယ်သူ့နာစေလို့ ဘယ်တော့မှ သဘောမထားပါဘူး။နောက်တုန်းကလဲမထားခဲ့ဘူး၊ ခုလဲမထားဘူး၊ ရှေ့လဲဘယ်တော့မှ ထားမယ်မဟုတ်ပါဘူး၊ ဒီတပည့်တွေအားလုံးဟာ ပြည်တွင်းငြိမ်းချမ်းရေးရပြီးနောက် ဒီမိုကရေစီဆိုတဲ့ လွတ်လပ်မှုများ အပြည့်အဝ ရယူကြလျက် တိုင်းပြည်အတွက် အပြိုင်အဆိုင် ကြိုးပမ်းမည်ဆိုရင်တော့ ဆရာလဲ သေပျော်ပြီလို့ ယူဆပါတယ်။ဒီအတိုင်းဆရာမြင်သွားချင်လို့ ဒီလိုကြိုးပမ်းနေခြင်း ဖြစ်ပါတယ်။

ဆရာဟာပြည်တွင်းငြိမ်းချမ်းရေးကို ဘာ့ပြုလို့ လိုလားသလဲဆိုတာ တော့အားလုံးဒုက္ခရောက်နေတဲ့ အကြောင်းအချက်များကို သိရှိပြီးဖြစ်ကြမယ်လို့ ဆရာယုံကြည်ပါတယ်။ အဲဒီဒုက္ခများမှာ ထင်ရှားပြီးအထိခိုက်ဆုံးသော အကြောင်းအချက်များကို ဆရာတင်ပြပြောဆိုလိုပါသေးတယ်။ဆရာဟာသီပေါဘုရင်လက်ထက်ကိုမှီခဲ့တယ်။ဗြိတိသျှအင်္ဂလိပ်အုပ်ချုပ်မှုအောက်မှာလဲ နေခဲ့ရတယ်။ ဂျပန်အုပ်ချုပ်မှုအောက်မှာလဲ နေခဲ့ရတယ်။ လွတ်လပ်ရေးရတဲ့ဒီအခြေအနေမျိုးမှာလဲနေခဲ့ရတယ်ဆိုတော့မြန်မာရာဇဝင်၄-ပိုင်းစလုံးကိုဘဲ ဆရာတွေ့ကြုံခံစားခဲ့ရတာဖြစ်တော့ ဘယ်ရာဇဝင်မှာဘယ်အခြေအနေရှိတယ်ဆိုတာ ဆရာအသိဆုံးဘဲဖြစ်ပါတယ်။ အဲဒီရာဇဝင် အဆက်ဆက်မှာ ဆိုရင် သီပေါဘုရင်ပါထွားပြီး တော်လှန် ပုန်ကန်ခြင်းများ၊ ဗြိတိသျှ အင်္ဂလိပ်ကို ဆန့်ကျင်တဲ့ပုန်ကန်မှုများ၊အဆက်ဆက် ဆရာစံ သူပုန်ကြီး၊နောက်အင်္ဂလိပ်တိုက်ထုတ်တဲ့ပွဲ၊ ဂျပန်မောင်းထုတ်တဲ့ပွဲနဲ့ ပထမကမ္ဘာစစ် ဒုတိယကမ္ဘာစစ်များဟာ ဆရာရဲ့မျက်မြင်ကိုယ်တွေ့ ခံစားရတဲ့ အချက်များဖြစ်တယ်။ အဲဒီသူပုန်အရေးတော်ပုံများနဲ့ ဖြစ်ပွါးခဲ့တဲ့ ကမ္ဘာ စစ်များမှာ အပျက်အစီးနဲ့ အသေအပျောက်ဆိုတာ မနဲလှပါဘူး၊ ထောင်သောင်းချီနေတာ ဆရာတွေ့ရပါတယ်။ အဲဒီလို ရာဇဝင် တွေ့ရှိချက်များနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ ပြည်တွင်းမငြိမ်သက်မှုကြီးဟာ အပျက်အစီးနဲ့ အသေအပျောက် အရေအတွက်ဟာ မနှိုင်းမယှဉ်သာအောင် ကြောက်မက်ဖွယ်လိလိပ်နေတယ်ဆိုတာကို တွေ့ရတော့ဆရာဘယ်စိတ်ကောင်းနိုင်ပါမလဲ။ ဆရာတိုင်းပြည်လွတ်လပ်ရေး ကျေညာနိုင်ပြီးတဲ့နောက်ငါ့တပည့်များစည်းစည်းလုံးလုံးနဲ့ တိုင်းပြည်ထူထောင်ရေး၊ ကမ္ဘာ့နိုင်ငံများနဲ့ ရင်ဘောင်တန်းနိုင်ရေးအတွက်အချိန်ကျရောက်လာပြီ၊ ငါတို့ချီမှတ်ခဲ့တဲ့ ရည်ရွယ် ချက်များ

တော့ အကောင်အထည်ပေါ်လာတော့မည်လို့ မျှော်လင့်ခဲ့ကြသခဲ့တယ်။ လက်တွေ့ကတော့ဆရာ့မျှော်လင့်ချက်နဲ့ လုံးဝကွာခြားနေတာတွေ့ရတယ်။ ဒီတော့ ဘယ်စိတ်ကောင်းနိုင်ပါအုံးမလဲ။ ဆရာကတော့ အစိုးရ ဖြစ်စေ၊ သူပုန်ကိုဘဲဖြစ်စေ၊ ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက် ကြပါလို့ အကြိမ်ကြိမ် မေတ္တာရပ်ခံနေခြင်းဘဲဖြစ်ပါတယ်။ ဆရာရဲ့သဘောအတော့ တိုင်းပြည်ဆုပ္ပအောင်ဖြစ်နေတာဟာဘယ်သူ့ကြောင့်ဖြစ်တယ်၊ ဘယ်ဝါ ကြောင့်ဖြစ်တယ်ဆိုတာတွေကို ဒီအချိန်မှာပြောဘို့မလိုကြဘူးလို့ ယုံကြည်ပါတယ်။မပြောကြဘို့ကိုလဲ ဆရာလေးလေးနက်နက်ကြီးဘဲ အားလုံးသော တပည့်များသို့ မေတ္တာရပ်ခံပါတယ်။ ဆရာဖြစ်စေလိုတာကတော့ ငြိမ်းချမ်းရေးကို ဘယ်သူဘဲဖြစ်ဖြစ် ရှေ့ရှုကြိုးပမ်းစေလိုတဲ့ သဘောဖြစ်ပါတယ်။ ဘာပြုလို့လဲ ဆိုတော့ပြည်တွင်းငြိမ်းချမ်းရေး မရရှိသမျှ ဘာမျှ တိုင်းပြည်အတွက်လုပ်လို့ကိုင်လို့မဖြစ်ဘူးဆိုတာကို ဆရာ တထစ်ချယုံကြည်ထားလို့ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ဆရာဟာ စစ်ဘေးဒဏ်ကို ခံခဲ့ကြရတဲ့ နိုင်ငံ တော်တော်များများကို ရောက်ရှိခဲ့တယ်။ ဒီနိုင်ငံတွေရဲ့ ထူထောင်ရေးများဟာ အတော် အောင်မြင်နေကြပါတယ်။ သူတို့ ပြည်သူတွေကလဲ အစွမ်းကုန် ကြိုးပမ်းကြတာ တွေ့ရတော့ ဆရာဟာ အားကျမိတယ်။ ဒို့ နိုင်ငံကတော့ ထူထောင်ရမဲ့အချိန်မှာ ပြည်တွင်းမငြိမ်းချမ်းမှုနဲ့ ရင်ဆိုင် နေကြရတယ်ဆိုတော့ဘယ်မျှ ခေတ်နောက်ကျနေတယ်။ သေကြေ ပျက်စီးနေတယ်ဆိုတာ အထင်အရှားဖြစ်နေတော့ ဘယ်စိတ်ကောင်းနိုင်ပါမလဲ။

ဆရာဟာပြည်တွင်း မငြိမ်မသက်ဖြစ်နေခြင်းကြောင့် တိုင်းပြည်မှာ ဆုံးရှုံးရတဲ့ အချက်များကိုသိရှိရသမျှ တင်ပြလိုပါတယ်။ဒုတိယ ကမ္ဘာစစ်နဲ့ ယခုပြည်တွင်းဖြစ်ပေါ်နေတဲ့မငြိမ်မသက်မှု (ပြည်တွင်းစစ်ဘဲခေါ်ချင်ခေါ်ပါ။သောင်းကျန်းမှုဘဲခေါ်ချင်ခေါ်ပါ။)သို့နှိုင်းစာ၍လျှင် ယခုဖြစ်နေတဲ့အခြေအနေဟာလူတွေပိုသေစေတယ်။မြို့ပျက်၊ရွာပျက်၊အိုးမဲ့အိမ်မဲ့ တွေပိုများနေတယ်။ငွေကုန်ကြေးကျဆိုတာဟာလဲအများဆုံးဖြစ်နေတယ်၊အလုပ်လက်မဲ့ ဆိုတာဟာလဲ မရေမတွက် နိုင်အောင် များပြား နေတယ်။ အခွန်တော်ကောက်ခံခြင်းဆိုင်ရာမှာလဲ အများပင်ကြီးမြင့်နေတယ်။ ကုန်ဈေးနှုန်း ဆိုတာလဲဆရာတို့မကြားဘူးလောက်အောင် အဆမတန် တက်နေတယ်၊ဂျပန်ခေတ်နဲ့ နင်လားငါလား လိုက်နေတယ်။ကျောင်းသားများမှာလဲကျောင်းမလုံလောက်၊ကျောင်းပစ္စည်းမလုံလောက်၊ ကျောင်းဆရာမလုံလောက် ဖြစ်နေကြတယ်။ အဲဒီမှာ ဆရာဟာ ၁၉၅၁-၅၂-ခုနှစ် ဘဏ္ဍာရေးနဲ့ အခွန်တော်ဝန်ကြီးရဲ့ ဘဏ္ဍာရေး မိန့်ခွန်းကိုဆရာကြည့်လို့ တွေ့ရတာတော့ ဒီလို ဆိုထားတယ်။

တောခိုသောင်းကျန်းမှုကြောင့်တိုင်းပြည်ကထိခိုက်နစ်နာဆုံးရှုံးခဲ့ရတဲ့ဘုထယ်ကို၁၉၅၅ခုနှစ်အထိတင်ပြရလျှင် သေကျေပျက်စီးတဲ့တိုင်းသူပြည်သားအရပ်သားပေါင်း ၂၂၀၇၇ ယောက်၊ပြည်သူ့ဝန်ထမ်းများ ၅၆၀၃ ယောက်ပစ္စည်း အဆုံးအရှုံးများ ဘက်ကဆိုလျှင်ပြည်သူပိုင် ပစ္စည်းတန်ဘိုး ၂၅ ကုဋေကျော်ဘိုးအကဲခတ်ပြီး ခန့်မှန်းနိုင်ပါတယ်။ အလုပ်အကိုင်ဆိုရဘယ်လိုင်အလုပ်အကိုင်မျိုးမှမကျန်အောင် ထိခိုက်နစ်နာခဲ့ရတယ်။ ဒါကြောင့်စစ်ဖြစ်ပြီး ၁၆နှစ်ကြာတောင်နှစ်စဉ်ထုတ်လုပ်နိုင်တဲ့ကုန်ပစ္စည်းတန်ဘိုးဟာစစ်မဖြစ်ခင်က စံချိန်နဲ့ ၈၉ ရာခိုင်နှုန်းလောက်သာရှိပါသေးတယ်။ အပျက်အစီးကြောင့်တိုင်းပြည်တခါနာနှစ်ခါနာမျိုးမဟုတ်ဘဲ သုံးခါနာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ရှိပြီးသားပစ္စည်းအဆောက်အအုံ ပျက်စီးတဲ့အတွက် ထိုလုပ်ငန်းအတွက် စိုက်ထုတ်လာရတဲ့ ငွေအင်အား လူအင်အား အလဟဿ ဖြစ်ခဲ့ရတယ်။ ပျက်စီးခြင်းကို ပြုပြင်တဲ့အခါ ငွေအင်အားသစ် လူအင်အားသစ်ကိုစိုက်ထုတ်ရပြန်တယ်။ အကယ်၍ အပျက်အစီးသာ မရှိခဲ့ပါမူအပျက်အစီးကို ပြုပြင်တဲ့ကိစ္စမှာ သုံးစွဲခဲ့တဲ့ အင်အားများကို လုပ်ငန်းသစ်တခုမှာ တိုးသုံးစွဲပြီး အကောင်အထည် ဖေါ်ထွားနိုင်ပါမယ်။

ဒီလိုမိန့်ခွန်းမှာ ဖေါ်ပြ ထားတယ် ဆိုတော့၊ တိုင်းပြည်ရဲ့ အခြေအနေဟာ အကောင်းဘက်မှာမရှိဘူးဆိုတာ ထင်ရှားမနေဘူးလား။ အစိုးရအဖွဲ့ခေါင်းဆောင်များရဲ့ မိန့်ခွန်းကိုကြားရတာကတော့ သောင်းကျန်းသူများဟာ အကြွင်းအကျန်ဘဲရှိလို့ ကောက်သင်းကောက်ရုံလောက် လိုတော့တယ်လို့ ပြောသံကြားရတယ်။ သို့သော် ဘယ်လိုဘဲဖြစ်စေကာမူ ကာကွယ်ရေး အသုံးစားရိတ်များဟာတနှစ်ထက်တနှစ်တိုး၍သာနေတော့ အခြေအနေဟာမကောင်းဘူးလို့ တွက်နိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ နိုင်ငံ ခြားကလာပြီးကျူးကျော်လို့ တိုက်နေတယ်ဆိုတာဟာ ယခုအချိန်မှာ ပြောပလောက်အောင် မရှိသေးဘဲ ကာကွယ်ရေးအသုံးစား ရိတ် များ နေတယ်ဆိုတော့ ပြည်တွင်း မငြိမ်မသက်မှုအတွက်အသုံးပြုနေရတယ် ဆိုတာ ထင်ရှားနေတယ်။ ဒါဟာမကောင်းတဲ့ အလားအလာဘဲလို့ ဆိုရမှာဘဲ၊ ဒီအခွန်တော်ငွေကို စုပေါင်းနှိုင်းယှဉ်ပြီး ကြည့်မယ်ဆိုရင် ၁၉၄၈-၄၉ ခုနှစ်ကိုတိုင်းသူပြည်သားများထံမှ အခွန်တော်ငွေ စုစုပေါင်း ၁၇ကုဋေ ကျပ်သာကောက်ခံတော့ လူတယောက်မှ အခွန်တော်ငွေကို ၈.၇၆ သာ ထမ်း ဆောင်ခဲ့ ကြရတယ်။ ၁၉၅၆-၅၇ ခုနှစ်မှာဆိုရင် အခွန်တော်ငွေစုစုပေါင်း ၈၉ ကုဋေ

ကျော်ကျပ်တိုးတက်ကောက်ခံတယ်ဆိုတော့လူတယောက်မှာ ၄ ဖြ ကျပ်နှုန်း ထမ်းဆောင်နေရပြီဖြစ်တယ်၊ ဒီအချက်တွင်ဘဲအခြေအနေကိုခန့်မှန်းနိုင်ကြပြီ ဖြစ်ပါတယ်။ လူ့ယဉ်ကျေးမှုများ၊ အကျင့်စာရိတ္တ များ ဆိုတာဟာလဲ အလွန်ဘဲပျက်စီးနေတာအဘင်အရှားဖြစ်နေတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိုလူတိုင်းက လိုချင်နေတယ်ဆိုတာ ဆရာအသေအချာသိနေပါတယ်။

ဆရာနောက်အရေးကြီးတဲ့ အချက်တချပ်ကို တင်ပြလိုပါသေးတယ်။ အဲဒါဘာလဲဆိုတော့ကမ္ဘာ့အခြေအနေဟာမကောင်းဘူးလို့ဆိုရမယ်။ ဒီမကောင်းထဲမှာ ကြား နေ နိုင်ငံဖြစ်လို့ လွတ်မယ်၊ မဆိုင်ဘူးလို့တော့ ဆရာ မယုံကြည်ဘူး။ ကမ္ဘာ့အခြေအနေတစုံတခု ဖြစ်လာရင်တော့၊ မြန်မာပြည်ရဲ့အခြေအနေဟာလဲဆိုးသွားဘို့ရှိနေတယ်လို့ ဆရာမြင်နေတယ်။ ဘာပြုလို့လဲဆိုတော့ ယခုကမ္ဘာမှာ အနုမြူတို့ ဟိုက်ဒရိုဂျင်တို့ ညူကလီယာတို့ ဆိုတဲ့ လက် နက် ဆန်း တွေ ထုတ် လုပ် နေ ကြတယ်။ စစ်သားနဲ့ စစ်လက်နက်တွေဆိုတာလဲ အပြိုင်အဆိုင် တပ်ဆင်နေကြတယ်။ လျော့နည်းမသွားသေးဘူး။ ကျူးကျော်မှုများလဲ ရှိနေပြီဆိုတော့ ကမ္ဘာ့စစ် ဖြစ်ပွါးလာမဲ့အရေးဟာ စိတ်အေးနေလို့မဖြစ်နိုင်ကြဘူး။ ဒီလူသတ်လက်နက်ကြီးများဟာ ဘယ်မျှဆန်းပြားလာသလဲဆိုရင် အနုမြူတလုံးဟာ လူတွေပစ္စည်းဥစ္စာမြောက်မြားစွာနဲ့ တိုက်တာ အိမ်ခြေ မြောက်မြားစွာ ပျက်စီး ပြာကျသွားနိုင်တဲ့ စွမ်းအားရှိနေတယ်။ ဒါထက် ထူးဆန်းလာတာကဆိုရင် တနေရာကနေပြီး မိုင်ပေါင်း ၅၀-သို့ ပစ်ခွင်းနိုင်တဲ့ လက်နက်၊ မိုင်ပေါင်း ၁၅၀-အထိ ပစ်ခွင်းနိုင်တဲ့ လက်နက်မှ နောက်ဆုံးဆိုရင် မိုင် ၂၀၀၀-အထိ ပစ်ခွင်းနိုင်တဲ့အနုမြူလက်နက်များ ထုတ်လုပ်နေကြပြီဆိုတော့ ကမ္ဘာ့အခြေအနေဟာစိတ်ချ လက်ချနေလို့ ဘယ်ဖြစ်နိုင်တော့မှာလဲ။ ဒီအချက်မှာ မြန်မာပြည်နဲ့ သက်ဆိုင် အကျိုးပြုနိုင်မှုများကို ဆရာသိသမျှ ပြောကြားလိုသေးတယ်။ အရှေ့တောင်အာရှဒေသမှာရှိတဲ့ အမေရိကန် အင်္ဂလိပ်လက်နက်တပ်များကို အနုမြူလက်နက်များ တပ်ဆင်ပြီး စင်္ကာပူ၊ ယိုးဒယား၊ ပါကစ္စတန်စတဲ့ ဆီးတိုးဝင်နိုင်ငံများမှာ အနုမြူ လက်နက်များ သိုလှောင်ထားဘို့ ပြင်ဆင်နေကြပြီလို့ ဆိုတဲ့ ခိုင်လုံတဲ့သတင်းဘဲဖြစ်တယ်။ ဒီနိုင်ငံတွေဟာ မြန်မာပြည်နဲ့ နယ်ချင်းစပ်နေတယ်။ မြန်မာပြည်ကို ဝိုင်းရံတည်ရှိနေတဲ့ နိုင်ငံများဖြစ်တယ်။ ဒီလိုဆိုတော့မြန်မာပြည်ဟာ ဘယ်လိုမှစိတ်ချလက်ချ နေလို့ မဖြစ်နိုင်ကြဘူးဆိုတာ ဆရာတာ တွေးတိုင်းတွေးတိုင်းစိတ်မအေးဖြစ်နေရတယ်။

ဒီလိုအခြေအနေမျိုးမှာ ပြည်တွင်းရေးကလဲ မကောင်းဘူး နိုင်ငံတကာ အခြေအနေကလဲမကောင်းဘူးလို့ ဆိုရင် ငါတို့မြန်မာပြည်ရဲ့ အခြေ

အနေဟာ တိုင်းပြည်နဲ့ လူမျိုးပါပျောက်လောက်အောင် အကျိုးပေးနိုင်ကယ်ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။ ဒီ ဘေးဒုက္ခများကို ကျော်လွှန် နိုင်တာဟာ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ တမျိုးသားလုံး ညီညွတ်ရေးတည်ဆောက်နိုင်မှ ဖြစ်မယ်လို့ ဆရာအခိုင်အမာ ယုံကြည်နေပါတယ်။ ဒီအချက် ၂-ချက်ကို တမျိုးသားလုံးဝိုင်းပြီးကြိုးပမ်းကြဖို့ ဆရာ အသူးမေတ္တာရပ်ခံပါတယ်။ ဒီ ၂-ချက်ကို ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တမျိုးသားလုံးက ကြိုးပမ်းသင့်ကြပြီ ဖြစ်ပါတယ်။ ဆရာရဲ့သဘောထားကတော့ ဒီအခြေအနေမှာ နိုင်ငံရေး သဘော ကွဲလွဲမှုများတင်ပြဘို့ မလိုတော့ဘူး။ နိုင်ငံရေး သဘော ကွဲလွဲမှုများ ရှိသင့်သမျှရှိရအုံးမယ်။

ဒီသဘောကွဲလွဲမှုရှိလို့ ငြိမ်းချမ်းရေး မလုပ်နိုင်ဘူးလို့ လဲဆရာမယုံကြည်ဘူး ဒါကြောင့်ဆရာတော်များရဲ့ ဩဝါဒမိန့်ခွန်းအတိုင်း သမသာကိုယ်မနာ နည်းနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအရ ယူကြပါဆိုတာဟာ တရားနည်းလမ်းအကျဆုံး အမှန်ကန်ဆုံးလို့ ယုံကြည်တယ်။ ဒါကြောင့် သမသာကိုယ်မနာနည်းနဲ့ ပြည်တွင်းစစ်ကို အမြန်ရပ်စဲဘို့ ဆရာကြိုးပမ်းမယ်။ ဆရာတော် သံဃာတော်များပရိသတ်များအားလုံး တတိုင်းတပြည်လုံးကလဲဆရာတော်များရဲ့ ဩဝါဒအတိုင်း သမသာကိုယ်မနာနည်းနဲ့ အမြန်ဆုံးအချိန်အတွင်းပြည်တွင်းစစ်ရပ်စဲရေးအတွက်ဆန္ဒပြုကြိုးပမ်း ကြပါရန် ဆရာမသေခင်မြင်သွားလိုတဲ့ငြိမ်းချမ်းရေးကို အရယူကြပါရန်၊ လေးလေးနက်နက်ကြီးမေတ္တာရပ်ခံလိုက်ပါတယ်။

ပြည်သူ့ ညီညွတ်ရေးပါတီ၏ ငြိမ်းချမ်းရေးမူ

ဦးသိန်းဖေမြင့် ခေါင်းဆောင်သော ပြည်သူ့ ညီညွတ်ရေး ပါတီမှ ပြည်တွင်းငြိမ်းချမ်းရေးသဘောထားတရပ်ကို သတင်းစာများတွင်ထုတ်ပြန်ခဲ့သည်။ ထိုသတင်းကို ကြေးမုံသတင်းစာ ၂၅၊၄၊၅၇ ခုနေ့တွင် ဖေါ်ပြထားသည်။

ဦးသိန်းဖေမြင့်တို့ပါတီက။

တောတွင်းသို့။ ။မြန်မာပြည် ကွန်မြူနစ်ပါတီအစရှိသော သူပုန်များသည် (က) လက်ရှိတည်ဆဲ အစိုးရအဖွဲ့ကိုဖယ်ရှားပြီး အစိုးရအဖွဲ့သစ်တည်ဆောက်ရန် ကြိုးစားသောအားဖြင့်၎င်း၊ လက်နက်ကိုင် ပုန်ကန်ထကြွခြင်းသည် မလိုလားအပ်ပြီ ဖြစ်ကြောင်းယတိပြတ်ဆုံးဖြတ်ရန်၊ (ခ) ယင်းသို့ ဆုံးဖြတ်ပြီးနောက် ဘယ်ပုံတယ်နည်း မိမိတို့ လက်မှာရှိသော လက်နက်

များကိုစွန့်လွှတ်မည်ကို နည်းလမ်း ရှာဖွေရန်။ (ဂ) တရားဝင် ပါတီများ အဖြစ်ဖြင့် မိမိတို့ပန်းတိုင်အရောက် ဆောင်ရွက်သွားမည်ကို နည်းလမ်းများ ရှာဖွေရန်တိုက်တွန်း၏။

အစိုးရသို့။ "အခြားတဖက်ကလည်း အစိုးရက (က) ကွန်မြူနစ်ပါတီစသော သူပုန်များကအဘယ်သို့ဘယ်ပုံ လက်နက် စွန့်လွှတ်ရမည် ဟူသော အချက်။ (ခ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရတရားဝင်သော တခုဘည်းသော ကပ်မတော်နှင့်တခုတည်းသော ပုလိပ်အဖွဲ့ အစည်းမှတပါး မည်သည့်အဖွဲ့အစည်းမှအိတ်ဆောင်လက်နက်ကိုင် အဖွဲ့အစည်းမရှိရဟူသော အချက်။ (ဂ) သူပုန်များ အပေါ်တွင် အာဃာတ မထားသင့်ပုန်းချေသဘောထားပြီးအဘယ်ပုံ ဘယ်နည်း ချင်းချက်မရှိ လွတ်ငြိမ်း ချမ်း သာ ခွင့်ပေးမည် ဟူသောအချက်။ (ဃ) မတရားသင်း ကြေညာထားသော ပါတီအဖွဲ့အစည်းများကိုဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရဘယ်ပုံဘယ်နည်း တရားဝင်ကြေညာပေးမည်ဟူသောအချက်....။

ထိုသို့သောအချက်မျိုးများတွင် အခြေခံ၍ ကွန်မြူနစ်ပါတီအစရှိသော သူပုန်များနှင့်ဆွေးနွေးပြောဆိုကာ ပြည်သူလူထုကလိုလားတောင့်တနေသောငြိမ်းချမ်းရေးကိုအရယူပေးပါရန် တိုက်တွန်းပါကြောင်းဖြင့်ကြေညာကြလေသည်။

ပမညတက ပြည်တွင်းငြိမ်းချမ်းရေး သဘောထား ထပ်မံ၍အလေးအနက်ပြုခြင်း

ပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီမှ တွေ့ဆုံဆွေးနွေးရေးကို အကြီးအကျယ်လှုပ်ရှားလာသည်နှင့်အတူနိုင်ငံရေးတပ်ဦးဖြစ်သော ပမညတကလည်းမိမိ၏ နိုင်ငံရေး သဘောထားကိုထပ်မံ၍ ၆၊၅၊၅၇ တွင်အောက်ပါအတိုင်းထုတ်ပြန်ခဲ့လေသည်။

ပြည်တွင်း ငြိမ်းချမ်းရေးနောက်ဆုံးအခြေအနေများ နှင့်ပတ်သက်၍ ပ၊မ၊ည၊တ ၏ကြေညာချက်

၁။ ပ၊မ၊ည၊တ သည် တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့်သူပုန်တွေ့ဆုံဆွေးနွေးကာ ပြည်တွင်းစစ်ကို ရပ်စဲရန်ဟူသော နိုင်ငံရေး လမ်းစဉ်ကို ချမှတ်ခဲ့လေသည်။ ထိုလမ်းစဉ်ကို ရဟန်းရှင်လူ ပြည်သူလူထုအပေါင်းတို့သည် နေ့စဉ်နှင့်အမျှနည်းအမျိုးမျိုးနှင့် လောက်ခံလျက်ရှိကြသည်။ ထို့ကြောင့် ပ၊မ၊ည၊တ သည် ယနေ့အထိ ထိုလမ်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပေသည်။

၂။ မိမိတို့ကိုယ်တိုင်ဆောင်ရွက်လျက်ရှိသည်သာမက ထိုလမ်းစဉ်ကို အထောက်အကူဖြစ်မည့်လုပ်ငန်းဆိုလျှင်မည်သူကလုပ်လုပ် လုပ်သလောက် ပ၊မ၊ည၊တ မှထောက်ခံအားပေးခဲ့သည်။ ဝန်ကြီးချုပ်ဦးနုက ပါလီမန်တွင် 'ငြိမ်းချမ်းရေးကိုလိုလားပါသည်။ သူပုန်များအပေါ် အာဃာတမထားပါ' စသော သဘောထားများကို ဖေါ်ပြသည့်အတွက် ပ၊မ၊ည၊တ အမတ်များက ခရီးဦးကြိုဆို ထောက်ခံ၍ အပြုတ်တိုက်ရေးပို့ ဆောင်ချက်များကိုမူ အပြင်းအထန် ကန့်ကွက်ခဲ့လေသည်။ တဖက်နှင့်တဖက်အပြစ်အာဃာတတွေကိုသင်ပုန်းချေ၍ ငြိမ်းချမ်းရေးကို ကိုယ်မသာသူမနာနည်းဖြင့် လုပ်ရန်ဟူသော သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော ဂ - ဦး ကော်မတီကိုလည်း ထောက်ခံအားပေးလျက်ရှိလေသည်။

၃။ ယခုအခါ ငြိမ်းချမ်းရေးသည်ပြည်သူလူထုနှင့်ပါတီအဖွဲ့အစည်း အားလုံးတို့၏ လက်ငင်း ပြဿနာဖြစ်နေရာ လူတိုင်း အဖွဲ့အစည်းတိုင်းက ပြောဆိုနေကြသည်။ အဖြေရှာနေကြသည်။ ငြိမ်းချမ်းရေး ဖြစ်နိုင်မည်ထင်သောနည်းလမ်းများကို တင်ပြနေကြသည်။ ဤသို့ငြိမ်းရေးရနိုင်သောနည်းလမ်းအမျိုးမျိုး၊ မူအမျိုးမျိုးပေါ်ရခြင်းသည် ငြိမ်းချမ်းရေးကိုမရရအောင် ရှာဖွေခြင်းဖြစ်သဖြင့် ပ၊မ၊ည၊တ သည် ကောင်းသောလက္ခဏာဖြစ်သည် ဟု ယူဆသည်။ တချိန်တည်းမှာပင် ငြိမ်းချမ်းရေးရန်သူများ၏ ပုံစံအမျိုးမျိုး နည်းအမျိုးမျိုးတို့ဖြင့်ရှုပ်ထွေးအောင် လုပ်ကြံလာကြသော အန္တရာယ်များကိုလည်း ပ၊မ၊ည၊တ နှင့်ပြည်သူတို့သည် အစဉ်သတိရှိစွာဖြင့် ကာကွယ်ကြရန်လိုအပ်ပေသည်။ သို့သော် တနေ့တွင်အဖက်ဖက်က လက်ခံနိုင်သောနည်းလမ်းဖြင့် ငြိမ်းချမ်းရေးကိုဧ စပ်ဆွေးနွေးသောမှုဖြင့်ရရှိလာလိမ့်မည်ဟုယုံကြည်မြော်လင့်ပေသည်။

၄။ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက် ရာ၌ အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးတွင် ပြည်သူတို့က အစဉ်သဖြင့် မျက်ခြေမပြတ်ကြိုးပမ်းလုပ်ဆောင်ကြရမည့်အခြေအနေ ၃ ရပ်မှာ (၁) အမျိုးသားလွတ်လပ်ရေးကို နယ်ချဲ့သမားတို့၏ ဝင်ရောက်ခြယ်လှယ်မှုဘေးအန္တရာယ်မှကာကွယ်မှု။ (၂) ဆုံးရှုံးနေသော ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများကို ပြန်လည်ဖေါ်ထုတ်မှု။ (၃) ပါတီအဖွဲ့အစည်းအသီးသီးတို့ လွတ်လပ်ငြိမ်းချမ်းစွာ ယှဉ်ပြိုင်လှုပ်ရှားနိုင်မှုတို့ဖြစ်ပေသည်။ ဤအခြေအနေများကို ဆက်တိုက်ကြိုးပမ်းနိုင်ကြသည်နှင့်အမျှ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်

လည်တည်ဆောက်ရာတွင် ပိုမိုလွယ်ကူလာပေမည် ဖြစ်လေသည်။ တနည်းအားဖြင့် ဤအခြေအနေများကို အပြည့်အဝ လုပ်ဆောင်ရေး၌ ပြည်တွင်းစစ်ကို ရပ်စဲရန် အပူတပြင်းလိုအပ်သကဲ့သို့ပြည်တွင်းစစ်ကိုရပ်စဲနိုင်ရန်လည်း ဤအခြေအနေများကို ယခုကပင်စတင်ဖန်တီးကြရန်လိုက်ပေသည်။

၅။ ငှင်းပြင် ဗမာပြည်သူတို့သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကိုပြန်လည်တည်ဆောက်ကြရာ၌ယနေ့နိုင်ငံတကာရေးရာတို့တွင် နယ်ချဲ့သမားတို့၏ ဝင်ရောက်ခြယ်လှယ်မှု အန္တရာယ်များကို ခံစားနေကြရကုန်သော အင်ဒိုနီးရှား၊ ပသက်လာအို၊ အီဂျစ်၊ ဂျော်ဒင်၊ ဂွါတီမာလာ၊ ဟန်ဂေရီ၊ ဗီယက်နမ်စသော နိုင်ငံများမှသင်ခန်းစာများကိုရယူကာကြကွယ်ကြရန် အထူးလိုအပ်ပေသည်။

၆။ ပမညတ သည်အစိုးရနှင့် သူပုန်တွေ့ဆုံ ဆွေးနွေး၍ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ပြည်သူ လူထုနှင့်အခြား အဖွဲ့အစည်း ပုဂ္ဂိုလ် များနှင့်အတူကြိုးပမ်းသွားမည် ဖြစ်ပေသည်။ တချိန်တည်းတွင် ယခု အခါတမျိုးသားလုံးလက်ခံနိုင်သော အမျိုးသားလွတ်လပ်ရေးကာကွယ်ထိန်းသိမ်းရေး၊ စစ်အုပ်စုဆန့်ကျင်ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အမျိုးသား စီးပွါးရေးနှင့်ယဉ်ကျေးမှုထူထောင်ရေးလုပ်ငန်းများကို မည်သည့် ပါတီအဖွဲ့အစည်းအင်အားစုနှင့်မဆို တွဲဖက်လုပ်ဆောင်သွားမည် ဖြစ်ပေသည်။ ဤလုပ်ငန်းစဉ်နှင့် ဆောင်ရွက်ချက် များကြီးမားမြင့်ထွား လာမှုသည် ငြိမ်းချမ်းရေးအတွက်ကြီးစွာသောအထောက်အကူဖြစ်ပေသည်ဟု ယုံကြည်လျက်ရှိပါကြောင်း။

ကရင်အမျိုးသားများ၏ဆန္ဒ

၁၀-၅-၅၇-နေ့ထုတ် ရန်ကုန်သတင်းစာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ ဗမာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ သဘောထားကို ဖေါ်ပြထား၏။

မိမိတို့သည် စတင်တည်ထောင်သည့် အချိန်မှစ၍ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့် တော်လှန်ရေး အင်အားစုများ တွေ့ဆုံဆွေးနွေးကာ ပြည်တွင်းစစ် ရပ်စဲရန်ဟူသော လမ်းစဉ်ကို ချမှတ်ခဲ့ကြကြောင်း။ ဤနည်းဖြင့် ငြိမ်းချမ်းရေး အရယူရန် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ ရဟန်းရှင်လူပြည်သူ တရပ်လုံးနှင့် လူထုလူတန်းစား လူမျိုးရေးနိုင်ငံရေး အဖွဲ့အစည်းပါတီအသီးသီးက နေ့စဉ်နှင့်အမျှအင်အား ကြီးမားစွာဖြင့် ထောက်ခံလျက် ရှိပေသည်။

သို့အတွက်ကြောင့်ကျွန်ုပ်တို့မြန်မာနိုင်ငံလုံးဆိုင်ရာကရင်အမျိုးသားအဖွဲ့ချုပ်အနေဖြင့် ပြည်သူတွေပိုမိုရှိ၍သောကြေ ပျက်စီးပြီး ဘေးဒုက္ခ အမျိုးမျိုးကို ဆိုက်ရောက်စေမည့် အပြုတ်တိုက်ရေးထမ်းစဉ်ကိုဆန့်ကျင်ကန့်ကွက် ၍ပြည်သူတို့၏ သေကြေပျက်စီးမှုမရှိဘဲ ပြည်တွင်း ငြိမ်းချမ်းရေးကို အရယူရန် ဆောင်ရွက် လျက် ရှိသော ဆရာကြီး သခင် ကိုယ်တော်မှိုင်း အမှူးရှိသော ငြိမ်းချမ်းရေး ဂ-ဦးကော်မီတီ၏ လုပ်ငန်းစဉ်များကို လေးလေးနက်နက် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ဖေါ်ပြပါရှိလေသည်။

သူ့မနာကိုယ်မနာ တရားသာ ငြိမ်းချမ်းရေးပေးနိုင်မည်

အထက်ပါသတင်းစာတွင်ပင် မေလ၊ ၉-ရက်နေ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အိမ်တွင် ကျင်းပသော သူမနာကိုယ်မနာ ငြိမ်းချမ်းရေး သဘောထားကိုထပ်မံရှင်းလင်းသည့် သတင်းစာ ဆရာများနှင့် တွေ့ဆုံဆွေးနွေးပွဲသတင်းကို ဖေါ်ပြထားသည်။

ထိုငြိမ်းချမ်းရေး ဂ-ဦးကော်မီတီက သတင်းစာဆရာများကို ထပ်မံရှင်းလင်းတင်ပြရာ၌ သူမနာ ကိုယ်မနာ ငြိမ်းချမ်းရေး သဘော ထားသည် မည်သူ့အားမျှ ထိခိုက်နစ်နာမှုမရှိဘဲ ပြည်သူ့အကျိုးကိုသာပို၍ဆောင်သော သဘောထားဖြစ်သဖြင့် မြဲမြံသော ဒုတ်မကျိုးစေဘဲ အကျိုး ပြီးမြောက်နိုင်ပေသည်။

ဤသူမနာကိုယ်မနာ အခြေခံသဘောထားဖြင့်ဆောင်ရွက်ရရှိသော ငြိမ်းချမ်းရေးသည်သာလျှင် စစ်မှန်သော ငြိမ်းချမ်းရေး၊ ယုံကြည် စိတ်ချရသော ငြိမ်းချမ်းရေးဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သည် ဤသဘောထားကို အခြေခံ၍ ပြည်သူလူထုနှင့်အတူလက်တွဲလျက်စစ်မှန်သော ငြိမ်းချမ်းရေးပန်းတိုင်သို့အမှန်ပင် ချီတက်သွားမည်ဖြစ်ကြောင်း ပြည်သူတရပ်လုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ကျွန်ုပ်တို့နှင့် အတူမကွဲမကွာ လက်တွဲချီတက်ကြလိမ့်မည်ဟု ယုံကြည်ကြောင်းစသည်ဖြင့် ဆွေးနွေးဖေါ်ပြသွားကြောင်း တွေ့ရှိရ၏။

ဆွေးနွေးခြင်းမလုပ်နိုင်၊ အပြုတ်တိုက်ကြ

၉-၅-၅၇-နေ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးစီးသောပြည်တွင်းငြိမ်းချမ်းရေး ဂ-ဦးကော်မီတီမှ သူမနာကိုယ်မနာနည်းသာ စစ်မှန်ပြေငြိမ်းရေးဖြစ်ကြောင်း သတင်းစာဆရာများနှင့် တွေ့ဆုံရှင်းလင်းပြီးနောက် ၆-ရက်မျှကြာသောအခါ ၁၅-၅-၅၇ နေ့က ဖဆပလအဖွဲ့မှကြီး

မှူးကျင်းပသော လုထုတရားပွဲ၌ ဒုဝန်ကြီးချုပ် ဦးကျော်ငြိမ်း တက်ရောက်၍ မိန့်ခွန်းစကားပြောကြားလေသည်။ ဦးကျော်ငြိမ်းက ပြည်တွင်းငြိမ်းချမ်းရေး အကြောင်းပြောရာ၌ မိမိတို့အစိုးရသည် သူပုန်များနှင့်မျက်နှာစုံညီ တွေ့ဆုံ၍ မဆွေးနွေးနိုင်ကြောင်း ပြောဆိုသွား၏။

ထိုနောက်တဖန် သံလျှင်မြို့တွင် စီးပွါးကုန်သွယ်ရေး အဖွဲ့မှ ဦးစီး ကျင်းပသည့်ညီလာခံ၌ ဝန်ကြီး သခင်ကျော်ထွန်း တက်ရောက်၍ မိန့်ခွန်း ပြောဆိုပြီး၊ သောင်းကျန်းသူရောင်စုံများအား အပြုတ်တိုက်ရေးကိုဆုံးဖြတ် ခဲ့ကြလေသည်။

ပြည်လုံးကျွတ်ငြိမ်းချမ်းရေးညီလာခံ ပြင်ဆင်ခြင်း

၄-ဂ-၅၇-နေ့က ရန်ကုန်မြို့ မြေနီကုန်း ရတနာပုံ ရုပ်ရှင်ရုံခန်းမ ဆောင်၌ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ အစည်းအဝေးတရပ်ကျင်းပ သည်။

ထိုအစည်းအဝေး၌ ဆရာကြီးဒေါ်ကိုယ်တော်မှိုင်းက မိန့်ခွန်းစကား ပြောကြားရာ၌ ပြည်တွင်းစစ်သည် နိုင်ငံရေးအရဖြစ်နေသည်။

ယနေ့ဖြစ်ပေါ်နေသော ပြည်တွင်းမငြိမ်မသက်မှုဟာ နိုင်ငံရေးအရ ဖြစ်နေခြင်းဖြစ်ရာ ဒီပြဿနာကို ဖြေရှင်းရာမှာ တောထဲမှာရှိတဲ့ဆရာ့တပည့် တွေကိုလက်နက်ချဘို့ပြောဖေချင်တာဟာ မလွယ်ပါဘူး။ ဆရာလဲဒါကိုဖြစ် သင့်တယ်ဖြစ်နိုင်တယ်လို့ ယုံကြည်ဘို့ အလွန်ခဲယဉ်းပါတယ်၊ ဆရာယုံကြည် နေတာကတော့ ကျောင်းထိုင်ဆရာတော်များ ဩဝါဒပေးတော်မူတဲ့ ကိုယ် မနာသူမနာ တရားမျှတသော နည်းသာ အကောင်းဆုံးဖြစ်တယ်လို့ စွဲမြဲစွာ ယုံကြည်ပါတယ်။ ဒီနည်းနဲ့သာ အမြန်ဆုံး ပြီးမြောက်နိုင်ပါတယ်။ ဆရာတို့ ကတော့ ဆရာတော်ကြီးများ၏ ဩဝါဒအတိုင်း အောင်မြင်အောင် ဆောင် ရွက်သွားမည် ဖြစ်ကြောင်းဖြင့်ပြောဆိုခဲ့၏။

ထိုနောက်အစည်းအဝေးကြီးက ပြည်တွင်း ငြိမ်းချမ်းရေး အတွက် အားသွန်ကြိုးပမ်းကြပါရန် ပြည်သူလူထုကြီးသို့ ပန်ကြားလွှာကိုထုတ်ပြန် လေသည်။

ထိုပန်ကြားလွှာ၌ ဖေါ်ပြထားသည်မှာ ငြိမ်းချမ်းရေးကို ပြန်လည် တည်ဆောက်ရာ၌ တဦးပေါ်တဦးမလိုမုန်းထား အာဃာတ တရားများကို ဖယ်ရှား၍ သူမနာကိုယ်မနာ ကိုယ်ချင်းစာ မေတ္တာတရားများကို ပွါးများ ကာ မညီမညွတ်မသင့်မတင့် ပဋိပက္ခမှုမှန်သမျှတို့ကို ရပ်စဲကြရန်အချိန်ကျ ရောက်လျက်ရှိပေပြီ သို့မှလည်း ငြိမ်း ချမ်း ရေးကို ခိုင် မာ သော နည်း ဖြင့်

ဆောက်တည်နိုင်မည် ဖြစ်ပေသည်။ ပြည်သူ လူ ထု တ ရပ် လုံး သည်လည်း ပြည်တွင်းစစ်နှင့် ပတ်သက်သော ကာယကံရှင်တို့အား သူမနာကိုယ်မနာ ကိုယ်ချင်းစာတရားကို လက်ခံစေ၍ ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲ ကြစေ ရန်အတွက် ဝိုင်းဝန်း၍အားသွန်ကြိုးပမ်းကြရန်ရှင်း၊ အလေးအနက်မေတ္တာ ရပ်ခံပန်ကြားအပ်ပါကြောင်းစသည်ဖြင့် ပါရှိ၏။

သူပုန်နှင့်ဘယ်တော့မှမခေ စပ်မဆွေးနွေး

ပြည်သူတို့၏ သူမနာကိုယ်မနာ ငြိမ်းချမ်းရေးလှုပ်ရှားမှုပြင်းထန်နေ စဉ် ၁၉၅၇-ခုနှစ်အောက်တိုဘာလ ၁၁-ရက် (၁၁-၉-၅၇) နေ့တွင် ဖဆပလ တော် တပ်မှူးများညီလာခံ ကျင်းပ၏။ ထိုညီလာခံ၌ ဒုဝန်ကြီးချုပ်နှင့်ကာ ကွယ်ရေးဝန်ကြီးဖြစ်သူ ဦးဗဆွေ မိန့်ခွန်းပြောရာ၌သူပုန်တွေနဲ့ ဘယ်နည်း နဲ့မှ တွေ့ဆုံ ဆွေးနွေး စေ့စပ်မည်မဟုတ်ကြောင်း ပြောဆိုသွားခဲ့၏။

ပြည်တွင်းငြိမ်းချမ်းရေးအတွက်တော်လှန်ရေး အင်အားစုများနှင့်တွေ့ဆုံရေး

၁၅-၉-၅၇ နေ့က ပြည်တွင်း ငြိမ်းချမ်းရေး ဂ-ဦးကော်မီတီက တောတွင်းတော်လှန်ရေးအင်အားစုများနှင့် တွေ့ဆုံရေးအကြောင်းကို ပြည် သူလူထုသို့ထုတ်ပြန်ကျေညာလေသည်။

ထိုကျေညာချက်၌ ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့က ဖေါ်ပြထား သည်မှာ-

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သည်ကျောင်းထိုင် ဆရာတော်ကြီးများ ၏ ပထမဩဝါဒကို ပြည်သူများသို့ တင်ပြခဲ့ရာ၊ ရဟန်းရှင်လူ ပြည်သူတရပ် လုံးကတခဲနက်ဝိုင်းဝန်း ထောက်ခံ အားပေးခဲ့ကြပေသည်။ .... လေ့လာခဲ့ သမျှကာယကံရှင် နှစ်ဖက်စလုံးကပင် တိုက်ခိုက်မှုကိုမလိုလား ကြောင်းမှာ ပေါ်လွင်လျက်ရှိသည်၊ သို့ဖြစ်ရာပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့သည် ၎င်းတို့ နှင့်တွေ့ဆုံရင်းနှီးစွာ ဆွေးနွေးနိုင်ခြင်းဖြင့် ကာယကံရှင်တို့၏ သဘောထား အချက်အလက် အစုံအလင်ကို အတိအကျ စုဆောင်းရရှိသော အချက်အလက် များမှတူညီသောအချက်အလက်များကိုပေါင်းစပ်ပေးနိုင်မည်ဖြစ်ပေသည်။ ထိုသို့ပေါင်းစပ်ပေးခြင်းအားဖြင့် အတိုက်အခိုက်ရပ်စဲနိုင်သည့် အခြေအနေ သို့ဆိုက်ရောက် နိုင်ပေလိမ့်မည် ဟုယုံကြည်ကြသည့်အလျောက် ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့သည် တော်လှန်ရေး အင်အားစုတို့နှင့် တွေ့ဆုံ ဆွေးနွေး ရေးအတွက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဆွေးနွေးရန်ကြိုးစားခဲ့ကြပါသည်။

တော်လှန်ရေးအင်အားစုများနှင့် တွေ့ဆုံခွင့်ပြုရန်နှင့်တွေ့ဆုံနိုင်ရန် စီစဉ်ပေး ဘို့အတွက် ဆောင်ရွက်ပေးရန် ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့သည်

နိုင်ငံတော်ဝန်ကြီးချုပ် နှင့်တွေ့ဆုံ၍ မေတ္တာရပ်ခံစာတစောင် ကို ပေးပို့ ခဲ့ပါသည်၊ မေတ္တာရပ်ခံစာတွင် တော်လှန်ရေး အင်အားစုများနှင့် တွေ့ဆုံခွင့်ပြုရန်နှင့် တွေ့ဆုံနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက စီစဉ်ပေးပါရန်-ဟူ၍ ဖြစ်ပါသည်။

အစိုးရကပြန်ကြားချက်။ ။နိုင်ငံတော်အစိုးရသည်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၏ မေတ္တာရပ်ခံချက်နှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားကို သတင်းစာတိုက်သို့ထုတ်ပေးပြီး ၂-ရက်ခန့် အကြာတွင်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သို့ အင်္ဂလိပ်စာ၊မြန်မာစာနှစ်မျိုးပါသော စာမူများကိုပေးပို့ ရရှိခဲ့ပါသည်။၎င်းစာမူ၏လိုရင်းမှာ-

(၁) အဆိုပါငြိမ်းချမ်းရေးအဖွဲ့ဝင်တို့အား၊သူပုန်နယ်သို့ သွားပါဟူ၍သည်း အစိုးရကမတိုက်တွန်း၊ မသွားပါနှင့်ဟူ၍ သည်းအစိုးရက မတားဆီးမပိတ်ပင်။

(၂) အဆိုပါငြိမ်းချမ်းရေးအဖွဲ့ဝင်တို့သည် ငြိမ်းချမ်းရေး ဆောင်ရွက်ရန်အတွက် မိမိတို့သဘောနှင့် သူပုန်နယ်သို့သွားရောက်လျှင်ဥပဒေအရ အရေးမယူပါရန်၎င်းတို့၏ တောင်းဆိုသော အချက်ကို၊ယခုတကြိမ်တွင် ခွင့်ပြုမည်ဖြစ်ကြောင်း။

(၃) အဆိုပါငြိမ်းချမ်းရေးအဖွဲ့ဝင်တို့သည် သူပုန်နယ်သို့သွားရန်အတွက် အစိုးရက တာဝန်လည်းယူမည်မဟုတ်၊ မည်သည့် အစီအစဉ်ကိုမှ လည်းပြုလုပ်ပေးမည်မဟုတ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ကျေညာချက်အရဆိုပါကပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် တော်လှန်ရေးအင်အားစုများတွေ့ဆုံနိုင်ရေးမှာ လက် တွေ့ တွင် အစက်အခဲနှင့်ရင်ဆိုင်နေရပါသည်။

မည်သို့ပင် ဖြစ်စေ....ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့သည် ရဟန်းရှင်လူ ပြည်သူလူထုနှင့်အတူ လက်တွဲ ဆောင်ရွက်နေသောအဖွဲ့ဖြစ်ရကား၊ အခါအားလျော်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူသို့တင်ပြအပ်ပါသည်ဟုဖော်ပြထား၏။

လက်နက်ချရေးမှတပါးအခြားနည်းမရှိ
အစိုးရက မဆွေးနွေးနိုင်

အစိုးရကက်ဘိနက်အဖွဲ့ အစည်းအဝေးကို(၁၇-၁၀-၅၇)နေ့တွင် ကျင်းပကျသည်။ အစည်းအဝေးဆုံးဖြတ်ချက်ကို သခင်ကျော်ထွန်းကဆရာကြီးသခင်ကိုယ်တော်မှိုင်းအား သွားရောက်အသိပေးလေသည်။ဆုံးဖြတ်ချက်

မှာ သူပုန်တို့နှင့် စေ့စပ်ခြင်းမပြု။လက်နက်ချလျှင်လက်ခံမည်။ အပြစ်ရှိလျှင် ဆက်ညှာမည်ဟု ပါ်ီမံ ဝန်ကြီးချုပ်က ရှင်းလင်းပြောခဲ့ပြီးဖြစ်၏။ ထိုမှ ဆို့ပြင်ရန်မလိုဘဲ သူပုန်တို့ လက်နက်ချရန်သာရှိသည်ဟူ၍ ဖြစ်သည်။

ဤဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဘုရားဟော မဟုတ်ပါဘူးကွ ပြင်ချင်ရင်ရပါတယ်ဟ ဟု ပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးအဖွဲ့ကိုတိုက်ခြင်း

တဆက်တည်းတွင် ၂၅-၁၀-၅၇ နေ့တွင် ပြန်ကြားရေးဝန်ကြီး သခင်ချစ်မောင်က သတင်းစာဆရာများအား ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုအစည်းအဝေး၌ သခင်ချစ်မောင်က ကွန်မြူနစ်နှင့် ငြိမ်းချမ်းရေး အဖွဲ့ကို တခုတည်းကဲ့သို့၎င်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကွန်မြူနစ်တို့၏ ခုတုံးဖြစ်နေသကဲ့သို့၎င်း၊ ပမညတသည် ကွန်မြူနစ် တို့၏ သူလျှို ဖြစ်နေသယောင်၎င်း၊ ရှင်းလင်း ဖော်ပြသွား၏။ ကွန်မြူနစ်တို့၏ ငြိမ်းချမ်းရေး ကြွေးပမ်းမှုကိုလည်း လုပ်ကြံချက်အဖြစ် ဖော်ပြသွား၏။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏
ပြည်တွင်းငြိမ်းချမ်းရေး

၂၇၊၁၀၊၅၇ နေ့ကစစ်တပ်မှ နိုင်ငံရေးလုပ်ငန်းကြောင့် အတင်းအဓမ္မ အနိုင်အထက်ပြု၍ အလုပ်မှ အထုတ်ခံရသော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး ရယူခြင်းအပေါ် မိမိ၏အမြင်ကိုထုတ်ပြန်လိုက်၏။

ထိုထုတ်ပြန်ချက်တွင်အပိုင်း ၄-ပိုင်းမျှပါဝင်အောင် ရှည်လျားလှသည်၊ဗိုလ်ကျော်ဇောက-

''ပြည်သူတို့သည် ယခုအခါပြည်တွင်းစစ် (၁၀) နှစ်သက်တမ်းကို လက်တွေ့သိသဖြင့် ပြည်တွင်းစစ်ကြီး ရပ်စဲရန် အော်ဟစ် လာခဲ့ပေသည်။ ဤဆန္ဒလှိုင်းဂရက်ကြီးမား ကျယ်ပြန့်လျက်ရှိသည်ကိုမြင်တွေ့နေရပေသည်။ ကျွန်တော်၏စိတ်ထင်၁၉၄၅-၁၉၄၆-ခုနှစ်ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသည့် လွတ်လပ်ရေး လိုလားကြသော လူထုဆန္ဒ လှုပ်ရှားမှုကာလ ကဲ့သို့ ကြီးမားကျယ်ပြန့်ပေသည်။

ယခု ပြဿနာသည် ပြည်တွင်းစစ်ကြီးဆက်၍ အပြတ် တိုက်ရေး၊ မတိုက်ရေးပြဿနာမဟုတ်တော့။ဤစစ်ကို ဘယ်လို ရပ်စဲကြမလဲ ဆိုသော နည်းလမ်းကိုရှာဖွေရမည့်ပြဿနာပင်ဖြစ်သည်။အမြန်ရပ်စဲနိုင်လေပြည်သူတို့ အကျိုးရှိလေဖြစ်သည်။

ပြည်တွင်းစစ်ရပ်စဲရေး၊ငြိမ်းချမ်းရေးကိုထောက်ခံသဖြင့်အချို့စွပ်စွဲပုတ်ခတ်ကောင်းပုတ်ခတ်ကြမည်။ သို့ရာတွင် ငြိမ်းချမ်းရေး ပြဿနာသည် တဖွဲ့တပါတီပုဂ္ဂိုလ်တဦး၏အရေးမဟုတ်၊လက်ဝဲ၊လက်ျာနိုင်ငံရေး မဟုတ်၊ တမျိုးသားလုံး၏အရေးဖြစ်နေပေသည်။

ထို့ကြောင့် နိုင်ငံခေါင်းဆောင်များသည်၊ ဒေါသ၊မောဟ၊လောဘများကိုပညာသတ္တိတည်းဟူသောချွန်းနှင့်၎င်း၊ ပြည်သူကိုချစ်မြတ်နိုးသောမျိုးချစ်စိတ်တို့ဖြင့်၎င်း၊ ထိန်းသိမ်း၍ကြံ့စစ်ကို ရပ်စဲကြရန် အလေးအနက်တိုက်တွန်းတောင်းပန်အပ်ပါသည်ဟု ဖော်ပြထား၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်သောပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သည်၊ ၁၉၅၇-ခု၊ဖေဖော်ဝါရီလ၊ ၇-ရက်နေ့စွဲဖြင့်နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုထံသို့ ကမ္ဘာအေး ဖဆပလ ညီလာခံ (၂၉-၁-၅၇)တွင် ဖဆပလ ဥက္ကဋ္ဌအဖြစ်မိန့်ကြားခဲ့သောဝန်ကြီးချုပ်ဦးနု၏ငြိမ်းချမ်းရေးစကား ၃-ခွန်းနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် တရားဝင် အကောင်အထည်ဖော်ရန် မေတ္တာရပ်ခံစာတစောင်ကို ပေးပို့ခဲ့၏။

ထိုစာထဲတွင် "သူ့ခနာကိုယ်ခနာသဘောထားသည် ကာယကံရှင်အချင်းချင်း ကျေနပ်မှုရှိစေရန် ဖြစ်ပါသည်၊ ကျေနပ်မှုသည်သာ စစ်မှန်သော ငြိမ်းချမ်းရေးကို ဖြစ်စေ၍၊ ညီညွတ်ရေးကိုလည်း ဖြစ်စေပါသည်။ ကျေနပ်မှုဖြစ်မြောက်စေရန် ဆောင်ရွက်ရာတွင် အဓိက အားဖြင့် လုပ်ရန် နှစ်မျိုးရှိပါသည်။

"(၁) အချင်းချင်းကျေနပ်အောင်စေ့စပ်ဆွေးနွေးခြင်း အားဖြင့် ကျေနပ်မှုကိုဖြစ်စေနိုင်ပါသည်။ (၂) အချင်းချင်းတွင် သူ့အပြစ်ကိုယ့်အပြစ်ပြောနေမည့်အစားအစမှ အဆုံးအထိဆိုသလို နှစ်ဦးနှစ်ဖက်အတိတ်ကဖြစ်ရပ်ဖြစ်ကားလုံးကိုသင်္ဂြိုဟ်ပုံချေခြင်းဖြင့် လည်းကျေနပ်မှုကို ဖြစ်စေပါသည်" ဟုဖော်ပြထား၏။

ထို့နောက် ဦးနု၏ငြိမ်းချမ်းရေးစကား ၃-ခွန်းကိုအောက်ပါအတိုင်း ထိုစာထဲ၌ ပြန်လည်ဖော်ပြထား၏။

"(၁) ခင်ဗျားတို့နှင့် ကျွန်တော်တို့ ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာကို အချီအချပြောမနေနှင့်တော့။ (၂) ကျွန်တော်တို့ မှားခဲ့တာရှိရင်လဲ သည်းခံဘို့ ကျွန်တော်တို့ တောင်းပန်ပါတယ်။ ခင်ဗျားတို့မှားခဲ့တာရှိရင်လဲ ကျွန်တော်တို့သည်းခံပါတယ်၊ (၃) ခင်ဗျားတို့နှင့် ကျွန်တော်တို့ဟာ ဝါဒလမ်းစဉ်တွေမှာ တဖက်တလမ်းဖြစ်နေပေမဲ့ ပြည်ထောင်စုသားတွေကောင်းစားဘို့လုပ်ပေးရတဲ့ လုပ်ငန်းမှာတော့ အတူတူလက်တွဲလုပ်ပေးနိုင်မဲ့ လုပ်ငန်းတွေ အများကြီး ရှိပါတယ်။ ဒီလုပ်ငန်းတွေကို စံနစ်တကျ ချပြီး အတူတူလက်တွဲလုပ်ကြရအောင် အလင်းကိုဝင်ခဲ့ကြပါ" ဟူ၍ဖြစ်၏။

ထို့နောက် ဦးနု၏ စကား ၃-ခွန်းနှင့်ပတ်သက်၍၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က ဆက်လက် ဖော်ပြရာတွင်--

"ဖဆပလဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးနု၏ပထမစကားရပ်မှာ အတိတ်ကဖြစ်ရပ်များကိုဖော်ထုတ်ခြင်းမပြုကြရန်ဖြစ်၍၊ ဒုတိယစကားရပ်မှာ နှစ်ဦးနှစ်ဖက်အမှား အသုပ်ရပ်ကို သင်္ဂြိုဟ်ပုံချေပြီး (ပိုနေမြဲကျားနေမြဲ)နေကြလျက် တတိယစကားရပ်မှာအနာဂတ်၏ပြည်သူ့ကောင်းကျိုးအတွက်ရင်းရင်းနှီးနှီး လက်တွဲဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်ဟု ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှ သဘောရကြပါသည်ဖြစ်၍ ကြွဆိုပါသည်"။

"သို့အတွက် (၁)ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးနု၏ ငြိမ်းချမ်းရေး စကား ၃-ခွန်းကို နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင် အကောင်အထည်ဖော်ပါရန် လေးနက်စွာ မေတ္တာရပ်ခံပါသည်။ (၂) ကြံ့သို့အကောင်အထည်ဖော်ရာ၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ကလည်း လိုအပ်သည့်ဘက်မှ အင်တိုက်အားတိုက် အကူအညီ ပေးရန်အစဉ်သင့်ရှိပါသည်"ဟု ရေးသားထားလေသည်။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သည်၊ ၁၉၅၈-ခု၊ဇန်နဝါရီလ၊ ၂၉-ရက်နေ့ အမ္ဘာအေး ဖဆပလ ပြည်လုံးကျွတ် ညီလာခံတွင် မြွက်ကြားခဲ့သော ဦးနု၏ မိန့်ခွန်းအား ကြိုဆိုပင် ကမ်းလှမ်းကြိုဆိုခဲ့၏။ ၎င်းညီလာခံကြီးတွင်ပင် ဆုံးဖြတ်ချက်ချရာ၌ "ဒီမိုပြုတ်တိုက်ရေး" လမ်းစဉ်ပင် ဖြစ်နေသည်ကို ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် ပြည်သူတရပ်လုံးက တွေ့မြင်ခဲ့သည်လည်း ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် ပြည်တွင်းစစ် ဆယ်နှစ်မြောက် အထိမ်း အမှတ်အဖြစ် ၁၉၅၈-ခု၊ မတ်လ၊ ၂၈-ရက်နေ့တွင် တထိုင်၊တပြည်လုံး၌ကျင်းပခဲ့သော ဆန္ဒပြပွဲများတွင်၎င်း၊ ထိုနေ့၌ပင်အလုပ်သမားကျောက်တိုင်၌ကျင်းပခဲ့သော ပရိသတ် ၅-သောင်းကျော် တက်ရောက်သည့် ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၏ဆန္ဒပြပွဲတွင်၎င်း၊ ဝန်ကြီးချုပ်ဦးနု၏ စကားကြီး ၃-ခွန်းအား တရားဝင်အကောင်အထည် ဖော်ပေးရေးအဆိုကို တင်သွင်းဆုံးဖြတ်ခဲ့၏။ ထို့ပြင် ပြည်တွင်းစစ်ဆယ်နှစ်မြောက်သည့် ၁၉၅၈-ခု၊မတ်လ၊ ၂၈-ရက်(၁၉၅၉-ခု၊ နှောင်းတန်ခူးလဆန်း ၉-ရက်) နေ့မှစ၍ တဖက်နှင့်

ကာယက်အတိုက်အခိုက်များ လုံးဝရပ်စဲကြရန် အစိုးရအားလည်း၊ တော်လှန်နေသူတို့အားလည်း၊ တောင်းဆိုကြောင်းဖြင့်လည်း ဆုံးဖြတ်ခဲ့လေသည်။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများသည် ပြည်သူလူထု၏ ဆန္ဒနှင့် ကိုက်ညီသည်နှင့်အညီ တနေ့တခြားအောင်မြင်လာပေသည်။ ဤသို့အောင်မြင်လာချိန်တွင် ဦးနု၊ သခင်တင်တို့ ခေါင်းဆောင်သောအုပ်စုနှင့်ဦးဗဆွေ၊ဦးကျော်ငြိမ်းခေါင်းဆောင်သောအုပ်စု ၂-စုသည် ဖဆပလ အတွင်း၌ ကွဲထွက်လာခဲ့၏။

ထိုအတောအတွင်း၌ပင် ၁၉၅၈-ခု၊ မေလ၊ ၁၅-ရက်မှ ၁၇-ရက်နေ့အထိ၊ ပြည်တွင်းငြိမ်းချမ်းရေး ပြည်လုံးကျွတ် ပဏာမ ညီလာခံကြီးကို ကျင်းပခဲ့၏။ ထိုညီလာခံကြီးတွင် အဆို ၂-ရပ်ကို တင်သွင်းဆုံးဖြတ်ခဲ့၏။

ပထမအဆိုမှာ နုတင်အုပ်စုခေါင်းဆောင်ဝန်ကြီးချုပ်ဦးနုကမေလ ၇-ရက်နေ့ညတွင် ထုတ်ပြန်ကျေညာရာ၌ အကယ်၍ ၎င်းအစိုးရ အဖွဲ့သာ ဆက်လက်တည်မြဲပါလျှင် ကမ္ဘာ့ဒေး ဖဆပလ ညီလာခံစကားကြီး ၃-ခွန်း (၁။ ဒီမိုကရေစီတရား၊ ၂။ သင်ပုန်းချေရေး၊ ၃။ အလုပ်အတူပူးပေါင်းဆောင်ရွက်ရေး)ကို အကောင်အထည်ပေါ်မည်ဟု ကတိပေးခြင်းနှင့် ပတ်သက်၍ ကြိုဆိုကြောင်းနှင့် အမြန်ဆုံး အကောင်အထည် ပေါ်ပေးရန်လည်းတိုက်တွန်းတောင်းဆိုကြောင်းဟူ၍ဖြစ်၏။

ဒုတိယအဆိုမှာပြည်တွင်းငြိမ်းချမ်းရေးပြည်လုံးကျွတ်ညီလာခံကြီးကို ၁၉၅၈-ခုနှစ်အတွင်း၌ပင်ကျင်းပရန် ဤပြင်ဆင်မှု (ပဏာမ)ညီလာခံက ဆုံးဖြတ်ကြောင်းနှင့် ညီလာခံကြီးအတွက် စည်းရုံးလုပ်ဆောင်ရာတွင်နှောက်ယှက်ဟန့်တားမှုများမပြုရန် မေတ္တာရပ်ခံသည့်အပြင် ဤသို့သော နှောက်ယှက်ဟန့်တားမှုများ မပေါ်ပေါက်စေရန် အစိုးရကကာကွယ်တားဆီးပေးရန် မေတ္တာရပ်ခံကြောင်းဟူ၍ဖြစ်၏။

၁၉၅၇-ခု၊ မေလနှင့် ဇွန်လ အတွင်း၌ ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ဝင်များသည် မန္တလေး၊ ရွှေဘို၊ မြင်းခြံ၊ စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူနှင့် ပုသိမ်စသော မြို့များသို့ ငြိမ်း ချမ်း ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ခရီးထွက်ခဲ့ကြ၏။ မြင်းခြံတွင်တရားပွဲ အနှောက်အယှက်ပြုခြင်းခံခဲ့ရ၏။ကျောက်ဖြူနှင့်မြေပုံတွင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်အချို့ အဖမ်းခံခဲ့ရ၏။ ပုသိမ်တွင်ငြိမ်းချမ်းရေးတရားပွဲသို့တက်ရောက်လာသောပရိသတ်တို့အား ယူနီဖောင်းဝတ် လက်နက်ကိုင်များက ရိုက်နှက်တားဆီးခဲ့၏။ နောက်တိုဘာလတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အဖွဲ့ဝင်များသည်၊ ပြည်မြို့ငြိမ်းချမ်းရေးဆန္ဒပြပွဲသို့သွားရောက်ရာ၌၊ အနှောက်အယှက်ပြုခြင်း

ခံခဲ့ရ၏၊တဖန်နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း၊မကွေး၊မင်းဘူး၊ကျောင်းတော်ရာ၊ရေနံချောင်း၊ချောက်၊ ပခုက္ကူနှင့် မြင်းခြံတို့သို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အဖွဲ့ဝင်များ သွားရောက်ခဲ့ရာတွင်လည်း၊ ဆရာကြီးနှင့် အဖွဲ့ဝင်များ အသုံးမပြုနိုင်ရန်၊ ခရီးသွားကားခဲ့ရေးရန်၊ မော်တော်ကားများအား ''ချောဆွဲ''ထားခြင်း၊တရားပွဲကိုကျောက်ခဲ၊ သံခဲများဖြင့် ပစ်ပေါက်ခြင်း၊လူစုလူဝေးနှင့်ဆဲရေးခြင်းစသောအပြုအမူတို့ကိုမငြိမ်းချမ်းလိုသူတို့က ပြုမူခဲ့ကြ၏။

ထို့ကြောင့်ပင်လျှင်ပြင်ဆင်မှု(ပဏာမ)ညီလာခံအဆို၂တွင် အထက်ပါအတိုင်းတင်ပြတောင်းဆိုခြင်းဖြစ်ပေသည်။ ထို့နောက်ပဏာမ ပြင်ဆင်မှုညီလာခံကြီးက ပန်ကြားလွှာတစောင်ထုတ်ပြန်ခဲ့ရာတွင်။

''(၁) လာမည့်ပြည်လုံးကျွတ် ပြည်တွင်း ငြိမ်းချမ်းရေး ညီလာခံကြီးထမြောက်အောင်မြင်ရေးအတွက် အင်တိုက် အားတိုက် ဝိုင်းဝန်း ကူညီကြိုးပမ်းအားထုတ်ကြရန်။ (၂) ဝန်ကြီးချုပ် ဦးနု၏ပြည်တွင်း ရေးရာနှင့် ပတ်သက်သော ကတိပြုချက်ကို တရားဝင် အကောင်အထည် ပေါ်လာရေးအတွက်မမေ့မလျော့ မပေါ့ဆဘဲ၊ နည်းအမျိုးမျိုးအသွင်အမျိုးမျိုး တို့ဖြင့် ဆန္ဒပြုကြရန်။ (၃) လက်ရှိ ပြည်တွင်းစစ် မီးတောက် တခု မငြိမ်းသေးမီ၊ ဖဆပလ အတွင်းအုပ်စုကွဲသည့်ကိစ္စနှင့်ပတ်သက်၍ နောက်ထပ် လက်နက်ကိုင် ပဋိပက္ခကြီးတခုပေါ်မလာစေရေးအတွက် အင်တိုက်အားတိုက်ဆန္ဒပြကြရန်''ဟူ၍ပန်ကြားမေတ္တာရပ်ခံထားလေသည်။

၁၉၅၈-ခုဇွန်လ၊ ၁-ရက်၊၁၃၂၀-ခု၊ နယုန်လပြည့်မဟာသမယနေ့(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင်၊ ရန်ကုန်မြို့ ကန်တော်မင် ပန်းခြံ၌ ၄-ခရိုင် (ရန်ကုန်၊ဟံသာဝတီ၊အင်းစိန်နှင့်ပဲခူး)ပြည်တွင်း ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကိုကျင်းပရာ၊ပရိသတ်ပေါင်း ၄၀,၀၀၀-ကျော်တက်ရောက်ခဲ့၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကမိန့်ခွန်းမြွက်ကြားရာတွင်-ပြည်တွင်းစစ်ကြောင့် တပြည်လုံး မီးဟုန်းဟုန်း တောက်လောင် လာခဲ့ရသည် ဖြစ်၍ တရားအားထုတ်ရာမှမနေသာဘဲထ၍ကြိုးပမ်းရခြင်းဖြစ်ကြောင်း။ပြည်တွင်းစစ် ၁၀-နှစ်ကာလအတွင်း-ရပ်သူရွာသား-၉၆၂၈ သေဆုံးခဲ့၍၊ကျေးရွာပေါင်း ၁၅၇၀-မီးရှို့ခံခဲ့ရပြီး၊ ၆၇၈ ရွာ ဖျက်ခံခဲ့ရကာ၊ ကျေးရွာ ၇၆၈ ရွာမှ ရွာသူရွာသားများပြောင်းရွှေ့ခြင်းခံခဲ့ရကြောင်း။ အစိုးရဘက်မှ ၅၀၁၁-ယောက် ကျဆုံးခဲ့ပြီး၊ တော်လှန်ရေး အင်အား စုများဘက်မှ ၂၈၆၇၆-ကျဆုံးခဲ့ရသည်ဟု အစိုးရစာရင်းက ဖေါ်ပြခဲ့ကြောင်း။ ကာ

ကြွယ်ရေး အသုံးစရိတ်တို့မှာ ၁၉၄၉-ခုနှစ်၊ ၁၀-ကုဋေ။ ၁၉၅၀-ခုနှစ် ၁၂-ကုဋေ၊ ၁၉၅၁-ခုနှစ်၊ ၁၃-ကုဋေ။ ၁၉၅၂-ခုနှစ်၊ ၂၂-ကုဋေ။ ၁၉၅၄ ခုနှစ်၊ ၂၄-ကုဋေ။ ၁၉၅၅ ခုနှစ်၊ ၂၈-ကုဋေ။ ၁၉၅၆ ခုနှစ်၊ ၂၉-ကုဋေ။ ၁၉၅၇ ခုနှစ်၊ ၃၁ ကုဋေဖြစ်ကြောင်း၊ ရဲအဖွဲ့၏ သာမန်အသုံးစရိတ်သည် ၆-ကုဋေမှ ၁၄ ကုဋေခွဲ ကြောင်း။ ရဲအဖွဲ့၏ငွေလုံးငွေရင်းသည် ၆ ဆိန်းမှ ၂၉၃-သိန်းတိုးလာခဲ့ကြောင်း။ ၁၉၅၅ ၅၆-၅၇ ခုနှစ် ဘဏ္ဍာတော်နှစ် အတွင်း ရခိုင်၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီနှင့် မကွေး တိုင်းများဖြစ်သောတိုင်း ၇ တိုင်း၌ ပြုစောထားခါးမိုက်ဆောင် တပ်ဖွဲ့ အသုံးစရိတ်သည် ၁၅ သန်းနီးပါး (၁၄၉၃၉၅၈၉-ကျပ်)ဖြစ်ကြောင်း။ ၁၉၄၈ - ၄၉ တွင် ကောက် ခံခဲ့သော အခွန်တော်ငွေ ၅၃၇ - သန်းမှ ၁၉၅၇-၅၈ တွင် သန်း ၉၈၀ အထိ ကိုးတက်ကောက်ခံခဲ့ကြောင်း။ အစိုးရအပေါ်တင်ရှိသော ပြည်တွင်းကြွေးငွေမှာ ၁၉၅၂ ခုနှစ်တွင် ၆၈သန်း ဖြစ်ပြီး၊ ၁၉၅၆ ခုနှစ်တွင် ၁၁၄၅ သန်းအထိ တက်လာကြောင်း။ နိုင်ငံခြားမှ ကြွေးမှာ ကုဋေပေါင်းများစွာ ဖြစ်နေကြောင်းဖြင့် မြန်မာနိုင်ငံ၏ အခြေအနေဆိုးကိုတွက်ချက်မိန့်ကြားသွားလေသည်။

ထို့နောက် (ဆွေ၊ငြိမ်း) အုပ်စု၏ ပြည်တွင်းငြိမ်းချမ်းရေးသဘောထားနှင့် ပတ်သက်၍ ဆရာကြီးကအောက်ပါအတိုင်း (ဆွေ၊ငြိမ်း)ကြေညာချက်မှကောက်နုတ်ဖေါ်ပြသွား၏။

"လက်ရှိအစိုးရ၏ပြည်တွင်းငြိမ်းချမ်းရေးသဘောထားနှင့် လက်ခံအတည်ပြုထားသော ငြိမ်းချမ်းရေး လမ်းစဉ်များကို ဖြစ်ပေါ် နေသော အခြေအနေပေါ်ကွင် မူတည်သုံးသပ်၍ အစွမ်းကုန် ဆောင်ရွက်သွားမည်။ လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်လာသူများအား သက်သာခွင့်ပေးခြင်း ပရိယေသနအတွက် အကူအညီ ပေး ခြင်း စ သော လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်" ဟူ၍ ဖြစ်၏။

ဆရာကြီးသည် အထက်ပါ (ဆွေ၊ငြိမ်း)သဘောထားကိုစိတ်ပျက်မိကြောင်းဖြင့် ထုတ်ဖေါ်မိန့်ကြားခဲ့၏။

ထိုနေ့ဇွန်လ၊ ၁-ရက်နေ့မှာပင် မွန်းတည့် ၁၂-နာရီတွင် အောင်ဆန်းကစားပွဲဝင်း၌ ကျင်းပသော (နု-တင်အုပ်စု)လူထုတရားပွဲကြီးတွင် ဝန်ကြီးချုပ်ဦးနုက "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ကြေးစုတ်ကလေးတခုဖြစ်အောင်လုပ်ပစ်မယ်ဆိုရင်၊ ကျွန်တော်တို့အနေနဲ့ ဘယ်နည်းနဲ့မှခေါင်းငုံ့မခံဘူးဆိုတာ ခင်ဗျားတို့ရှေ့မှာ၊ ကျွန်တော် အတိအလင်းကတိပေးလိုက်ပါတယ်" ဟုမိန့်ကြားခဲ့၏။

မေလ ၂၀-ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ကိုယ်စားလှယ်အဖြစ် ရဲဘော်လှမွှိုင်ဆိုသူသည်၊ ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည် ဖေါ်ရန် အစိုးရနှင့် ပဏာမဆွေးနွေးရန် ရောက်ရှိလာကြောင်းဖြင့်၊ ဇွန်လဆန်း၌ထုတ်ဝေသော သတင်းစာတို့က ဖေါ်ပြခဲ့ကြ၏။

ဇွန်လ ၅-ရက်နေ့တွင် မူလ ဖဆပလအစိုးရဝန်ကြီး ၃၀-အနက်မှ (ဆွေ၊ငြိမ်း)ဝန်ကြီး ၁၅-ဦး နှုတ်ထွက်သွားသည်တွင်၊ နောက်ထပ် ရတည ဝန်ကြီး ၂-ဦးအပါအဝင်ဝန်ကြီးသစ် ၅-ဦး ထပ်ဖြည့်လိုက်ပြီး၊ ကျမ်းသစ္စာကျိန်ဆိုခဲ့၏။ ထိုနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာပင်(ဆွေ၊ငြိမ်း) အုပ်စုက အစိုးရအပေါ် အယုံအကြည် မရှိ အဆိုတင်ခဲ့၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အစိုးရအဖွဲ့ ပါလီမန် အမတ်များနှင့် တော်လှန်ရေးအင်အားစုတို့အား ပြည်တွင်း ငြိမ်းချမ်းရေးမဖြစ်မနေ ဆောင်ရွက်ကြရန် ဇွန်လ၊ ၈-ရက်နေ့တွင် ပန်ကြားခဲ့၏။ (ဆွေ၊ငြိမ်း)၏ အယုံအကြည်မရှိ အဆိုကို ဇွန်လ ၉-ရက်နေ့တွင် လွှတ်တော်၌ မဲခွဲကြရာ (နု၊တင်) အစိုးရက ၁၂၇-မဲ၁၁၉-မဲဖြင့် နိုင်သွားခဲ့၏။

မေလ ၂၀-ရက်နေ့က ဗမာပြည်ကွန်မြူနစ်ပါတီမှ (နု၊တင်)အစိုးရထံသို့ပေးပို့သောစာထဲတွင်၊

"ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထက်ပါစကားကြီး ၃-ခွန်းနှင့်အညီ၊ ၁၉၅၈-ခုမေလ ၇-ရက်နေ့စွဲပါတင်ပြချက်၌ဖေါ်ပြပြီးခဲ့သည့်အတိုင်း ဦးနုအစိုးရသည်အောက်ပါ အချက်၃-ချက်ကို ဆောင်ရွက်ရန်လိုပါသည်။

"၁။ ။(က)နိုင်ငံရေး အကျဉ်းသမားများ အားလုံး လွှတ်ပစ်ရန်။ (ခ)ပြည်တွင်းစစ်ကိုအကြောင်းပြု၍ ပြဋ္ဌာန်းခဲ့သော ဖိနှိပ်ချုပ်ချယ်ရေး ဥပဒေများကို ရုပ်သိမ်း ပယ်ဖျက်ရန်။ (ဂ)ပြည်တွင်းစစ်ကို အကြောင်းပြု၍ ဖွဲ့စည်းခဲ့သော ခါးမိုက်ဆောင်တပ်များကို တပ်မတော်နှင့်ရဲမှအပ ဖျက်သိမ်းပစ်ရန်။ (ဃ) ပါတီ အဖွဲ့အစည်းများအားလုံး တရားဝင် တည်တောင်ခွင့်၊ လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးရန်။ (င) ပြည်တွင်းစစ် အတွင်း ကျူးလွန်မှုများကို သင်ပုန်းချေရန် ဟူသော ဒီမိုကရေစီ အာမခံချက်များကို အခိုင်အမာပေးရန် ဖြစ်ပါသည်"။

"၂။ ။၂-ဦး ၂-ဖက် တပြိုင်တည်း ကျေညာ၍၊ တပြိုင်တည်း အတိုက်အခိုက်ရပ်စဲရန်ဖြစ်ပါသည်"။

"၃။ ။ဦးနုအစိုးရနှင့် တော်လှန်ရေး အင်အားစုများ ၂-ဖက် ဆွေးနွေးဘို့၊ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသောပြဿနာ အရပ်ရပ်နှင့် ပတ်သက်၍ သဘော တူညီချက် ယူရန်ဖြစ်ပါသည်"။

"ဦးနု အစိုးရအနေဖြင့် အထက်ပါအချက် ၃-ချက်ကိုသဘောတူပါက၊ ကျွန်တော်တို့ကလည်း (က) လက်နက်ကိုင် တိုက်ပွဲစွန့်ကြောင်း အစိုးရနှင့်တပြိုင်တည်း ကျေညာရန် အသင့် ရှိပါသည်။ (ခ) ပြည်တွင်းစစ် ရပ်စဲပြီးနောက်၊ အားလုံးသည် ဥပဒေကျွင်းရှိ ဒီမိုကရေစီ နည်းအရ လုပ်ကိုင်ဆောင်ရွက်သွားမည်။ (ဂ)ဥပဒေထဲဝင်ရလျှင်၊ ကျွန်တော်တို့၏ လက်နက်ကိုင်တပ်များနှင့် လက်နက်များသည်၊ အမျိုးသားကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးအတွက်၊ တရားဥပဒေအရ ဖြစ်စေရမည်ဟု ကျေညာရန်အသင့်ရှိပါသည်"။

(အထက်ပါတို့မှာ၊ ဗမာ့တပ်မတော်သတင်းပြန်ကြားရေးအရာရှိရုံးမှ၊ ထုတ်ပေးချက်အရ၊ ဇွန်လ ၁၅-ရက်နေ့ထုတ်သတင်းစာများတွင်ဖော်ပြထားသော၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ပေးစာမိတ္တူမှ ကူးယူဖော်ပြချက်ဖြစ်ပေသည်။)

ဇွန်လ ၂၄-ရက်နေ့ညတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကအသံလွှင့်မိန့်ကြားခဲ့၏။ ထိုမိန့်ခွန်းထဲတွင် အမျိုးသား ညီလာခံကြီး တခု ခေါ်လိုကြောင်း။ အစိုးရကိုယ်စားလှယ်၊ အတိုက်အခံကိုယ်စားလှယ်များကို တက်ရောက်စေပြီး၊ မော်ကွန်း၌ လက်မှတ်ရေးထိုးစေကာ အတည်ပြုမည် ဖြစ်ကြောင်း။ မော်ကွန်းတွင် ပထမပိုင်းအဖြစ် ပြည်ထောင်စု မြန်မာ နိုင်ငံ ၏ အချုပ်အချာအာဏာသည် နိုင်ငံသားတို့၌ တည်သည် ဟူ၍၎င်း၊ နိုင်ငံတော်အစိုးရသည် ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှု အာဏာအားလုံးကို နိုင်ငံတော် သားတို့ထံမှ ခံယူရမည် ဟူ၍၎င်း၊ ဖော်ပြထားသောမှုကို လက်ခံကြောင်း ထပ်မံ အတိအလင်း ဝန်ခံသည့် အပိုင်းဖြစ်စေရမည်ဖြစ်ကြောင်း။ ဒုတိယပိုင်းမှာ မည်သူ့အစိုးရဖြစ်ဖြစ် လိုက်နာ ဆောင်ရွက်ရမည့်မှုများကိုဖော်ပြသည့်အပိုင်းဖြစ်ရမည်ဖြစ်ကြောင်း။ ဥပမာ ရွေးကောက်ပွဲကိစ္စတွင် အစိုးရအာဏာရထားသော အဖွဲ့ကအစိုးရအာဏာကိုအလွဲသုံးစား မလုပ်နိုင်အောင်မည်သို့စီစဉ်မည်။ အတိုက်အခံအဖွဲ့များအား တရားမျှတစွာ ရွေးကောက်ပွဲ ဝင်နိုင်စေရန် အစီအစဉ် မည်သို့ လုပ်ပေးမည်။ ဒီမိုကရေစီ

စည်းဝိုင်းထဲမှနေ၍ အာဏာကိုရအောင် လုပ်နိုင်ကြောင်း အတိုက်အခံ အဖွဲ့များအနေဖြင့် ယုံကြည်လာစေအောင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ၊ တရားမျှတသော အစီအစဉ်များကို အစိုးရက ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပတ်သက်၍ သတ်မှတ်ပေးရမည့် အပိုင်းဖြစ်ကြောင်း။ တတိယပိုင်းမှာ အတိုက်အခံများလိုက်နာရမည့်မှုများကို သတ်မှတ်ပေးသည့်အပိုင်းဖြစ်ကြောင်း။ ဒီမိုကရေစီတည်တန့်ခိုင်မြဲစေရေးအတွက် အစိုးရက တရားမျှတစွာ အုပ်ချုပ်ရမည်သာမက၊ အတိုက်အခံတို့ကလည်း တာဝန်သိသော အတိုက်အခံဖြစ်အောင်လုပ်ရန်လိုသည်ဖြစ်ရာ၊ ဒီမိုကရေစီအခွင့်အရေးခံစားရသည့်အပိုင်းနှင့်အများအကျိုးအတွက် မိမိအခွင့်အရေးကိုစွန့်ရသည့်အပိုင်းဟူ၍ ဖြစ်ကြောင်းဖြင့်တည့်သွင်းမိန့်ကြားသွား၏။

အမျိုးသားညီလာခံကြီး၌ အတည်ပြုမည့်အမျိုးသားမော်ကွန်းကြီးကို၊ အစိုးရအဖွဲ့၊အတိုက်အခံနှင့်အခြားပါသင့်သူ ပုဂ္ဂိုလ်များ တိုင်ပင်ရေးဆွဲသောမော်ကွန်းကြီးဖြစ်စေချင်ကြောင်း။တောခိုရဲဘော်များအလင်းဝင်လာပြီး အမျိုးသားညီလာခံကြီးခေါ်ရန်စတင်အစီအစဉ်ရေးဆွဲချိန်မှစ၍ပါဝင်စေချင်ကြောင်းဖြင့်၊ဝန်ကြီးချုပ်က ဆက်လက်မိန့်ကြားခဲ့၏။

၂ဦး၂ဖက်ကျူးလွန်ခဲ့ချက်အားလုံးကို သင်ပုန်းချေရန် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေခေါ် သင်ပုန်းချေဥပဒေကိုပြဋ္ဌာန်းပေးမည်ဖြစ်ကြောင်း။ ဥပဒေတွင်းလာပြီးသည့်နောက် တောခိုပါတီတို့အား တရားဝင် ပါတီအဖွဲ့အစည်းများအဖြစ်လွတ်လပ်စွာ ထူထောင်ခွင့် ပြု မည် ဖြစ် ကြောင်း အ တိ အလင်းကတိပေးကြောင်းဖြင့်ဝန်ကြီးချုပ်ဦးနုကမိန့်ကြားသွား၏။

သက်ဆိုင်ရာ တောခိုအဖွဲ့အစည်း အာဏာပိုင် အဖွဲ့များအနေဖြင့် လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်၍ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ တရားဝင်ပါတီအဖွဲ့အစည်းများအဖြစ် ဝင်ရောက်ဆောင်ရွက် တော့မည်ဖြစ်ကြောင်း ကျေညာကြရန်အတွက်၎င်း၊ဤသို့ကျေညာပြီးသည့်နောက်၊ စစ်အာဏာပိုင်များထံတွင် မိမိတို့၏ လက်နက်များကိုဥပဒေအရပေးအပ်ကြရန်အတွက်၎င်း၊ဝန်ကြီးချုပ်ဦးနုက တောတွင်းအဖွဲ့အစည်းများအားပြန်လည်တင်ပြတောင်းဆိုလိုက်ပြီးနောက်၊အလျင်အမြန်ဥပဒေတွင်းဝင်ခဲ့ကြရန်အသံလွှင့်တိုက်တွန်းခဲ့၏။

၁၉၅၈-ခု၊ဇွန်လ ၂၅-ရက်(၁၃၂၀-ခု၊ပထမဝါဆိုလဆန်း၊ ၁၀-ရက်)နေ့ တွင်ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်သောပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်များသည်၊ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင် ဆရာ တော်များ အဖွဲ့ ချုပ် သို့ ယနေ့ ရောက်ရှိနေသော အခြေ အနေကို တင်ပြ လျှောက်

ထားခဲ့ကြ၏။ ထိုသို့လျှောက်ထားရာ၌ "ပြည်တွင်းငြိမ်းချမ်းရေးတံခါးဝသို့ ပင် ရောက်ရှိနေပါပြီဟူ၍ပင်ဆိုရမည်ဖြစ်ပါသည်ဘုရား။ လက်တွေ့အကောင်အထည်ဖော်ရေးအပိုင်းတွင်သာ အနည်းငယ်ကျန်ရှိနေပါသေးသည်ဘုရား။ ဤကဲ့သို့ ငြိမ်းချမ်းရေးအတွက် အလွန်ကောင်းမွန်သော အလားအလာသို့ ရောက်ရှိလာချိန်တွင် ငြိမ်းချမ်းရေးကို ပျက်စီးစေမည့်၊ အဟန့်အတားဖြစ်စေမည့် အပြုအမူ အပြောအဆို၊ အရေးအသားများကို တပည့်တော်များအထူးပင် စိုးရိမ်မိပါသည်ဘုရား" ဟူ၍ဖြစ်ပေသည်။

ဆရာတော်များက "ပြည်တွင်းစစ်၏ဒဏ်ကို ဆယ်နှစ်ထက် ပိုလျှ၍ မခံနိုင်တော့သော ပြည်သူလူထု၏ လွန်စွာပြင်းပြသည့် ငြိမ်းချမ်းရေးအာသာဆန္ဒအား အပြည့်အဝပေးကြကာ တဖက်နှင့်တဖက် တင်းမာမှုများ လုံးဝမထားကြဘဲ အပေးအယူဖြူးဖြောင့်ချောမောစေလျက်၊ မိမိတို့ဘက်၌ အခက်အခဲပေါင်းများစွာရှိသကဲ့သို့ တဖက်၌လည်း အခက်အခဲ ရှိမည်ကို အလိုလိုသိကြပြီးလျှင် လသာတုံးဗိုင်းငင်ဆိုသောစကားကဲ့သို့ အခြေအနေပေးခိုက် ရနိုင်မည့်အခွင့်အရေးကို လက်မနေးကြစေလို" ဟု မိန့်ဆိုတော်မူကြပြီးနောက် "ငြိမ်းချမ်းရေး ကော်မတီ အဖွဲ့ဝင် ဒါယကာကြီးတို့သည် မူလဆောင်ရွက်ချက် ပြီးဆုံးသည့်တိုင်အောင် အနှောင့်အယှက် အမျိုးမျိုးတို့ကိုသည်းခံ၍ငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ၊ ဆက်လက်ဆောင်ရွက်သွားကြရန် ဩဝါဒစကား မိန့်ကြားအပ်ပေကြောင်း" ဖြင့် ပြန်ကြားမိန့်ဆိုတော်မူခဲ့ကြလေသည်။

ဇွန်လ၊ ၃-ရက်နေ့မှစ၍ကျင်းပခဲ့ပသော ပြည်သူ့ရဲဘော်အဖွဲ့၏ဗဟိုစည်းရုံးရေးကော်မတီအစည်းအဝေးက ဇူလိုင်လ၊ ၂၉-ရက်နေ့နောက်ဆုံးထားပြီးလက်နက်ကိုင် တိုက်နည်းအသွင်မှပါလီမန် ဒီမိုကရေစီတိုက်နည်းအသွင်သို့ ပြောင်းလဲ၍ လက်နက်အပ်ရန် ဆုံးဖြတ် လိုက်ပြီဖြစ်ကြောင်းဖြင့် ဇွန်လ၊ ၂၇-ရက်နေ့ထုတ် ထွန်းနေ့စဉ်သတင်းစာတွင် ဖော်ပြထား၏။

ဝန်ကြီးချုပ် မိန့်ခွန်းနှင့်ပတ်သက်၍ ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့သည် ဇွန်လ၊ ၂၇ ရက်နေ့တွင် ဆွေးနွေးစဉ်းစားကြပြီးနောက်၊ မရှင်းမလင်းသော အချက်အလက်များကို မေးမြန်းရန်အတွက်၊ ဝန်ကြီးချုပ်နှင့် တွေ့ဆုံရန်ဆုံးဖြတ်ခဲ့၏။

ဇွန်လ၊ ၂၈-ရက်နေ့တွင် ပမညတသဘာပတိအဖွဲ့မှ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်သဘောထား ကျေညာစာတမ်းကိုထုတ်ပြန်ကြေညာခဲ့၏။

ထိုကြေညာချက်တွင် "ဗမာပြည်၏ နိုင်ငံရေး အခြေအနေ သည် ပြောင်းလဲသွားပေပြီ" ဟု အစချီကာ၊ "........အစိုးရကပေး အပ်ထားသော သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့်နှင့်တရားဝင်ပါတီအဖွဲ့အစည်းများအဖြစ် ထူထောင်လုပ်ရှားနိုင်ခွင့်-တည်းဟူသော(ဝန်ကြီးချုပ်၏)ကတိ ၂ ချက်ကို လူထုအားဖြင့် မိမိရရဆုပ်ကိုင်လျက်၊ ဥပဒေတွင်းသို့ အမြန်ဆုံး ဝင်ရောက်ကြပါရန်နှင့် မကြာမီ ကျင်းပအံ့သော အထွေထွေ ရွေးကောက် ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ကြိုးစားကြပါရန် လေးစားစွာမေတ္တာ ရပ်ခံ ပန်ကြားလိုက်ပါသည်" "........ယခုအခြေအနေတွင် လက်နက်ကိုင် တိုက်ပွဲပုံစံမှလူထုတိုက်ပွဲပုံစံသို့ ကူးပြောင်းတိုက်ပွဲဝင်နိုင်သည့်အခြေသို့ရောက်ရှိနေပြီဟုယုံကြည်ပါသည်"။

"လက်နက်ကိုင် တော်လှန်ရေး အင်အားစုများ အားလုံးကို့သည်။ လက်နက်များကိုစွန့်လွှတ်၍ဥပဒေတွင်းသို့ဝင်ရောက်လာကြရာတွင်၊ ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်းတွင်ပါရှိသည့် လုပ်နည်း ကိုင်နည်းနှင့် ပတ်သက်သည့် အချို့သော အချက်အလက် များကြောင်း၊ အဆင်မပြေ အခက်အခဲများ ရှိကောင်းရှိပေမည်။ သို့သော် ထိုအခက်အခဲများသည်အဓိက ငြိမ်းချမ်းရေးမှုများ၏လက်အောက်ခံလက်တွေ့ ပြဿနာငယ်များ သာဖြစ်ရာ၊ အစိုးရနှင့် တော်လှန်ရေးအင်အားစုများသည်၊ လက်တွေ့လုပ်ဆောင်သွားရာ၌နားလည်မှုရယူ၍ လုပ်ဆောင်သွားခြင်းဖြင့်အဆင်ပြေအောင်မြင်သွားမည်ဟုယုံကြည်ပေသည်" ဟုလည်းဖော်ပြထား၏။

ပမညတ၏ ကြေညာချက်နှင့် မရွေးမနှောင်းမှာပင် ပမညတ ဝင်အဖွဲ့အစည်းတခုဖြစ်သော ပြည်သူ့ ဒီမိုကရေစီပါတီက ပမညတ၏ တောတွင်းအင်အားစုများအားဖိတ်ခေါ်သော ကြေညာချက်ကိုပြန်လည်စဉ်းစားပါရန်၊ ပမညတက သို့စာတမ်းကစောင်ပေးပို့ခဲ့၏" ၎င်းစာတမ်း၌-

"ဦးနုမိန့်ခွန်း (ဇွန်လ၊ ၂၄ ရက် အသံလွှင့် မိန့်ခွန်း)တွင်၊ ပမညတ ညီလာခံဆုံးဖြတ်ချက်နှင့်၎င်း၊ မဲဆန္ဒရှင်များနှင့်၎င်း၊ ကမ္ဘာအေး ညီလာခံ ဦးနုမိန့်ခွန်းနှင့်၎င်း၊ သမ်နာကိုယ်မနာသင်ပုန်းချေ၊ အာဏာတမထားရေး၊ သွေးတူရည်တူဆွေးနွေးဖြေရှင်းရေးမူများနှင့်၎င်း၊ ဆန့်ကျင်နေပါသည်။" ဟုဖော်ပြထား၏။

ဇူလိုင်လ၊ ၈ ရက်နေ့တွင် ဝန်ကြီးချုပ် နေအိမ်၌၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အဖွဲ့ဝင်တို့သည် ဝန်ကြီးချုပ်နှင့်အကြံပေးအရာရှိဦးအုန်းတို့အားတွေ့ဆုံကြ၏။ ဇွန်လ၊ ၂၄ ရက်မိန့်ခွန်းနှင့်ပတ်သက်၍ဝန်ကြီးချုပ်က ရှင်းလင်းပြခဲ့၏။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် တောတွင်းရဲဘော်များတွေ့

ဆုံခွင့်ပေးရန်နှင့် အစီအစဉ်ပြုလုပ်ပေးရန် မေတ္တာရပ်ခံချက်ကို ဝန်ကြီးချုပ်ကစဉ်းစားပါမည်ဟု ပြန်ကြားခဲ့သည်ဟုဆို၏။

ဇူလိုင်လ၊ ၁၂ ရက်နေ့တွင် ပြည်သူ့ဒီမိုကရေစီပါတီက သတင်းစာဆရာတို့အားဖိတ်ကြား၍ ပမညတ မှချမှတ်ခဲ့သော လမ်းစဉ်ကို ငြိမ်းချမ်းရေးအတွက် ဆက်ထက်ထပ်ပိုး တိုး၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပမညတ၏ ဆွေးနွေး ဖေ့စပ်ရေးလမ်းစဉ် စွန့်လွှတ်မှုကို မှန်မမှန် သိနိုင်ရန်၊ ပမညတ ညီလာခံခေါ်စေ၍ အဆုံးအဖြတ် ယူကြမည် ဖြစ်ကြောင်း ဖြင့် ရှင်းလင်းတင်ပြခဲ့၏။

ဇူလိုင်၊ ၁၇ ရက်နေ့တွင် ပမညတ အဖွဲ့က သတင်းစာ ဆရာများအားဖိတ်ကြား၍၊ ပမညတသည် ယနေ့အထိ တွေ့ဆုံ ဆွေးနွေးရေး မူကို မပစ်ပယ်ကြောင်း။ ဖေ့စပ် ဆွေးနွေးရေး ဆိုသည် အခြေသို့ရောက်အောင် လုပ်ငန်းစဉ်အားဖြင့် တဆင့်တဆင့် တက်၍ လုပ်ကိုင် သွားရခြင်း သာဖြစ်ကြောင်းဖြင့် ရှင်းလင်းခဲ့၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် တိုင်းရင်းသား လုပ်ငန်းပိုင်ရှင်၊ တိုင်းရင်းသားကုန်သည်များနှင့် ဇူလိုင်လ၊ ၂၁ ရက်နေ့တွင်တွေ့ဆုံဆွေးနွေးခဲ့၏။ဆွေးနွေးပွဲမရုပ်သိမ်းမီ ဝန်ကြီးချုပ်က ပြန်လည်မိန့်ကြားရာ၌ စီးပွားရေး လုပ်ငန်း ဆောင် ရွက်ရာတွင် စနစ်ရှိဘို့ လိုကြောင်း။ တရုပ်ပြည်တွင် ချန်ကေရှိတ်လုပ်ပုံ မဟုတ်သောကြောင့် ကွန်မြူနစ်များ ဝင်ရောက်အုပ်စိုးပုံကို ပြောရင်း ကွန်မြူနစ်ကို အထွေထွေထဲက ကြောက်ကြောင်းဖြင့် တည့်သွင်းမိန့်ကြားခဲ့၏။

ပြည်သူ့ရဲဘော်လက်နက်စွန့်ရေး ရက်မှာ မူလဇူလိုင်၊ ၂၉ ရက်နေ့အပြီး စွန့်ရန်အစီအစဉ်မှသြဂုတ်လ၊ ၁၅ရက်အထိရွှေ့ဆိုင်းလိုက်ရကြောင်းဖြင့် ဇူလိုင်လ၊ ၂၇ ရက်နေ့က တပ်မတော်ဌိတ်ခေါ်တ် စစ်ဆင်ရေး ဌာနက ပြည်သူ့ရဲဘော် ဗဟိုဌာနချုပ်အတွင်းရေးမှူးကိုယ်စားကျေညာချက်ထုတ်ပြန်ခဲ့၏။

ဇူလိုင်၊ ၂၉ ရက်နေ့တွင်နတ်မောက်လမ်းဦးသာဝင်းနေအိမ်၌ကျင်းပသော ဆရာကြီး သခင် ကိုယ်တော်မှိုင်း အား ပူဇော်ကန်တော့သည့် တပည့်တပန်းတို့၏ဝါဦးကန်တော့ပွဲသို့ဝန်ကြီးချုပ်ဦးနုတက်ရောက်ကန်တော့ခဲ့၏။ သခင်သန်းထွန်း အမျိုးရှိသော တောတွင်းရှိတပည့်များကလည်း ကွမ်းအစ်လဘက်အုပ်နှင့် စာလွှာပါးကာကန်တော့လိုက်၏။ "ဆရာကြီး၏ ၈၄-ကြိမ်မြောက်မွေးနေ့ အထိမ်းအမှတ်ကန်တော့ပွဲသို့ အများနည်းတူ ဆရာကြီး၏ ရှေ့မှောက်သို့ လာရောက်ကန်တော့လိုပါသော်လည်း၊ အခွင့်မသာသော

အခြေအနေကြောင့် ကိုယ်တိုင်လာရောက်မကန်တော့နိုင်ပါ။ ဆရာကြီး၏ ၈၅-ကြိမ်မြောက် မွေးနေ့အထိမ်းအမှတ်ပွဲကို၊ အခြားတပည့်များနည်းတူ ပါဝင်ဆင်နွှဲနိုင်မည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်" ဟုစာလွှာတွင်ဖော်ပြထား၏။

ဝန်ကြီးချုပ် မိန့်ခွန်းတွင် လက်နက်ကိုင် တော်လှန်ရေး ရှုပ်ပါဟူ၍ ပါရှိနေရာစကားလုံးမှာ အငြင်းပွါးစရာဖြစ်နေပြီး၊ သူမနာကိုယ်မနာလမ်းစဉ်နှင့်ဆန့်ကျင်နေကြောင်း။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင် ပုဂ္ဂိုလ် တဦးက ဝန်ကြီးချုပ်ဦးနုအား တင်ပြပြောဆိုရာတွင် ဝန်ကြီးချုပ်က မိမိ၏ မိန့်ခွန်းကို ပြန်လည်လေ့လာပါဦးမည်ဟု ပြန်လည်ပြောဆိုသွားခဲ့၏။

ဇူလိုင်လ၊ ၃၁-ရက်နေ့တွင်နိုင်ငံတော်သမတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ခဲ့၏။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် ဝန်ကြီးချုပ်ဦးနုတို့သည် ဇူလိုင်၊ ၂၉ နှင့် ၃၀ရက်နေ့များတွင် တွေ့ဆုံကြရာ၌ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က မိမိတို့၏ မူလသူမနာကိုယ်မနာမူကိုတင်ပြကာ၊ လက်နက်ကိုင်လမ်းစဉ်ကိုတော်လှန်နေသူတို့က စွန့်လွှတ်ပြီဟု ကျေညာရန်ဟူသောအစိုးရ၏တောင်းဆိုချက်ကိုလက်မခံနိုင်ကြောင်းဆွေးနွေးကြ၏။ ဤသို့ကျေညာပါကလက်နက်ကိုင်လမ်းစဉ်မှာ မှားယွင်းသဖြင့်စွန့်လွှတ်ရာရောက်နေကြောင်း၊ထို့ပြင်ထိုအချိန်ထိုအခြေအနေတွင် လက်နက်ကိုင်ရရာဝယ် မှန်သည်မှားသည်ကို ယခုအချိန်၌အဆုံးမဖြတ်စေချင်ကြောင်း။ ဤသို့ကျေညာရပါက ပါတီတရပ်အားနိုင်ငံရေးအရသတ်ရာရောက်နေမည့် အပြင်၊ ဤတောင်းဆိုချက်မှာစစ်နိုင်သူက စစ်ရှုံးသူအား ရာဇသံပေးသကဲ့သို့လည်းဖြစ်နေကြောင်းဖြင့်တင်ပြကြသည်ဟု သြဂုတ်လ၊ ၂-ရက်နေ့ထုတ်သတင်းစာတို့၌ဖော်ပြကြ၏။

ဝန်ကြီးချုပ်က လက်နက်ကိုင်လမ်းစဉ်စွန့်ကြောင်းကျေညာပါ ဟူသောစကားလုံးကိုနောင်မသုံးတော့ပါဟု နှုတ်ကတိပေးခဲ့၏။ ၎င်းနောက် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က တင်ပြသော "(၁) လက်နက်ကိုင်တိုက်ပွဲမှ ဒီမိုကရေစီ တိုက်ပွဲသို့ ကူးပြောင်းကြောင်း ကျေညာရန်။ (၂) လက်နက်များကို အာဏာပိုင်အားသိမ်းထားအပ်နှံရန်။ (၃) တောတွင်းကျန်ရှိနေသူများအား၊ ၎င်းတို့နှင့် မဆိုင်ကြောင်း ကျေညာရန်စသောအချက် ၃-ချက်ကိုလည်း၊ ဝန်ကြီးချုပ်ဦးနုက လက်ခံပြီး ဤအကြောင်းကျင့်သုံးပါက တရားဝင်ပါတီအဖြစ်ကျေညာပေးရန် ကတိပြုလိုက်သည်ဟု သတင်းစာတို့၌ ဆက်လက်ဖော်ပြထား၏။

ဩဂုတ်လ ၇ ရက်(၁၉၅၈)နေ့တွင် ရန်ကုန် ဘုရားကြီး တိုက် ၌ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကဆရာတော်များအားလျှောက်ထားခဲ့၏။ထိုသို့ လျှောက်ထားရာတွင် အထက်တွင် ဖေါ်ပြခဲ့သော ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့၏ တင်ပြချက်ဖြစ်သည့် အချက် ၃ ချက်ကို ဆောင် ရွက် ပြီး သည် နှင့် တပြိုင်နက် တရားဝင်ပါတီ အဖွဲ့အစည်း ထူထောင်ခွင့်ရရှိမည် ဖြစ်ကြောင်း အစိုးရထံမှ ကတိရရှိပါသည်ဟု ဖေါ်ပြထား၏။

"ဤလိုက်လျှောချက်သည် သမ္မာကိုယ်မနာသင်ပုန်းချေငြိမ်းချမ်း ရေးမူနှင့် ကိုက်ညီသည်ဟုပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကယုံကြည်ပါသည်" ဟု ဖေါ်ပြထား၏။

မှန်ပြည်သူ့ တပ်ဦးအဖွဲ့နှင့် ပြည်သူ့ရဲဘော်အဖွဲ့တို့ လက်နက်များ လွှဲအပ်ကြ၍ ဥပဒေတွင်း ဝင်ရောက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ဖြစ် ကြောင်းကိုလည်းထည့်သွင်းလျှောက်ထားကြ၏။

ဇူလိုင်လ ၃၀-ရက်နေ့ကထုတ်ပြန်ခဲ့သော နိုင်ငံတော်သမတကြီး၏ " အမိန့်တွင်အာဃာတမကင်းစင်သည့် သဘော အဖြစ် ကောက်ယူနိုင်သော စကား အသုံးအနှုန်းများ ပါရှိသည်ဟု ယူဆ နိုင်ဖွယ်ရာ ရှိပါသည်။ ဥပဒေ သဘောအရမဟုတ်၊ ထိုအမိန့်သည် သင်ပုန်းချေသည့်သဘော အကြုံးဝင် သည်ဟုယုံကြည်ပါသည်ဘုရား။ ထို့ကြောင့်.... နိုင်ငံတော် သမတ၏ အမိန့် နှင့် တရားဝင်ပါတီထူထောင်ခွင့် ကတိအရ၊ တော်လှန်ရေး အင်အားစုများ သည် ဥပဒေသဘောအားဖြင့် ဥပဒေတွင်းသို့ဝင်ရောက်လုပ်ကိုင်ဆောင်ရွက် နိုင်သောအခြေသို့ရောက်ပြီဟုယူဆပါသည်ဘုရား" ဟူ၍ပါရှိ၏။

"ယခုရရှိသော အချက်အလက်များကို တဖက်သော အင်အားစုတို့ အားစုံစမ်းရှင်းလင်းရန်လိုပါသေးသည်ဟူ၍လည်း၊ ဝန်ကြီးချုပ်အား ပြော ကြားခဲ့ပါသည်" ဟုလည်းလျှောက်ထားရာတွင်ဖေါ်ပြထား၏။

ဤလျှောက်ထားချက်နှင့် ပတ်သက်၍ ဆရာတော်တို့က-"....သူမ နာကိုယ်မနာ သဘောထားကို ကာယကံရှင် ၂-ဦး ၂-ဖက်စလုံးတို့အား စုံစမ်း၍ ငြိမ်းချမ်းရေးကို ဆက်လက် ဆောင်ရွက် ကြရန်ဟု ၁၃၁၉-ခု၊ ဝါဆိုလဆုတ် ၁၄-ရက်(၂၅-၇-၅၈)နေ့က ဩဝါဒပေးခဲ့သည့်အတိုင်း ၎င်းတို့အား ရှင်းလင်းရန်ကိုလည်း ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့ဝင် ဒါယ ကာများက ငြိမ်းချမ်းရေးကိုသာ အဓိကထား၍ တနည်းနည်းဖြင့် ဆက် လက် ကြိုးပမ်း ရှင်းလင်းကြစေလိုသည်"ဟု ဩဝါဒ ပေးတော်မူလိုက်ကြ ၏။ ဤသို့ ကြိုးပမ်းနေစဉ်အတွင်း၊ ငြိမ်းချမ်းရေးကို အလှမ်းဝေးစေမည့် အပြုအမူ အပြောအဆို အရေးအသားများကို ရှောင်ကြဉ်ကြရန် အတွက်

လည်း တိုင်းသူပြည်သားတို့အား ထပ်လောင်း ဩဝါဒပေးတော်မူကြလေ သည်။

ဩဂုတ်လ၊ ၁၀-ရက်နေ့တွင် ကျင်းပသော ရန်ကုန်ခရိုင်ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့ဝင် များနှင့် တိုက်နယ် ကိုယ်စားလှယ်တို့၏ အစည်း အဝေးက တောတွင်းနှင့် ဆရာကြီးတွေ့ရေးအတွက် အမြန်ဆုံးဖြစ်မြောက် အောင် ဆောင်ရွက်ရန် တိုက်တွန်း တောင်းဆိုခဲ့ကြ၏။ ထို့ပြင် ဆရာတော် တို့အား လျှောက်ထားချက်တွင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့သည်၊ သူမနာ ကိုယ်မနာမူနှင့် ချတ်ချော်သွားသည့် သဘောကို တွေ့ရသည် ဟူ၍လည်း ဝေဘန်ခဲ့ကြလေသည်။

၁၉၄၈-ခု၊ ဇူလိုင်လ၊ ၂၉-ရက်နေ့တွင် ဥပဒေတွင်းတိုက်ပွဲအသွင်မှ လက်နက်ကိုင် တိုက်ပွဲအသွင်သို့ကူးပြောင်းသွားခဲ့ပြီး ၁၉၅၈-ခု၊ဩဂုတ်လ ၁၅-ရက်နေ့တွင် ဥပဒေတွင်း တိုက်ပွဲအသွင်သို့ ပြန်ကူးပြောင်းလာခဲ့သော ပြည်သူ့ရဲဘော်အဖွဲ့သည်။ဩဂုတ်လ၊၁၆-ရက်နေ့တွင် အာဇာနည်ဗိမာန်သို့ သွား၍ လွမ်းသူ့ပန်းခွေ ချကာ အလေးပြုခဲ့ကြ၏။ ဩဂုတ်လ၊ ၁၈-ရက် နေ့တွင် ကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေးက ပြည်သူ့ရဲဘော်အဖွဲ့ အား တရားဝင်ပါတီအဖြစ် ကြေညာလိုက်ပေသည်။

ဩဂုတ်လ၊ ၂၄-ရက်နေ့တွင် ပြည်သူ့ရဲဘော်အဖွဲ့အား ကြိုဆိုရေး ကော်မတီကကြိုဆိုသည့်အခမ်းအနားကရပ်ကို မြို့တော်ခန်းမ၌ ကျင်းပခဲ့၏။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်တကွ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့ တက်ရောက်ချီးမြှင့်ခဲ့ကြ၏။

မိမိတို့ပါတီနှင့်တောတွင်းရှိ အခြားပါတီတို့၏ဖြစ်ပေါ်မှုအစဉ်သည် မတူခဲ့ကြောင်း။အနေအထားတွင်လည်းမတူခဲ့ကြောင်း၊ တောတွင်း၌ကျန်ရှိ နေသေးသော ပါတီအဖွဲ့အစည်းတို့သည် တွေ့ဆုံဆွေးနွေးရေးမူအရ၊ အစိုး ရက ဖိတ်ခေါ်ပါက၊အားလုံးပင်ပြန်ဝင်လာကြမည်ဟု ယုံကြည်ကြောင်း။ မိမိတို့ပါတီကဤကဲ့သို့ဝင်လာခြင်းကြောင့်၊အခြားပါတီများလည်း ဤသို့ ပင်ဝင်ခဲ့ရပါမည်ဟုပြော၍ မဖြစ်ကြောင်းဖြင့် ပြည်သူ့ရဲဘော်အဖွဲ့ အထွေ ထွေအတွင်းရေးမှူးဗိုလ်အုံးတင်ကပြောဆိုခဲ့၏။

ထိုအတောအတွင်းတွင် ဗမာပြည် ကွန်မြူနစ် ပါတီမှ ဗမာပြည် အလုပ်သမားပါတီသို့ စာတစောင်ပေးပို့ လိုက်သည့်သတင်းကို ဩဂုတ်လ၊ ၂၉-ရက်နေ့ထုတ်သတင်းစာများတွင် ဖေါ်ပြထားကြ၏။

ဖေါ်ပြရာတွင် ယခုအခြေအနေ၌လက်နက်ချအညံ့ခံနည်းနှင့်၊ ၂ဦး ၂ဖက် ဆွေးနွေး စေ့စပ်ရပ်စဲနည်း ဟူ၍ ၂ နည်းရှိကြောင်း၊ ၂ဖက်စေ့စပ်

ဆွေးနွေးနည်းမှာ အစွန်းအနိုင်မရှိသော သူမနာကိုမနာ ရပ်စဲနည်းဖြစ်ကြောင်းဟုပါရှိ၏။

ဦးနု၏ တောင်းဆိုချက်မှာ လက်နက်ကိုင် တိုက်ပွဲစွန့်ကြောင်း ကျေညာ၍ လက်နက်ကိုစစ်တပ်အပ်ပြီး အသင်းဝင်ခဲ့ဟူ၍ ဖြစ်ရာ၊ အစဉ်တစိုက် အပြောင်းအလဲ မရှိကြောင်း။ လက်နက်ချအညံ့ခံနည်းဖြစ်၍၊ ဦးဗဆွေက သူတို့နှင့်မဆွေးနွေးဘူးဟုဆိုခြင်းမှာ အမှန်ပင်ဖြစ်ကြောင်းဖြင့် ဖော်ပြထား၏။ နှစ်ဖက်ဆွေးနွေး၍၊ နှစ်ဖက် ပြေလည်မှုရှိပြီး လက်နက်များကို ပေးအပ်လျှင်၊ လက်နက်ချအညံ့ခံရေးမဟုတ်ကြောင်း။ နှစ်ဖက်တန်းတူဆွေးနွေး၍ပြေလည်မှုရပြီး၊ ရေဒ္ဒပတ္တမြား ရေနက၊ အပေးအယူ ဖြစ်ကြောင်း။ ကာယကံရှင်အချင်းချင်း မတွေ့ဆုံနိုင်ဘဲ ပြဿနာမှာ မပြီးဆုံးနိုင်ကြောင်းဟူ၍ ဖော်ပြထား၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း အဖွဲ့နှင့် တွေ့ဆုံရေးကို လက်ခံကြောင်း၊ဖြင့်လည်းဖော်ပြထား၏။

ထို့ပြင်ဩဂုတ်လ၊ ၁၁ ရက်နေ့စွဲဖြင့် ပမညတသို့လည်း၊ ဗမာပြည်ကွန်မြူနစ်ပါတီက စာပေးပို့လိုက်ကြောင်းဖြင့် ဩဂုတ်လ၊ ၃၀-ရက်နေ့ထုတ်သတင်းစာတို့က ဖော်ပြခဲ့ကြ၏။

ဦးနု၏တောင်းဆိုချက်မှာလက်နက်ချအညံ့ခံစေရန်ဟူသောသဘောဖြစ်နေပြီး၊ တရားမျှတမှုမရှိ၊သင်ပုန်းချေရာမကျသဖြင့်ပမညတ၏ဖိတ်ခေါ်ချက်ကိုလက်မခံနိုင်ဟု ပေးစာတွင်ဖော်ပြထားကြောင်းဖြင့် ရေးသားဖော်ပြကြ၏။

ဥပဒေတွင်း ဝင်လာတာနဲ့ လက်နက်ကိုင်လမ်းစဉ်မှားကြောင်းဝန်ခံပြီးဖြစ်ပါသည်ဟူသော ဝန်ကြီး ဒေါက်တာဦးအေးမောင်၏ စကားနှင့်၊ သူတို့ကိုင်တဲ့ ခြောက်လုံးပြူးကို တပ်မတော် အရာရှိထံ အပ်လိုက်တာနဲ့၊ ဒီခြောက်လုံးပြူးကိုင်ပြီး သောင်းကျန်းလာခဲ့တာ မှားကြောင်း ဝန်ခံပြီးဖြစ်လို့ မလိုတော့ပါဘူးဟု ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်က ဆိုကြောင်းဖြင့်လည်း ဖော်ပြကာ၊ အာဃာတထားပုံတို့ကို ရေးသားထား၏။ ကျွိုသို့ဆိုခြင်းသည် သင်ပုန်းချေရာမရောက်၊နိုင်ငံရေးအပေါ်စီး ယူခြင်းသာဖြစ်ကြောင်းဖော်ပြကြ၏။

ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှဘဆင့်၊ စေ့စပ်ဆွေးနွေးရန် နှစ်ဖက်ပြေလည်မှုဖြင့် ပြည်တွင်းစစ်ရပ်စဲနိုင်ရန် တော်လှန်ရေး ပါတီများနှင့် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ရန်ကုန်တွင်တွေ့နိုင်ရေးကိုကြိုးစားပေးရန် ပမညတအားပန်ကြားထားသည်ဟု ဖော်ပြထားလေသည်။ ယခုမှမှာနောက်ဆုံးမှ

ဖြစ်ပြီး၊၎င်းတင်ပြချက်အား ကော်သူလေးအဖွဲ့နှင့် အလံနီ ကွန်မြူနစ်ပါတီတို့က သဘောတူထောက်ခံကြသည်ဟုလည်း ဖော်ပြထားလေသည်။

ထို့နောက် အလံနီကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး သခင်စိုးထံမှသည်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှ တဆင့် ပြည်တွင်းစစ်ရပ်စဲရေး အတွက် နိုင်ငံရေးအရ မျက်နှာစုံညီ ဘွေ့ဆုံဖြေရှင်းရန် ကမ်းလှမ်းချက်တစောင်ကိုအစိုးရထံသို့ပေးပို့ လိုက်သည်ဟုစက်တင်ဘာလ၊၆-ရက်နေ့ထုတ် လမ်းစဉ်သတင်းစာတွင်ဖော်ပြထား၏။

စက်တင်ဘာလ၊ ၆-ရက်နေ့တွင်ကျင်းပသော ပမညတ သဘာပတိအဖွဲ့အစည်းအဝေး၌၊ ဗမာပြည် ကွန်မြူနစ်ပါတီ သခင်ချစ် လက်မှတ်ဖြင့်ပေးပို့လိုက်သော စာကို စဉ်းစားပြီးနောက် ဆရာတော်များပေးအပ်ခဲ့သောဩဝါဒအရ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် တော်လှန်ရေးပါတီကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးရေးကို ထောက်ခံကြောင်းဖြင့် အားလုံးသဘောတူဆုံးဖြတ်ခဲ့၏။

စက်တင်ဘာလ၊ ၇-ရက်နေ့တွင် ရန်ကုန် မအူပင်လမ်း ဒေါ်မမအလွတ် ပညာသင်ကျောင်း၌ ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့နှင့် အဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်တို့သည် ဆွေးနွေးပွဲတရပ် ကျင်းပခဲ့ကြ၏။ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့နှင့် တောတွင်းတော်လှန်ရေး အင်အားစုများတွေ့ဆုံရာ၌ ရန်ကုန်၌ တွေ့ဆုံ ရန်နှင့် ဆွေးနွေးနေစဉ် အတွင်း လုံခြုံရေးကို အစိုးရက အာမခံပေးရန် အစိုးရအား တိုက်တွန်းရန်နှင့် ဆွေးနွေးချက်တို့အား အသံလွှင့်ဌာနမှအသံလွှင့်ပေးရန်၊တက်ရောက်လာသောအဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်တို့က အကြံပေးကြ၏။ ပြည်တွင်း ငြိမ်းချမ်းရေး အဖွဲ့နှင့် တောတွင်းပုဂ္ဂိုလ်များတွေ့ရေးကိုအစိုးရထံ တောင်းဆိုမည့် အကြောင်းနှင့် ထိုသို့ တွေ့ရေးအတွက်တပြည်လုံး၌ ဆန္ဒပြပွဲများကြင်းပမည့်အကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကပြန်ကြားရာ အားလုံးသဘောတူခဲ့ကြ၏။

စက်တင်ဘာလ၊ ၁-ရက်နေ့စွဲဖြင့်ပဲခူးရိုးမတိုင်း ကေအင်ယူတပ်ဦးပါတီဥက္ကဋ္ဌ စောအေးဟံထံမှ ဆရာကြီး၊ သခင်ကိုယ်တော်မှိုင်းထံသို့ ပေးပို့လိုက်သောစာတွင်၊ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့နှင့် တောဘွင်းပါတီများ တွေ့ဆုံရေးကို ထောက်ခံထား၏။

စက်တင်ဘာလ၊ ၂၁-ရက်နေ့တွင် ကျင်းပသော ရန်ကုန်ခရိုင်အမျိုးသမီးညီညွတ်ရေး အဖွဲ့ညီလာခံမှ တောတွင်းနှင့် ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ပူး တွေ့ဆုံ ဆွေးနွေးရေးကို ထောက်ခံခဲ့ကြ၏။

စက်တင်ဘာလ၊ ၂၆-ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနု အသံလွှင့် မိန့်ကြားရာတွင်၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကို ၆-လအတွင်း ဖြစ်မြောက်နိုင်အောင်လိုအပ်သောအစီအစဉ်များကို ပြုလုပ်ပေးရန်အတွက် ဗိုလ်ချုပ်နေဝင်းကိုဖိတ်ကြားခဲ့ကြောင်း။ ဗိုလ်ချုပ်နေဝင်းကလည်း မိမိ၏ ဖိတ်ကြားချက်ကို လက်ခံသည့်အတွက် အထူး ဝမ်းသာကြောင်း။ ရွေးကောက်ပွဲကို ၁၉၅၉-ခု ဧပြီလမကုန်မီ ကျင်းပနိုင်ရန်ဗိုလ်ချုပ်နေဝင်းကို အားပေးကြရန်မေတ္တာရပ်ခံကြောင်းဖြင့်ပါရှိပေသည်။

ထိုနောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော အိမ်စောင့်အစိုးရ ပေါ်ထွက်လာခဲ့၏။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၈-ခု အောက်တိုဘာလ၊ ၂၉-ရက်နေ့တွင်ဝန်ကြီးချုပ် တာဝန်ကို လက်ခံဆောင်ရွက်ခဲ့၏။ ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၅၉-ခုနှစ်၊ ဖေဖေါ်ဝါရီလ၊ ၁၃-ရက်နေ့တွင်နုတ်ထွက်စာတင်ခဲ့ပြီး၊ ဖေဖေါ်ဝါရီလ၊ ၂၇-ရက်နေ့တွင် ပါလီမန်လွှတ်တော် အစည်းအဝေးက ဗိုလ်ချုပ်ကြီး နေဝင်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည် ရွေးကောက်တင်မြှောက်ခဲ့၏။

ပြည်သူ့လွှတ်တော်ကို ၁၉၅၉-ခု၊ ဒီဇင်ဘာလ၊ ၁၉-ရက်နေ့တွင် ဖျက်သိမ်းလိုက်၏။ နိုင်ငံရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲ အတွက် ပြင်ဆင်လာခဲ့ကြ၏။

၁၉၆၀-ခု၊ ဖေဖေါ်ဝါရီလ၊ ၆-ရက်နေ့တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနှင့် ဖေဖေါ်ဝါရီလ၊ ၂၉-ရက်နေ့တွင် လူမျိုးစု လွှတ်တော် ရွေးကောက်ပွဲတို့ကို ကျင်းပခဲ့၏။

၁၉၅၉-ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ (ရှစ်ဦးကော်မတီ) ကိုဖျက်သိမ်းခဲ့ရပြီးနောက်၊ ၁၉၆၀-ခုဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်သောပထစအစိုးရဖွဲ့စည်းလာပြီး၊ မကြာမနှောင်း ၁၉၆၀၊ ဧပြီလ၊ ၂၄-ရက်နေ့(၁၃၂၂ တန်ခူးလဆုတ် ၁၄)တွင် ပြည်တွင်း ငြိမ်းချမ်းရေး နှိုးဆော်ချက်စာတမ်းတခုကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းကထုတ်ပြန်ခဲ့ပေသည်။

''တိုင်းပြည်ငြိမ်းချမ်းသာယာရေးအတွက် ၁၂ နှစ်တာမျှ ကြာရှည်သော ကာလအတွင်းဖြစ်ပေါ်တွေ့ကြုံ ခံရချက်တို့အရ၊ မည်သို့မည်ပုံဆောင်ရွက်လျှင်ရနိုင်မည်မရနိုင်မည် ဆိုသည်ကို၊ အစိုးရရောပြည်သူတို့ပါ သိရှိသင့်လောက်ပြီဟု ဆရာယူဆပေသည်။ ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းသောသဘောလက္ခဏာပြောဆိုပြုမူကြိုးပမ်းခြင်းသာ ဖြစ်စေသင့်ပေသည်။ ငြိမ်းချမ်းရေးအတွက်မငြိမ်းချမ်းမှုကိုသာထပ်ကာထပ်ကာဖြစ်ပေါ်စေမည့်ပြောဆိုပြုမူကြိုးပမ်းခြင်းမျိုးကို ယနေ့ကမ္ဘာ့အခြေအနေရရင်း၊ ယနေ့ ကမ္ဘာ့လူ

သားအများစုကြီး၏ လိုအင်ဆန္ဒအရင်း၊ ဗုဒ္ဓရှင်၏ဆုံးမတော် ဩဝါဒအရင်း၊ မဖြစ်ပေါ်သင့်ဟုဆရာယုံကြည်ပေသည်။

''တဖက်နှင့်တဖက် အာဃာတမကင်းဘဲအပြုတ်တိုက်ခဲ့သည်မှာကာလကြာမြင့်ခဲ့သည့်အထိမရသေး။ ရှေ့အဘိုတွင်လည်းအာဃာတမကင်းသည့်ပြောဆိုပြုမူကြိုးပမ်းချက် အရသာ ဆိုလျှင် ငြိမ်းချမ်းသာယာမှုမှာ ဝေးကွာနေဦးမည်ဟုပင်ဆရာထင်မြင်ပေသည်။.... ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့်တောတွင်းလက်နက်ကိုင် အင်အားစုများအားလုံးကလည်း ရဟန်းရှင်လူမြန်မာပြည်သူတရပ်လုံး၏ ငြိမ်းချမ်း သာယာရေးအတွက် တုသူ ကျင့်သုံးသင့်ပြီဟုဆရာယူဆပေသည်။ ဆရာ့အနေနှင့်လည်းမသေမီ ကာလကလေးအတွင်းလွတ်လပ်သောမြန်မာနိုင်ငံတွင်လွတ်လပ်သောမြန်မာတိုင်းရင်းသားတို့ငြိမ်းချမ်းသာယာစွာ နေထိုင်ကြသည်ကို မြင်သွားလိုလှပေသည်''။

''သို့ဖြစ်ရာတိုင်းပြည် အမြန်ပြန်လည် ငြိမ်းချမ်းရေးအတွက် အစိုးရနှင့်ကွန်မြူနစ်ဖြူနီစသော လက်နက်ကိုင် အင်အားစုတို့သည်၊ ဝန်ကြီးချုပ်မောင်နု၏ကမ္ဘာ့အေး ညီလာခံစကားသုံးရပ်နှင့် လျော်ညီစွာ ၂ ဦး ၂ ဖက်ကျေနပ်လက်ခံနိုင်ကြမည့် ပုံစံဖြင့် ငြိမ်းချမ်းရေးကို အမြန်ဆုံးဆောင်ရွက်အကောင်အထည်ဖေါ်ရန်နှင့် အများပြည်သူတို့ကလည်း ငြိမ်းချမ်းသာယာရေးအတွက်ဝိုင်းဝန်းကြိုးပမ်းကြရန်ဆရာအလေးအနက်နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။''ဟုဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဖေါ်ပြထား၏။

ထိုနောက် မေလ၊ ၂၂-ရက် ၁၃၂၂-ခု၊ ကဆုန် လပြည့်ကျော် ၁၃-ရက်)နေ့တွင်ပင်ပြည်ဝင်းငြိမ်းချမ်းရေးနှိုးဆော်ရေးအဖွဲ့ကိုဖွဲ့စည်းခဲ့၏ ဆရာကြီးအရှေ့ဂျာမနီသို့ ဆေးကုခံရန် ထွက်ခွါသွားပြီးနောက်ပြန်ရောက်လာသောအချိန်၊ ၁၉၆၁-ခု၊ မတ်လ၊ ၉-ရက် ၁၃၂၂-ခု၊ တပေါင်းလပြည့်ကျော်၉-ရက်ကြာသပတေးနေ့)တွင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကိုဖွဲ့စည်းခဲ့ပေသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အငြိမ်းစားသစ်တောအရေးပိုင်ဦးဘသော်နှင့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောတို့ကဒုတိယ ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ကြလေသည်။

၁၉၆၁-ခု၊ ဇွန်လ၊ ၁-ရက်နေ့စွဲဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီမှ ဝန်ကြီးချုပ်ဦးနုထံသို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှတဆင့် ပေးပို့ခဲ့လေသည်။ ထိုစာနှင့်ပတ်သက်၍ ဆရာကြီးက အောက်ပါအတိုင်း ဇူလိုင်လ ၅-ရက်နေ့(၁၃၂၃-ခု ပထမဝါဆိုလပြည့်ကျော် ၈-ရက်နေ့) တွင်ထုတ်ပြန်လိုက်ပေသည်။

"သင့်စာ၌ ဖေါ်ပြထားတဲ့ အချက်အလက်များရဲ့ အကျဉ်းချုပ်သဘောကတော့-မြန်မာနိုင်ငံမှာ အင်္ဂလိပ်နဲ့ အမေရိကန်နယ်ချဲ့ သမားများက တလျှောက်လုံးနည်းအမျိုးမျိုးနဲ့ နှောက်ယှက် ချယ်လှယ်မှုတွေကြောင့် ယခုအခါမှာပြဿနာကြီး ၃ ရပ်နှင့်ရင်ဆိုင်နေရတယ်။ (၁) အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေး နှင့် ပြည်ထောင်စု စည်းလုံး ညီညွတ်ရေး။ (၂) စီးပွါးရေးကျွန်ဘဝမှ လွတ်မြောက်ရေးနှင့်အမျိုးသားစီးပွါးရေး ပြန်လည်ထူထောင်ရေး။ (၃) ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးရေး-တို့ဖြစ်တယ်။

"ယင်းပြဿနာကြီးများကို ဖြေရှင်းဘို့အတွက်အဓိက ကတော့ဒီမိုကရေစီကျကျပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးတည်ထောင်ဘို့ လိုအပ်တယ်လို့ ဆိုထားတယ်။ ပြည်တွင်းစစ်ရပ်ဘို့ကတော့ အပြတ်တိုက်၊ လက်နက်ချစေတဲ့နည်းဟာမဖြစ်နိုင်ဘူး။ပြည်တွင်းစစ်ကိုစေ့စပ်ဆွေးနွေးတဲ့ နည်းဟာ ဒီမိုကရေစီ တိုးတက်ထွန်းကားစေပြီး၊ငြိမ်းချမ်းရေးအရှည် တည်တံ့မယ်။ နောက်ပြီး ဒါထက်က ပြဿနာကြီး ၃ ရပ်ကိုဖြေရှင်းနိုင်တဲ့အခြေအနေကိုလဲဖြစ်နိုင်တယ်လို့ ဆိုထားတယ်။

"ဆက်လက်ပြီးတော့-စေ့စပ်ဆွေးနွေးလိုတဲ့အချက် ၃ချက်ကိုဖေါ်ပြထားတာတွေ့ရတယ်။ယင်း ၃ ချက်ကတော့-

"(က) မြန်မာနိုင်ငံ အစိုးရသည်အင်္ဂလိပ်အမေရိကန်နယ်ချဲ့ ကျူးကျော်ရေး စစ်အုပ်စုထဲမပါဘဲ၊အမျိုးသားလွတ်လပ်ရေး၊ ငြိမ်းချမ်းစွာအတူနေရေးဝါဒကို ပြတ်သားစွာကျင့်သုံးရေး။

"(ခ) ပြည်သူများသို့ ဒီမိုကရေစီ အခွင့်အရေးများ ပြန်ပေးရေး၊ ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများ အာမခံရေး၊ မျိုးချစ်နိုင်ငံရေးအကျဉ်းသမားများအားလုံးလွှတ်ပေးရေး။

"(ဂ) ကွန်မြူနစ်ပါတီနှင့် ဒီမိုကရေစီ ပါတီများ၊ လူထုအဖွဲ့အစည်းများတရားဝင် တည်ရှိခွင့်နှင့် လှုပ်ရှားဆောင်ရွက်ခွင့် ပြန်ပေးရေး ဆိုတာတွေဖြစ်တယ်။

"နောက်ပြီးအမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေး၊ပြည်ထောင်စု စည်းလုံးညီညွတ်ရေးအတွက်၊ အစိုးရနှင့်ပြည်သူတို့ တစည်းတလုံးတည်းလုပ်သင့်တဲ့ လုပ်ငန်းစဉ်များကိုလဲဖေါ်ပြထားတယ်။ဒါတွေကတော့-(က)ကေအမ်တီ(တရုတ်ဖြူ)တပ်များကိုပြတ်ပြတ်သားသားတိုက်ခိုက်ရေး။(ခ)နယ်ချဲ့ ရုပ်သေးများ၏ ခွဲထွက်ရေးလှုပ်ရှားမှုကို ပြတ်ပြတ်သားသားအရေးယူရေး။ (ဂ)ရှမ်း၊ ကရင်စသော တိုင်းရင်းသားလူမျိုးများအားစစ်တိုက်ခိုက်နေခြင်းကိုရပ်ဆိုင်းရပ်စဲရေး၊ ၎င်းတို့နှင့်စေ့စပ်ဖြေရှင်းရေး။ (ဃ)ပြည်နယ်များ

အားတန်းတူရေးနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်အစုံပေးရေး။(င)ပြည်သူ့တရုပ်ပြည်၊လောပြည်၊ ဗမာ့ဒီးယားပြည်တို့နှင့်ပူးပေါင်းပြီး ကေအမ်တီများကို အရှေ့တောင်အာရှတိုက်ဒေသမှလုံးဝရှင်းလင်းပစ်ရေး။(စ)အရှေ့အာရှတိုက် တောင်ပိုင်းဒေသတွင် ငြိမ်းချမ်းရေး ဒေသ ထူထောင်ရေး။ (ဆ) ပြည်သူ့တရုပ်ပြည်အား ကုလသမဂ္ဂတွင် တရားဝင်နေရာ ပြန်ရရေး။ ချန်ကေရှိတ်အားကုလသမဂ္ဂမှမောင်းထုတ်ရေး။ (ဇ)ဆီတိုးကျူးကျော်ရေးစစ်အုပ်စုဖျက်သိမ်းပစ်ရေး၊ ဆီတိုးစစ်အခြေခံ စခန်းများ ဖျက်သိမ်းပစ်ရေး တို့ဖြစ်တယ်။

"နောက်ပြီး စီးပွားရေး အကျပ်အတည်းမှ လွတ်မြောက်ရေးနှင့် အမျိုးသားစီးပွားရေးပြန်လည်ထူထောင်ရေးအတွက်လဲ အောက်ပါအတိုင်း ဖေါ်ပြထားတာ တွေ့ရပါတယ်။

"(က) အမျိုးသား စက်မှုလက်မှု လုပ်ငန်းများကို အကာအကွယ် ပေးရေး။ (ခ) ပြည်သူပိုင်အဖြစ် သိမ်းယူထားသော လယ်မြေများကိုမြေမဲ့ ယာမဲ့နှင့် မြေယာချို့တဲ့သူများအား ချင်းချက်မရှိဝေငှရေး။ (ဂ) နယ်ချဲ့ အရင်းအနှီးများကို လက်ငင်းတွင် ချုပ်ချယ်ကန့်သတ်ပြီး နောင်အခါတွင် အမျိုးသားစီးပွားရေးမှ မောင်းထုတ်ပစ်ရေး။ (နု၊ အက်တလီ) စာချုပ်မှ မြန်မာပြည် အမျိုးသား လွတ်လပ်ရေးနှင့် စီးပွားရေး လွတ်လပ်ရေးကို ထိပါးစေသော အချက်များ ပယ်ဖျက်ရေး။ (ဃ)ပြည်သူပိုင် စက်မှု လုပ်ငန်းများကို ဒီမိုကရေစီကျကျလုပ်ပြီး တိုးချဲ့ရေး။ (င)ပြည်သူ့ထိုင်ခါနေထိုင်မှု အဆင့်အတန်းမြှင့်တင်ရေး။(စ)နယ်ချဲ့အကူအညီ အထူးသဖြင့် အမေရိကန် အကူအညီကိုမယူရေး။ (ဆ)ဆိုရှယ်လစ်နိုင်ငံများနှင့် ကုန်သွယ်ရောင်းဝယ်မှုကိုတိုးချဲ့ရေး၊ဆိုရှယ်လစ်နိုင်ငံများမှစီးပွားရေးအကူအညီယူရေး။ (ဇ)ပြည်တွင်းစစ်ကို ချက်ချင်းရပ်စဲ၍ပြည်တွင်းစစ်အတွက် ကုန်ကျငွေများကိုအမျိုးသားစီးပွားရေးတွင် အရင်းအနှီးမြှုပ်နှံရေးတို့ဖြစ်တယ်။

"နောက်ပြီးနိဂုံးချုပ်သဘောအနေနဲ့ တွေ့ရတာကတော့ အကယ်၍ အပြတ်တိုက်ရေးလက်နက်ချရေးများကို ဆက်လက် လုပ်နေကြမယ်ဆိုရင်၊ ဘယ်နည်းနဲ့မှ မအောင်မြင်နိုင်ပါ။ ပြည်သူတွေလဲ ဆက်လက်ပြီး အတိဒုက္ခရောက်ကြမယ်။ စီးပွားရေးကျပ်တည်းမှုလဲ ပိုမိုဆိုးဝါးလာလိမ့်မည်။ အမျိုးသားစီးပွားရေး ထူထောင်ရေးကိုလဲ လုပ်နိုင်မှာ မဟုတ်ဘူး။ အမျိုးသားလွတ်လပ်ရေးနဲ့ ပြည်ထောင် စုစည်းလုံး ညီညွတ်ရေးတို့ အတွက်လဲ အန္တရာယ်ပိုကြီးမားလာလိမ့်မယ်။ဒီမိုကရေစီအခွင့်အရေးများတနေ့တခြား ပိုမိုဆုံးရှုံးပြီး ကြားနေရေးဝါဒပါ ဖျက်စီးခံရပြီး စစ်အုပ်စုထဲသွင်းမဲ့

စစ်အာဏာရှင်စနစ်အတွက် မြေသြဇာကောင်းခြင်းလဲ ဖြစ်လာလိမ့်မယ်လို့ ဆိုထားတယ်။

"ဒါ့ကြောင့် သူတို့အနေဖြင့်ကတော့ အပြုတ်တိုက်ရေးလက်နက်ချရေး ဆက်ဖြစ်နေသေးရင်၊ဆက်ပြီးခုခံကာ၊ ဒီမိုကရေစီကျစွာတွေ့ဆုံဆွေးနွေးပြီး၊ ပြည်ဖျှင်းစစ် ရပ်စဲရေးအတွက် ကြိုးပမ်း သွားမယ်လို့ ဖေါ်ပြထားတယ်။

ထိုနောက် ဖြုံကြည့်ရသလောက်စာပါအချက်အလက်များ ပိုပြည့်စုံ၍၊ ငြိမ်းချမ်းရေးအတွက် ပိုမိုကောင်းမွန်လာသည်ဟု ယူဆမိကြောင်း၊ နှစ်ဦးနှစ်ဖက် စေ့စပ်ပြေရှင်းတဲ့နည်းနှင့် ပြည်တွင်း ငြိမ်းချမ်းရေး အမြန်တည်ဆောက်ကြရန်မေတ္တာရပ်ခံကြောင်းနှင့် ၎င်းပေးစာကို ဝန်ကြီးချုပ်ထံ ၄-၇-၆၁ နေ့ကပင်လူလွှတ်၍ ပေးပို့ခဲ့ပြီးဖြစ်ကြောင်းဖြင့်ဆရာကြီး သခင်ကိုယ်တော်မှိုင်းကအဆုံးသတ်တွင်ဖေါ်ပြထား၏။

ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ပြည်ထောင်စုပါတီ (ပထစ) အစိုးရကမူ တွေ့ဆုံဆွေးနွေးရေးကို လက်မခံဟု ဆုံးဖြတ်ထား၏။ ပသစ ဝန်ကြီး ဒေါက်တာ ဦးအေးမောင်က တွေ့ဆုံဆွေးနွေးရေးကို လက်မခံဟု ပြည်ထောင်စုအစိုးရက ဆုံးဖြတ်ထားကြောင်းဖြင့်၊ ဇွန်လ ၂၀၊ ၁၉၆၁ ထုတ်ရန်ကုန်သတင်းစာတွင်ဖေါ်ပြထား၏။

၁၉၆၂-ခု၊ ဇန်နဝါရီလ၊ ၂၇-ရက်နေ့တွင် ကျင်းပခဲ့သော ပထစ ပြည်လုံးကျွတ်ညီလာခံတွင်၊ ပထစ ဥက္ကဋ္ဌအဖြစ် နောက်ဆုံး မိန့်ကြားသော ဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်း၌၊ အစိုးရနှင့် သူပုန်တို့၏ တိုက်ပွဲကို ဆက်၍တိုက်ကြပေဦးတော့ဟူသော သဘောသည်ပေါ်လွင်နေခဲ့သည်။

၁၉၆၂-ခု၊ မတ်လ၊ ၂-ရက်နေ့တွင် ပြည်တောင်စု နိုင်ငံတော်အထူးချွတ်ယွင်းလာသောအခြေအနေဆိုးကို ထိန်းသိမ်းသော၄ာဗမာ့တပ်မတော်မှ တာဝန်ယူ ဖောင့်ရှောက်လိုက်ပြီဟု ဗိုလ်ချုပ်ကြီးနေဝင်းက နံနက် ၈-နာရီ ၄၅-မိနစ် တွင် အသံလွှင့်ကျေညာခဲ့၏။ လွှတ်တော် ၂-ရပ်စလုံးကိုမတ်လ ၃-ရက်နေ့တွင် ဖျက်သိမ်းလိုက်၏။

မတ်လ၊ ၉-ရက်နေ့တွင်ကျင်းပသော သတင်းစာကွန်ဖရင့်၌၊ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ကြီးကဒီသူပုန်တွေ သိကြားသားမိ လား၊ဒီသူပုန်တွေဖို့ကိုပြိုရမည်၊တနှစ်လောက် စောင့်ကြည့်နေလိုသည်ဟုမိန့်ကြားခဲ့၏။

ဧပြီလ၊ ၄-ရက်နေ့တွင်ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ၈၇-နှစ်မြောက်မွေးနေ့အခမ်းအနားကျင်းပရာ၌၊ "ဆရာလဲ အိမ်မင်းမစွမ်းနှင့် ငြိမ်းချမ်းရေးမရဘဲ အနိစ္စ ရောက်ရင်ဟောင်၊ ဘဝကူး ပြောင်မှာ မဟုတ်ဘူး"

ဟုဆရာကြီးက ထုတ်ဖေါ်မိန့်ကြားခဲ့၏။ ဧပြီလ၊ ၃၀-ရက်နေ့တွင် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်" ဟူသော တော်လှန်ရေးကောင်စီ အစိုးရ၏ ဝါဒနှင့်နှင့် သဘောထားတရပ်ကို ကျေညာခဲ့၏၊ ဖဆပလ၊ ပထစ၊ ပမညတ တို့က "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" ကိုမူအားဖြင့်ထောက်ခံခဲ့ကြ၏။

တော်လှန်ရေးကောင်စီအစိုးရအနေဖြင့်၊ ပြည်တွင်း ငြိမ်းချမ်းရေးကို အဓိကထား လုပ်ရင်ပိုကောင်းမည် ဖြစ်သည်ဟု မေလ ၈-ရက်နေ့တွင်၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မိန့်ကြားခဲ့၏။ ဇူလိုင်လ၊ ၇-ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်ကျောင်း၌ ဆန္ဒပြသူကျောင်းသားများသေနတ်ပစ်ခံကြ အဖမ်းခံရခဲ့ကြ၏။

၁၉၆၃-ခု၊ဇန်နဝါရီလ၊၁-ရက်နေ့တွင်၊ဘီအိုစီ ကုမ္ပဏီသည် နိုင်ငံပိုင်ဖြစ် လာခဲ့၏။စုစုပေါင်း ကျပ်-၆၂၅ သိန်းကိုနှစ်နှစ်အတွင်းပေါင်စတာလင်ငွေဖြင့် အရစ်ကျ နှစ်ကြိမ်ခွဲ၍ နိုင်ငံတော် အစိုးရက ပေးချေမည်ဖြစ်ပါသည်။

ဇန်နဝါရီလတွင် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ တွေးခေါ်မြော်မြင်ရေးသဘောတရားကိုထုတ်ပြန်ခဲ့၏။ဖေဖေါ်ဝါရီလ၊ ၂၃-ရက်နေ့တွင်တိုင်းရင်းသားနှင့်နိုင်ငံခြားဘဏ်ဘိုက်ပေါင်း-၂၄ တိုက်ကိုနိုင်ငံပိုင်သိမ်းယူလိုက်၏။ •

ဧပြီလ၊ ၁-ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ခဲ့၏။ မတ်လ၊ ၃၁-ရက်နေ့ထိ ပြည်ထောင်စုတခုလုံး၌ထောင်ပေါင်း ၃၈-ထောင်၌ထောင်ကျအကျဉ်းသား ၈၇၇၁-ဦး၊အမှုစစ်ခံနေသူအချုပ်သား ၃၁၅၆ ဦး နှင့်ပုဒ်မ ၅ အကျဉ်းသား ၁၂၈-ဦး ရှိခဲ့ရာ၊ဇွန်လ ၂၀-ရက်နေ့ အထိ ထောင်ကျအကျဉ်းသား ၃၇၈၅၊အမှုစစ်ဆဲအချုပ်သား ၆၆၄ နှင့်ပုဒ်မ ၅ အကျဉ်းသား ၁၂၁-ဦးစုစုပေါင်း ၄၅၇၀-ယောက်ကို လွှတ်ခဲ့ပြီး ဖြစ်သည်။

မေလ၊ ၁၁-ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီမှဗိုလ်ချုပ်ကြီး နေဝင်းထံသို့ပေးစာကို မေလ ၈-ရက်နေ့တွင်၊ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဗိုလ်ချုပ်ကြီးနေဝင်းထံ စာတိုက်မှ ပေးပို့လိုက်ကြောင်းဖြင့် ဖေါ်ပြထား၏။ စာပါ အချက်အလက် များကိုလည်း အောက်ပါအတိုင်းဖေါ်ပြခဲ့၏။

"နှစ်ဖြူ၏ သဘောထားမှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်သည်မိမိတို့အားဝိုင်းပယ်၍ ချေမှုန်းရေးစစ်ပြင်ဆင်ခြင်းသာ ဖြစ်ကြောင်း။

ယခင်အစိုး ရအဆက်ဆက်ကဲ့သို့ပင် မိမိတို့အား လက်နက်ချအညံ့ခံ

နိုင်းပြီးအပြုတ်တိုက်သော နည်းသာ ဖြစ်ခြင်းကြောင့် ၎င်းတို့ကလက်မခံနိုင်ကြောင်း။ လက်နက်ချ အပြုတ်တိုက်နည်းဖြင့် ပြည်တွင်း ငြိမ်းချမ်း ရေး၊ ညီညွတ်ရေးကိုတည်ဆောက်နိုင်မည် မဟုတ်ကြောင်း။

"ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရန် လက်နက်ကိုင် အင်အားစုများ တန်းတူရည်တူဆွေးနွေးရန်ဖြစ်ကြောင်း။ အစိုးရနှင့်ဆွေးနွေးလိုကြောင်း။ဆွေးနွေးရာတွင် အချက် ၄-ချက်တင်ပြဆွေးနွေးလိုကြောင်း။

"(၁) အစိုးရသည် လိပ်ကန်နယ်ချဲ့ကျူးကျော်ရေးဂိုဏ်းသို့မပါဝင်ဘဲ၊အမျိုးသားလွတ်လပ်ရေးနှင့် ငြိမ်းချမ်းစွာအတူနေရေးပေါ်လစီကိုပြတ်သားစွာကျင့်သုံးရန်။(၂)အစိုးရအုပ်ချုပ်ရေးစနစ်မှာ ဒီမိုကရေစီစနစ်ကျရေးကိုအာမခံရန်၊ တပြည်လုံး၌ဒီမိုကရေစီအခွင့်အရေးပေးရန်၊ ပြည်သူလူထုအားဒီမိုကရေစီအခွင့်အရေးအာမခံရန်၊ ပုဒ်မအမျိုးမျိုးနှင့်ဖမ်းထားသောတိုးတက်သည့် နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ရန်။(၃) ဗမာပြည်ကွန်မြူနစ်ပါတီအစရှိသောရှိသမျှအခြားဒီမိုကရေစီပါတီ၊လူထုအဖွဲ့အစည်းများ၏ ဥပဒေတွင်း တည်ရှိခွင့်၊ လုပ်ကိုင်ခွင့် များကို အာမခံ ရန် (၄)တိုင်းရင်းသားလူမျိုးစုများအပေါ် လက်နက်ကိုင်တိုက်ခိုက်ရေးရပ်စဲ၍ ၎င်းတို့၏ တရားသဖြင့်ရထိုက်သော အခွင့်အရေးများကို ဒီမိုကရေစီကျကျဖြေရှင်းရန်ဟု ဖေါ်ပြထား၏။ နစ်ဖြူညွှန့်သခင်သန်းထွန်း လက်မှတ်ရေးထိုးထား၏။"

ဇွန်လ၊ ၁၁-ရက်နေ့တွင် တောခိုလက်နက်ကိုင်အဖွဲ့ အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်စာရပ်ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့၏။

"တော်လှန်ရေးကောင်စီသည် ပြည်တွင်း ငြိမ်း ချမ်း ရေး ပြန် လည်တည်ဆောက်ခြင်းကို လှိုက်လှဲစွာလိုလားတောင့်တလျက်ရှိသည့်အလျောက်ပြည်ထောင်စုအတွင်း၌ နိုင်ငံရေးအရရင်း၊ လူမျိုးရေးအရရင်း၊လက်နက်ကိုင်တိုက်ခိုက်နေကြသော တောတွင်း အဖွဲ့အစည်း အားလုံးတို့သို့ ပြည်တွင်းငြိမ်းချမ်းရေးကို လက်တွေ့တည်ဆောက်ကြရန်အတွက် အောက်ပါ ကမ်းလှမ်းချက်ကို ထုတ်ပြန်လိုက်သည်။

"တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများသည် တော်လှန်ရေးကောင်စီနည်းတူ ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည် တည်ဆောက်လိုကြသည်ဆိုပါက ဤသို့တည်ဆောက်လိုပါလျှင် သို့မဟုတ် အခြား အကြောင်းများရှိနေကြသေးလျှင် တော်လှန်ရေးကောင်စီသည် တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် ဤပြဿနာအဝဝကို ကူညီဖြေရှင်းလိုကြောင်းကမ်းလှမ်းလိုက်ပါသည်။

"ထိုသို တွေ့ဆုံဆွေးနွေးရေးတွင် ၂-ဖက်လုံးက မည်သည့် အချက်များကို အခြေခံ၍ ဆွေးနွေးလိုသည်ဟူသော ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုးသည် မတွေ့ဆုံရမီကပင် တဖက်နှင့် တဖက် တင်းမာမှု သဘောကိုပြခြင်း၊ ဆွေးနွေးပွဲ၏နယ်နိမိတ်ဘောင်ကို အသေတုဘ်ချည်၍ကျဉ်းမြောင်းသွားစေရာ ရောက်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလက်တွေ့အားဖြင့် အကျိုးပြုနိုင်သည်ထက် အဟန့်အတား ဖြစ်စေသည်ဟု တော်လှန်ရေးကောင်စီက ထင်မြင်သဘော ရရှိပေသည်။

"ဤသို့ တဖက်နှင့် တဖက် ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုး အလျှင်း မပါဘဲ တိုင်းပြည်၏ ပကတိ အခြေအနေကို မျက်မှောက် ပြု၍ လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းသောနည်းကို လက်နက်ကိုင် တောတွင်းအင်အားစုများက သဘောတူလက်ခံကြမည်ဆိုပါက တော်လှန်ရေးကောင်စီသည် နိုင်ငံရေးကြောင့်ရင်း၊ လူမျိုးရေးကြောင့်ရင်း၊ မည်သည့်အကြောင်းနှင့်ပင်ဖြစ်စေ၊ တောတွင်းရောက်နေကြသော မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်မဆို တွေ့ဆုံဆွေးနွေးဘို့ အသင့်ရှိကြောင်းထုတ်ပြန်ကြေညာအပ်ပေသည်။

"တွေ့ဆုံဆွေးနွေးကြရာဝယ်တော်လှန်ရေးကောင်စီက ထားရှိသည့်အခြေခံပင်မ စိတ်ထားမှာ အတိတ်၏အကြောင်းအရာများနှင့် ပတ်သက်၍၊ တဦးနှင့်တဦးအပြစ်ဖို့ခြင်းမျိုးကို ရှောင်ကြဉ်ပြီး၊ အမြတ်ထွက်မှု ဟူသောသဘောမျိုးကိုမထားဘဲ အလုပ်သမား၊လယ်သမားနှင့်လုပ်သားပြည်သူတို့၏ အကျိုးကိုသာ အာရုံ စူးစိုက် လုပ်ကိုင်သွားဘို့ပင် ဖြစ်ပါသည်။

"ဤသို့လက်ခံဆွေးနွေးရန်အတွက် တောတွင်း အဖွဲ့အစည်းများက အလိုရှိပါလျှင်၊ ၎င်းတို့ ကိုယ်စား လှယ် များ၏ အသွား အပြန် ခရီးစဉ်တလျှောက်လုံခြုံရေးအတွက် တော်လှန်ရေးကောင်စီက တာဝန်ယူပါသည်။ အကယ်၍ ဆွေးနွေးပွဲမအောင်မြင်သဖြင့် တောတွင်းသို့ ပြန်လိုကြပါလျှင် သွားလိုရာဒေသအထိလိုက်ပို့ပေးမည်သာမက ၃-ရက်အတွင်းဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်" ဟူ၍ ဖြစ်၏။

နိုင်ငံပိုင် လုပ်ခဲ့သော ဘဏ်များတွင် ပါဝင်ခဲ့သော တရုပ်ပြည်သူ့ဘဏ်(ယခုပြည်သူ့ဘဏ် အမှတ်-၁၂)နှင့် ဆက်သွယ်ရေးဘဏ် (ယခု ပြည်သူ့ဘဏ် အမှတ်-၁၁)တို့၏ အရင်းအနှီးငွေများနှင့် ရရန်ရှိသော လျော်ကြေးငွေများကို တောင်းယူခြင်းမပြုတော့ဘဲ၊ ၎င်းဘဏ်များ၏အပိုင်ပစ္စည်းများကိုပါ တော်လှန်ရေးကောင်စီအစိုးရသို့ လှူဒါန်းရန် တရုပ် ပြည်သူ့

သမတနိုင်ငံအစိုးရက ဆုံးဖြတ်သည်ဆိုသောစာကို ဇွန်လ၊၁၇-ရက်နေ့တွင် တရုပ်သံအမတ်ကြီးမှတဆင့်တော်လှန်ရေးကောင်စီအစိုးရသို့ပေးပို့လိုက်၏။

တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ အပေါ် ထုတ်ထားသော ဆုငွေများကို တော်လှန်ရေးကောင်စီ အစိုးရက ဖျက်သိမ်းလိုက်ကြောင်းဖြင့် ဇွန်လ ၂၂-ရက်နေ့က ကြေညာ၏။ ထို့နောက် ဇွန်လ၊ ၂၆-ရက်နေ့တွင်တော်လှန်ရေးကောင်စီက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုဇွန်လ၊၁-ရက်မှ ဇူလိုင်လ၊၁-ရက်အထိဟူ၍ ကန့်သတ်ထားခြင်းအား နောက်ထပ်အမိန့်မထုတ်မချင်း ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်းကြေညာခဲ့၏။ အစိုးရ၏ကမ်းလှမ်းချက်နှင့် ပတ်သက်၍ ပြည်သူတို့၏ငြိမ်းချမ်းရေးဆန္ဒနှင့် တောထွင်းမှ ကိုယ်စားလှယ်များတဖွဲ့ဖွဲ့ရောက်ရှိ ဆွေးနွေးနေကြခြင်းတည်းဟူသော အားတက်စရာအခြေအနေ တို့ကြောင့် ဤသို့အကန့်အသတ်ရက်ကိုပယ်ဖျက်ကာ၊ ရွှေ့ဆိုင်းရခြင်းဖြစ်ပေသည်။

အလံနီကွန်မြူနစ်ပါတီ ဗဟိုကော်မဝင်တီဒေါ်ငွေစံနှင့်ဗိုလ်ချုပ်ရဲနီ ကျော်ဝင်းတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မင်္ဂလာဒုံ လေဆိပ်သို့ ဇွန်လ၊ ၂၆-ရက်နေ့တွင် စစ်တွေမှတဆင့် ရောက်လာခဲ့ကြကာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား သွားရောက် ကန်တော့ကြပြီးနောက် တာမွေမြင်းပြိုင်ကွင်းဟောင်းရှိ သီးသန့်ဂေဟာ၌ တည်းခိုကြ၏။

ဇွန်လ၊ ၂၇-ရက်နေ့တွင် အလံနီ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် အဖွဲ့နှင့် သတင်းစာဆရာများသည် ဗမာ့အသံ ခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တော်လှန်ရေးအစိုးရ၏ ကမ်းလှမ်းချက်မှာလမ်းပွင့်ကြောင်း ခရီးဦးကြိုပြုကြောင်းဖြင့် ပြောဆို၏။ လက်နက်ချရေးသည်ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်နိုင်သည်ဟု မယုံကြည်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန်မှာ မျက်နှာစုံညီ ဆွေးနွေးရန်သာဖြစ်ကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန်အတွက် လူတန်းစားအသီးသီးပါဝင်သော ကွန်ဖရင့်တရပ် ကျင်းပပြုလုပ်ရန်၊ တနှစ် အပစ်အခတ်ရပ်စဲထားရန်နှင့်တွေ့ဆုံ ဆွေးနွေးမှုမပြေလည်လျှင်သွားလိုရာဒေသသို့ အရောက်ပို့ပေးပြီး ၄-ရက်အတွင်း အဖမ်းအဆီးအပစ်အခတ် မလုပ်ဟု ဆိုခြင်းအစား ၃-လသတ်မှတ်ရန်လိုကြောင်းဖြင့်တင်ပြဆွေးနွေးကြ၏။

မိမိတို့တောခိုစဉ်က လက်နက်ဆို၍ အပ်တချောင်းမျှ မပါသွားကြောင်း။ တောခိုရခြင်းမှာလည်း လွတ်လပ်စွာရေးသားခွင့်၊ ထုတ်ဝေဖြန့်

ချီခွင့်၊ ဖွဲ့စည်းလုပ်ရှားခွင့်မရ၍ ဖြစ်ကြောင်း။ ထိုအခွင့်အရေးများကိုပေးခဲ့လျှင် ပြည်တွင်းစစ် ဖြစ်ပေါ်စရာ အကြောင်းမရှိကြောင်း။ တော်လှန်ရေးကောင်စီအနေဖြင့်၊ ဤတရားကို ထည့်သွင်းစဉ်းစားရန်လိုကြောင်းဖြင့်ပြောဆို၏။

ယခုကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေး၍ ပြေပြစ်လျှင် သခင်စိုးကိုယ်တိုင်လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း။ ၁-လနှင့်မရလျှင် ၂-လ၊ ၁နှစ်၊ ၂နှစ်အထိ ဆွေးနွေးမည်ဖြစ်ကြောင်း။ မိမိတို့နှင့်အစိုးရတို့ ဆွေးနွေးချက်များကို အသံသွင်း၍ တောတွင်းရှိ မိမိတို့ပါတီသို့ ပြန်ပို့ပေးမည် ဖြစ်ကြောင်းဖြင့် ပြောဆိုကြ၏။

တော်လှန်ရေးအစိုးရ၏ကမ်းလှမ်းချက်တို့ကိုအဖွဲ့အစည်းအသီးသီးက ကမ်းလှမ်းကြိုဆိုသံတို့သည် တပြည်လုံး၌ဟိန်းနေလေသည်။

ဇွန်လ၊ ၂၅-ရက်နေ့တွင်ကချင်လက်နက်ကိုင် ကေအိုင်အေ အဖွဲ့ရှေ့ပြေးကိုယ်စားလှယ် ၂ဦးတို့သည်ဗန်းမော်မြို့သို့ရောက်ရှိနေသောတပ်မဟာ၇ တပ်မင်း၊ ကချင်ပြည်နယ် ဦးစီးအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ၊ တော်လှန်ရေး ကောင်စီအစိုးရ ထိပ်တန်း ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးနိုင်ရေး အတွက်စီစဉ်ပေးရန် မေတ္တာရပ်ခံကြသည်ဟုသိရှိရ၏။

ဇွန်လ၊ ၃၀-ရက်နေ့ညနေပိုင်းတွင် လူငယ့်တပ်ဦး ဘဝသိအလုပ်သမားအဖွဲ့၊ ရခိုင်သောတုဇနအဖွဲ့၊ သံဃာ့တပ်ဦး၊ လူငယ့်တပ်ဦး၊ မှန်ပြည်သူ့တပ်ဦး၊ ဗမလဖ၊ ဗကသသစ်၊ ရကသသစ်စသောအဖွဲ့များသည်မြင်းပိုင်ကွင်းရှိဂေဟာသို့လာရောက်၍ အလံနီကွန်မြူနစ်ပါတီ ကိုယ်စားလှယ် အဖွဲ့နှင့် တွေ့ဆုံရန်ကြိုးစားကြ၏။ ငြိမ်းချမ်းရေး ကြေးကြော်သံများကြေးကြော်၍ စောင့်နေစဉ်၊ ရဲနီကျော်ဝင်းက အုတ်တံတိုင်းပေါ်တက်၍ မိမိတို့မြို့ပေါ် တက်လာခြင်းမှာ လက်နက်ချရန်မဟုတ်၊ လက်နက်ချခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရမည်ဟုမယုံကြည်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ပါတီပေါင်းစုံအဖွဲ့ပေါင်းစုံပါဝင်သောတွေ့ဆုံ ဆွေးနွေးပွဲကြီး ကျင်းပဖြေရှင်းမှသာ၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိနိုင်မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဟောပြောခဲ့၏။

ငြိမ်းချမ်းရေး အလားအလာကောင်းသည်။ မိမိတို့တောတွင်းသို့ပြန်သွားခြင်းသည် တွေ့ဆုံဆွေးနွေးရေးလမ်းစ ပြတ်သွားခြင်းမဟုတ်သေး၊ ငြိမ်းချမ်းရေးကို မရမနေ ဆောင်ရွက်မည်ဟု ရဲနီကျော်ဝင်းက၊ ဇူလိုင်လ ၁-ရက်နေ့တွင်မင်္ဂလာဒုံလေဆိပ်သို့အသွား၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဝင်ရောက်နှုတ်ဆက် ကန်တော့ရင်း၊ သတင်းထောက်များအား ပြော

သွားလေသည်။ အလံနီကိုယ်စားလှယ်အဖွဲ့သည် ထိုနေ့နံနက်ပိုင်းမှာပင် စစ်တွေသို့ လိုက်သွားကြ၏။ အလံနီကွန်မြူနစ်ပါတီကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်တွင် ပြုလုပ်ဘယ်ရာ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သဖြင့်၊ ဇူလိုင် ၁-ရက်နေ့နံနက်၌ရန်ကုန်မှအထူးလေယာဉ်ပျံဖြင့်ရခိုင်တိုင်းသို့ထွက်ခွာသွားပြီဟု တော်လှန်ရေးကောင်စီသတင်းဇဉ်ဌာနကကြေညာ၏။

ဇူလိုင်လ၊ ၂-ရက်နေ့တွင်ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌဆရာကြီးသခင်ကိုယ်တော်မှိုင်းထံသို့၊ ဇွန်လ၊ ၂၂-ရက်နေ့စွဲတပ်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီ၏သဘောထားပြန်ကြားစာများရောက်လာခဲ့ရာ၊ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတော်လှန်ရေး အစိုးရသို့စာတိုက်မှ မှတ်ပုံတင်၍ပေးပို့လိုက်သည်ဟု သတင်းစာတို့တွင်ဖေါ်ပြကြ၏။

"တော်လှန်ရေးအစိုးရ၏ ကမ်းလှမ်းချက်အပေါ်တွင် ထားရှိသော သဘောထားအကျဉ်းချုပ်မှာ အစိုးရသည်တော်လှန်ရေး အင်အားစုများက လွတ်ငြိမ်းခွင့်အမိန့်ကို သက်မခံသဖြင့်ရင်း၊ ဆရာကြီးဦးစီးသည့်အဖွဲ့ကရော၊ ပမညတနှင့် ရဟန်းရှင်လူပြည်သူများကပါ လွတ်ငြိမ်းခွင့်အမိန့်ကိုမထောက်ခံဘဲ တွေ့ဆုံဆွေးနွေး၍ နိုင်ငံရေးအရဖြေရှင်းရန် ရပ်တည် ကြသဖြင့် ၎င်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရန်-လိုက်လျောဖေါ်ထုတ်လာရခြင်းဖြစ်သည်ဟု ထင်မြင်သည်။"

"ဤသဘောအရ ပြည်သူ့ဘက်မှ အတိုင်းအတာတခုအထိ အောင်မြင်မှုရလာသည်။"

"သို့ရာတွင်အစိုးရသည် လွတ်ငြိမ်းခွင့်အမိန့်အရ လက်နက်ချရေးကိုလည်းလုံးဝမစွန့်လွှတ်သေးဘဲရှိနေသည်။"

"အစိုးရ၏ကမ်းလှမ်းချက်သည်ရှုပ်ထွေးနေသည်။ နှစ်ဖက် ကောက်ရအောင်လုပ်ထားသည်။ ဆွေးနွေးပွဲလက်ခံလျှင်ပင်၊ လွတ်ငြိမ်းခွင့်လက်ခံပြီးသယောင်ယောင်ဖြစ်နေသည်။"

"အခြားတဖက်တွင် လွတ်ငြိမ်းခွင့် လက်မခံလျှင်လည်း တွေ့မည်လိုလိုအစီပွါယ်ရသည်။"

"လွတ်ငြိမ်းခွင့်အရ တွေ့ဆုံရေးကိုလက်မခံပါ။ ထို့ကြောင့်အစိုးရထံရှင်းလင်းပေးရန်စာရေးရခြင်းဖြစ်၏။"

"အခြားအရေးကြီးသောအကြောင်းအရာမှာ တွေ့ဆုံဆွေးနွေးခြင်းသည်ဘာကိုအခြေပြုပြီးစဉ်းစားမည်နည်းဟူသောအခြေခံ သတ်မှတ်နိုင်မှပင် စဉ်းစားစရာများကြိုတင်ညှိနှိုင်းစဉ်းစား၍ရနိုင်မည်ဖြစ်သည်။ဆွေးနွေးချက်အားလုံးအတွက်လည်းတရားမျှတစွာ အချိန်ယူစဉ်းစားခွင့်ရကြမည်။"

"ထို့ကြောင့် တွေ့ဆုံ ဆွေးနွေးမည်ဆိုက စဉ်းစားကြရမည့် အခြေခံကို ကြိုတင်သတ်မှတ်ရန်အချိန်ယူညှိနှိုင်းရမည်ဖြစ်သည်။ ၎င်းအတွက်သဘောတူလျှင် စဉ်းစားကြရမည့် အခြေခံများကို ညှိနှိုင်းသတ်မှတ်ရန် ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးလုပ်ဘို့ကိုလည်း အစိုးရထံ အကြံပေးထားသည်။

"ဆရာကြီးတို့အဖွဲ့နှင့် ပြည်သူတို့ တိုက်ပွဲအရ၊အစိုးရက သဘောတူလာရသော တွေ့ဆုံ ဆွေးနွေးရေးကို လက်မလွှတ်ဘဲ၊ တကယ့်ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းသွားမည်။

"သို့ရာတွင်ကြိုတင်ရင်းစရာများနှင့် စဉ်းစားမည့် အခြေခံများကြိုတင် ညှိနှိုင်းချမှတ်ပြီးမှသာလျှင် တွေ့ရန်ဖြစ်ပါသည်၊ စသည်ဖြင့် ဖေါ်ပြပါရှိကြောင်းသိရသည်။" ဟု ၄-၇-၆၃ ထုတ် ကြေးမုံသတင်းစာ၌ ဖေါ်ပြထား၏။

ထို့နောက် ပြည်တွင်း ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင်တဦးဖြစ်သူ ဝိုလ်မှူးချုပ်ဟောင်းကျော်ဇောက သတင်းထောက်အချို့၏ မေးမြန်းချက်နှင့်ပတ်သက်၍ အောက်ပါ အတိုင်း ဖြေကြားပုံကို ကြေးမုံက ဆက်လက် ဖေါ်ပြထား၏။

"သို့သော်လည်း ပေးစာနှင့် ပတ်သက်၍ ပိုမိုရှင်း လင်း သွားစေရန် အချို့အချက်များကိုပြောရလျှင်၊တွေ့ဆုံဆွေးနွေးရန် လိုအပ်သောအခြေခံ သတ်မှတ်ပြင်ဆင် ရေးကို ပဏာမ ဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ဘို့အသင့်ရှိပါသည်။ ကိုယ်စားလှယ် အဖွဲ့ကိုလည်းရွေးပြီးပြီ။

"ပဏာမ ဆွေးနွေးမှုများ ပြီးစီးသည့်အခါတွင် ဗဟိုကော်မတီမှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို စေလွှတ်ဆွေးနွေးမည်။

"ဗမာပြည် ကွန်မြူနစ်ပါတီအနေဖြင့် ပါတီအားလုံး တပါတည်း တွေ့ရေးကိုတိုက်တွန်းထားသည်။ ဆန္ဒလည်းရှိသည် စသဖြင့် ပါရှိကြောင်း နှင့်တစိတ်တဒေသထုက်ဖေါ်ပြောကြားလိုက်သည်။" ဟူ၍ဖြစ်သည်။

ဇူလိုင်လ၊ ၆-ရက်နေ့တွင် ပြည်သူ့ကော်မတီ၏ ငြိမ်းချမ်းရေး ဆန္ဒပြပွဲကို ရန်ကုန်မြို့တော် ခန်းမဦကျင်းပရာ၊ ပဒိုမျိုးသား ခေါင်းဆောင် ဦးလှဖေက သဘာပတိအဖြစ်ဆောင်ရွက်၏။

ပြည်သူတို့၏ လုပ်ရှားမှုကြောင့်တော်လှန်ရေးကောင်စီဇာဂိတ်ခေါ်ကမ်းလှမ်းလာရခြင်းဖြစ်၍ ပြည်သူတို့၏ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ပဦးထွက်ပဏာမအောင်ပွဲမျှသာဖြစ်သေးကြောင်း၊တကယ်တမ်း ငြိမ်းချမ်းရေး တည်ဆောက် နိုင်ငံရေးအတွက်ဆက်လက်တိုက်ပွဲဝင်ဦးမည်ဖြစ်ကြောင်း ဖြင့်မိန့်ခွန်းမြွက်ကြား၏။

တွေ့ဆုံဆွေးနွေးရေးတကယ်ဖြစ်မြောက်အောင်မြင်နိုင်ရန် အနိမ့်ဆုံးလိုအပ်ချက်များအဖြစ် အောက်ပါတို့ကို လိုအပ်သည်ဟု ပြည်သူ့ကော်မတီကတင်ပြ၏။

(၁) နှစ်ဦးနှစ်ဖက် အတိုက်ရပ်ထားပြီး၊ တောတွင်း အင်အားစုများပြန်ရန် ရက်အပိုင်းအခြားကိုပါ တားပေးရန်။ (၂)ဗဟို-ဗဟိုချင်းဆွေးနွေးရန်။ (၃) ဆွေးနွေးပွဲကို ရန်ကုန်၌ပြုလုပ်ရန်။ (၄) တောတွင်းမှလာရောက်ဆွေးနွေးသူများကို လွတ်လပ်မှုနှင့်လုံခြုံမှုပေးရန်၊ (၅) အစိုးရနှင့် တောတွင်းအင်အားစုများ၏ ဆွေးနွေးချက်ကိုပြည်သူလူထုသို့အသိပေးရန်တို့ဖြစ်၏။

ထို့နောက် (၁) ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်များကို ကြိုဆိုကြောင်း အဆို။ (၂) တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေးအင်အားစုများတွေ့ဆုံဆွေးနွေးရေးတကယ်ဖြစ်မြောက်ရန်၊ အထက်ဖော်ပြပါ အနိမ့်ဆုံးလိုအပ်ချက် ၅ ချက် ရှိသင့်ကြောင်းအဆို။(၃) နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအဆို။ (၄) ပြည်သူများအတွက် ဒီမိုကရေစီပြည့်ဝစွာရရှိရေးအဆိုတို့ကို တင်သွင်းရာ၊ ပရိသတ် ၃၀၀၀-ကျော်ကတသံတည်းအတည်ပြုဆုံးဖြတ်လိုက်ကြ၏။

ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ပေးစာနှင့် စပ်လျဉ်း၍ တော်လှန်ရေးကောင်စီ၏ ပြန်ကြားချက်ကို ဇူလိုင်လ၊ ၈-ရက်နေ့က ပေးပို့လိုက်ပြီဟု ၉-၇-၆၃ နေ့ထုတ် သတင်းစာများ၌ ဖော်ပြကြ၏။ ၎င်းပြန်ကြားစာကို ဇူလိုင်လ၊ ၁၀-ရက်နေ့မှစ၍ ပြည်ခရိုင် ပေါက်ခေါင်းမြို့ အာကာရုံး၌၎င်း၊ တောင်ငူခရိုင်လအာကာရုံး၌၎င်းလာယူနိုင်ကြောင်း။ ကွန်မြူနစ်ပါတီမှ ဆက်သွားသည့်ခိုင်လုံသောအထောက်အထားများပါသည့်စာယူလာခဲ့ရမည်ဖြစ်ကြောင်း။ နောင်အခါပေးစရာယူစရာ လုပ်ငန်း ချောမောစေရန် မည်သည့်စခန်းတွင် မည်သည့်နည်းဖြင့်ဆက်သွယ်မည်ကိုစကားပါးလိုက်စေလိုကြောင်းဖြင့်ထုတ်ပြန်ကြေညာထားလေသည်။

တော်လှန်ရေးအစိုးရ၏ ကမ်းလှမ်းချက်အရတောတွင်းရှိ (ကေအင်ယူပါတီ) ကရင်အမျိုးသားအချုပ် ခေါင်းဆောင်တဦးဖြစ်သူ စောကျော်မြသန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် အစိုးရနှင့် လာရောက်ဆွေးနွေးမည်ဟု သိရကြောင်းဖြင့် ဇူလိုင်လ၊ ၁၄-ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထား၏။

ဇွန်လ၊ ၂၀-ရက်ထုတ်ကြေးမုံတွင်၊ ဆောင်း ပါး ရှင် တ ဦး ဖြစ် သူ ''ကိုဦး''၏ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်ငြိမ်းချမ်းရေး-ဟူသော ဆောင်းပါးကို ဖော်ပြထား၏။

ထိုဆောင်းပါးတွင် "ထို့ပြင် ၁၉၅၂-ခုနှစ်၊ ၁၉၅၃-ခုနှစ်ဆီကထင်သည်။ တပ်မတော်တပ်မှူးများညီလာခံတွင် ၂-နှစ်တိုင်တိုင်ဆက်လက်၍ ဗိုလ်ချုပ်ကြီးနေဝင်းက 'ဖြစ်ပွါးနေသော လက်နက်ကိုင် ပဋိပက္ခကို နိုင်ငံရေးအရဖြေရှင်းမှ ဖြစ်မည်ဖြစ်ကြောင်း' မိန့်ကြားခဲ့ဘူးသည်။ ထိုအခါက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကာလျှင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်တဦးအနေဖြင့်၊ဗိုလ်ချုပ်၏မိန့်ခွန်းကို ကြိုဆိုကြောင်းသတင်းစာများသို့ထုတ်ပြန်ကြေညာခဲ့ဘူးသည်။ဗိုလ်ချုပ်သည်ထိုအခါက အစိုးရ၏ကာကွယ်ဘက်ဝန်ကြီးအဖွဲ့သို့လည်းဖြေကြားခဲ့ဘူးသည်ဟု ကြားသိရသည်...." ဟု ရေးသားထား၏။

ယခုအခါတွင် မိမိဆန္ဒအတိုင်းလုပ်ကိုင်နိုင်သည့် အာဏာကိုရရှိလာသောဗိုလ်ချုပ်ကြီးနေဝင်းသည် မိမိယုံကြည်သည့်အတိုင်း လက်ကမ်းလိုက်ပြီဖြစ်ရာ၊နိုင်ငံရေးအရဖြေရှင်းရေးကိုတောင်းဆိုခဲ့ကြသောတောတွင်းအင်အားစုတို့နှင့်တော်လှန်ရေးအစိုးရတို့၏ဆွေးနွေးပွဲ ထမြောက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပေသတည်း။

★ ★ ★

တော်လှန်သူများနှင့် ပြည်သူ့အင်အားစုများ၏

ထာဝရ ငြိမ်းချမ်းရေးနှင့်

အမျိုးသားညီညွတ်ရေးအတွက် ကြိုးပမ်းချက်

ဤသို့နှင့် ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းကြီးသည် ကြီးမား ကျယ်ပြန့်၍ မဖြိုဖျက်နိုင်သော အင်အားဖြစ်လာခဲ့ပြီဖြစ်သည်။ အမှန်အား ဖြင့်ငြိမ်းချမ်းရေးလုပ်ငန်းဆိုသည်မှာပြည်တွင်းစစ်မှဆင်းသက်လာခဲ့ရသည်။ ယခုဖြစ်နေသော ပြည်တွင်းစစ်သည် ဘယ်ကစခဲ့ပါသနည်း။

ပြည်တွင်းစစ်သည်ဆောင်းကျန်းကြသောကွန်မြူနစ်များသောင်းကျန်း ကြသော လူမျိုးစုများက သောင်းကျန်း ချင်ကြသောကြောင့် ပါလော။

ပြည်တွင်းစစ်သည် မတော်တဆ ရှောင်တခင်ဖြစ်လာခြင်းပါလော။
ဤသို့ကားမဟုတ်ပေ။

ပြည်တွင်းစစ်သည် နယ်ချဲ့စနစ် ပဒေသရာဇ်စနစ်ကို ပယ်ဖျက်ချင် သော ပြည်သူ့အင်အားစုများကတဖက် နယ်ချဲ့စနစ်နှင့်ပဒေသရာဇ်စနစ်ကို အလုပ်အကျွေးပြုလိုကြသော သစ္စာဖောက် များကတဖက် တိုက်ခိုက်ကြ ခြင်းဖြစ်လေသည်။

ဤနိုင်ငံရေးရာကွဲလွဲချက်ကို မည်သို့ကြည့်ရမည်နည်း။

၁၉၄၇-ခု၊ ဗိုလ်အောင်ဆန်းမကျဆုံးမီအချိန်

၁၉၄၆-ခု၊ ဒီဇင်ဘာလနှင့် ၁၉၄၇-ခုနှစ်၊ဇန်နဝါရီလတွင်ကွန် မြူနစ်ပါတီဗဟိုကော်မတီအစည်းအဝေးထိုင်ခဲ့ကြသည်။ ဤဗဟိုကော်မတီ အစည်းအဝေးက နိုင်ငံရေးလမ်းစဉ်၏ နာမည်မှာ "ဗမာပြည်လွတ်လပ်ရေး ရေး၏ နောက်ဆုံးအခဏ်းအတွက် အင်္ဂလိပ်နယ်ချဲ့စနစ်အား အပြုတ်တိုက် ရန် ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်"ဟူ၍ဖြစ်၏။ ထိုအစီရင်ခံစာမှ အရေး ကြီးသောအချက်များကိုဖေါ်ပြလိုပေသည်။

(က) သီးသန့်ထားသော နယ်များနှင့် လူမျိုးစုများ၏ ကိုယ့်ကံ ကြမ္မာကိုယ် ဖန်တီးရေး။ (ခ) ရောနှောနေထိုင်သောလူမျိုးစုများ၏ယဉ် ကျေးမှုအခွင့်အရေးများရရှိရေး။ (ဂ) မြေရှင်စနစ်ဟူသမျှကိုလျော်ကြေးမ ပေးဘဲဖျက်သိမ်းရေး၊လယ်ယာလုပ်သူ လယ်ယာပိုင်ဆိုင်ရေး၊မြေယာအသစ် ပြန်လည်ဝေငှရေး။ (ဃ) အင်္ဂလိပ်အရင်းအနှီးမှန်သမျှအတင်းသိမ်းပိုက်

ရေး၊လျော်ကြေးမပေးဘဲသိမ်းယူရေး။ (င)စက်ရုံအလုပ်ရုံ အလုပ် သမား များနှင့် ပြည်သူတို့၏ဒီမိုကရေစီသူမှုအခွင့်အရေးများရရှိရေးနှင့် နောက်ဆုံး တွင် (စ) အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု ပြန်လည် တည်ဆောက် ရေးကို ကြိုးပမ်းရန်တို့ဖြစ်လေသည်။ ဤဆုံးဖြတ်ချက်၏ နောက်ပိုင်း၌ငါတို့ ၏မဂ္ဂဇင်းပြုထားသည့် ညီညွတ်ရေးဆောင်ပုဒ်များကား–

ဗမာအချင်းချင်း မတိုက်ကြနဲ့၊ နယ်ချဲ့ သမားကို
အပြုတ်တိုက်ကြရန်လွတ်လပ်လိုသူဗမာတိုင်း အကုန်ပေါင်း
ကြ၊ တဦးတည်းသောရန်သူကိုနောက်ဆုံးတိုက်ပွဲဆင်နွှဲရေး
အတွက် လွတ်လပ်ရေးအင်အား စုကြီးနှစ်ရပ်ပြန်လည် ပူး
ပေါင်းမိစေရန်နယ်ချဲ့သမားကိုတိုက်ကြစဉ့် ညီညွတ်ခဲ့သော
အစဉ်အလာ လက်နက်ကိုင်တိုက်ခဲ့သော အစဉ်အလာတို့ကို
ပြန်ဖေါ်လော့စသဖြင့် နိဂုံးချုပ်ထားလေသည်။

လုံးဝလွတ်လပ်ရေး၊ နယ်ချဲ့ မြေရှင် ပဒေသရာဇ် ဆန့်ကျင်ရေး၊ အတွက် အဓိကအားဖြင့် ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးကို အတော်ပင် ကြိုးပမ်းခဲ့၏။ ဤသို့ ကွန်မြူနစ်ပါတီ၏ ကြိုးပမ်းချက်ကိုဗိုလ်ချုပ်အောင် ဆန်းသည် အလေးပြုကာ ကွန်မြူနစ် ပါတီနှင့် ညီညွတ်ရေးကို ပြန်လည် အကောင်အထည်ဖေါ်လိုလာသည်ကိုတွေ့ခဲ့ရလေသည်။

ဤသို့ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်လိုစိတ်ပြလာသည်တွင်ဖြီတိသျှ နယ်ချဲ့သမားသည် သူ၏တပည့်ဖြစ်သူ ဦးစောအား ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်စေခဲ့လေသည်။

ဤနောက်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီက နိုင်ငံရေးဆုံးဖြတ် ချက်တခုကို ချမှတ်ခဲ့လေသည်။

လုံးဝလွတ်လပ်ရေးသို့

ထိုပါတီ၏ နိုင်ငံရေးဆုံးဖြတ်ချက်မှာ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံ ခံရပြီးနောက် ၁၀-ရက်အတွင်း၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုနိုင်ငံရေး ဆုံးဖြတ်ချက် ထဲတွင် လွန်ခဲ့သော ၁၀-ရက်အတွင်း က ငါတို့၏ အမျိုးသားရေးဘဝတွင် ကြီးကျယ်လှသော အရေးကြီး ၂-ခု သည် ပေါ်ပေါက်ခဲ့ပေသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏လုပ်ဖေါ်ကိုင်ဘက်များလုပ်ကြံ သတ်ဖြတ်ခံကြရပေသည်။

၂။ နအက်တာ"သဘောတူညီချက်ကို ထုတ်ပြန်ကျေညာပြီးဘုရင်ခံ၏ အမှုဆောင်အဖွဲ့နေရာတွင် ယာယီ အမျိုးသားအစိုးရ ဖွဲ့စည်းလိုက်ပေသည်"ဟုဖေါ်ပြထား၏။

နိုင်ငံရေးဆုံးဖြတ်ချက်တွင်ပါတီ၏လုပ်ငန်းစဉ်ကိုအောက်ပါအတိုင်းဖေါ်ပြထား၏။

ငါတို့လုပ်ငန်းစဉ်

(က) လုံးဝလွတ်လပ်ရေးအတွက် အင်္ဂလိပ်စစ်သည်များ အားလုံးရုပ်သိမ်းရေး။ (ခ) မတရားကြေးမြီများလျှော်ပစ်ရေး။ (ဂ) အင်္ဂလိပ်ပိုင်စက်မှုလက်မှု လုပ်ငန်းမှန်သမျှ တိုင်းပြည်ပိုင်လုပ်ပစ်ရမည်။ (ဃ) ဒီမိုကရေစီ အခွင့်အရေးနှင့် တိုင်းရင်းသား လူမျိုးများ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေးတို့ပါဝင်လေသည်။

ဤလုပ်ငန်းစဉ် အတိုင်း ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ အဖွဲ့အစည်းများ၏စည်းရုံးမှုအရ အလုပ်သမား၊ လယ်သမား အုံကြွမှုကြီးများ အကြီးအကျယ်ဖြစ်လာ၏။

လုံးဝလွတ် လပ်ရေး၊ နယ်ချဲ့အရင်းအနှီးများဖျက်သိမ်းရေး မြေရှင်ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး လူထုလှုပ်ရှားမှုများဖြစ်ပေါ်လာခဲ့၏။

၁၉၄၈-ခုနှစ် ပျဉ်းမနားဦးမြေရှင် ပဒေသရာဇ်စနစ် ဆန့်ကျင်ရေး လုံးဝလွတ်လပ်ရေးအင်အားပြတောင်းဆိုပွဲကြီး အကြီးအကျယ်ပြုခဲ့၏။

တဆက်တည်းတွင် ရန်ကုန်၌ လည်း အထွေထွေ နိုင်ငံရေး သပိတ်မှောက်၍အင်္ဂလိပ်အရင်းအနှီးများ ဖျက်သိမ်းရေး၊ လွတ်လပ်ရေး လှုပ်ရှားမှုများအကြီးအကျယ် အုံကြွဖြစ်ပေါ်ခဲ့၏။

ထိုအခါမျိုးတွင် အင်္ဂလိပ် နယ်ချဲ့သမား မြေရှင်ပဒေသရာဇ်နှင့် ဖဆပလ ဖေါက်ပြန်ရေးသမားသုံးဦးသုံးဖလှယ်တို့သည် ကြီးမားလာသော လူထုအုံကြွမှုကို အချိန်မီ ရိုက် ချိုး နိုင် ရန် အတွက် ထိုလူထု အုံကြွမှု၏ ရှေ့ဆောင် ရှေ့ရွက်ခေါင်းဆောင် ကွန်မြူနစ်ပါတီနှင့်အဖွဲ့အစည်းများကို မတ်လ၊ ၂၈-ရက်၊ ၁၉၄၈-ခုနှစ်တွင် တိုက်ခိုက်လာခဲ့ခြင်း ဖြစ်သည်။

ဤသည်မှစ၍ ပြည်တွင်းစစ်ကိုဖဆပလ သည်စခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးညွှန့်ပေါင်းအစိုးရလမ်းစဉ်

ထိုနောက် ၁၉၅၃-ခုနှစ်အရောက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် ငြိမ်းချမ်းရေးညွှန့်ပေါင်း အစိုးရလမ်းစဉ် ကိုချမှတ်ကာ ဖဆပလ

အစိုးရသို့ ငြိမ်းချမ်းရေး၊ လုံးဝလွတ်လပ်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရန်ကမ်းလှမ်းခဲ့လေသည်။

"ဤသို့ တမျိုးသားလုံးအတွက် အရေးတကြီး အခြေအနေမျိုးတွင် အစိုးရသည်နိုင်ငံခြား ကျူးကျော်မှုကိုတိုက်ခိုက်ရန် ညီညွတ်ရေးလုပ်ရမည့်အစား၊ ဗမာပြည် ကွန်မြူနစ်ပါတီ ဘက်ကိုသာ ဆက်လက်၍ ဖိနှိပ်တိုက်နေကြောင်း။ ဤသို့သောအပြုအမူသည် ပြန်လည် ...ခိုက်ခြင်းကိုသာ ဖြစ်ပေါ်စေနိုင်ကြောင်း။ သို့ရာတွင် အစိုးရသည် အောက်ပါ အချက်များကို လက်ခံပါက သဘောတူညီမှုတခုသို့ရောက်နိုင်မည်ဟုဗမာပြည် ကွန်မြူနစ်ပါတီက ယူဆဆဲပင်ဖြစ်ကြောင်း။

(၁) ပြည်တွင်းတိုက်ခိုက်မှုများကို ချက်ချင်းရပ်စဲရန်။

(၂) လွတ်မြောက်ပြီးသော ဒေသများမှ အစိုးရ တပ်များကို ပြန်ခေါ်ရန်။

(၃) အမျိုးသား ညီညွတ်ရေးအတွက် လုပ်ရန်။ (၄) ကူအိုမင်တန်တပ်တို့အား ပူးတွဲ တိုက်ခိုက်ရေးအတွက် ဗမာပြည်ကွန်မြူနစ် ပါတီကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတခု လုပ်ဘို့စီစဉ်ရန် (ကွန်မြူနစ်ပါတီ ကျေညာချက် ၁၃၊၉၊၅၃ နေ့ရှင်း အင်္ဂလိပ် သတင်းစာ ဖေါ်ပြချက်ကို ၁၉၅၃-အောက်တိုဘာလထုတ် ပြည်တော်သစ်ဂျာနယ်မှ ဖေါ်ပြချက်ကို ကူးယူသည်)။

၁၉၅၄-ခုနှစ်ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီနှင့် ပြည်သူ့ရဲဘော်တို့၏ သုံးပါတီညီညွတ်ရေးမှာ အစိုးရထံသို့ ငြိမ်းချမ်းရေး ညီညွတ်ရေးအတွက် တွေ့ဆုံ ဆွေးနွေးရန် ကမ်းလှမ်းလာခဲ့ပြန်သည်။

၁၉၅၅-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီလူမျိုးစုများနှင့်အခြားတော်လှန်ရေး အင်အားစုများက ဖဆပလထံသို့ ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပြန်သည်။

တွေ့ဆုံဆွေးနွေးရေးသည် နိုင်ငံရေး ပြဿနာ

ပြည်တွင်းစစ်ရပ်စဲရေးအတွက်လက်နက်ချခိုင်းခြင်းသည် ဖ၊ဆ၊ပ၊လနှင့် ပထစ အစိုးရတို့၏ အဆောအလဲ ကိုင်ထားခဲ့သော နည်းပင်ဖြစ်သည်။ ဖဆပလ၊ ပထစ အစိုးရတို့က လက်နက်ချရန်အတွက် တွေ့ဆုံဆွေးနွေးပွဲများကိုလုပ်ရန်သဘောတူကြသည်။ ။ထိုသဘောတူညီချက်အတိုင်းလည်း လုပ်ခဲ့ကြောင်း၊ ငြိမ်းမကြာမီက ဖဆပလဥက္ကဋ္ဌ ဦးဗဆွေက ပြောခဲ့ဘူးသည်။ ဦးနုကလည်း ဤအတိုင်းခေါ်ခဲ့သည်။

အမှန်အားဖြင့် လက်နက်ချခြင်းသည် အတိုက်အခိုက်ဖြစ်နေခြင်းကို ရပ်စဲခြင်းသာဖြစ်သည်။ အတိုက်အခိုက်ဖြစ်ပေါ်စေသော နိုင်ငံရေးပြဿနာကိုရှင်းလင်းခြင်းမဟုတ်ပေ။ ဥပမာ၊ ငှက်ဖျားဖြစ်စေသော ခြင်များကိုမပြန့်ပွါးအောင် မလုပ်ဘဲ အဖျားပျောက် ဆေးတိုက်နေခြင်းနှင့် တူ၍ ငှက်ဖျား အမြစ်မပြတ်ပုံနှင့်တူပေသည်။

ပြည်တွင်းစစ်ရပ်စဲရေးသည် ပြည်သူ့လုပ်ငန်းမှု

ပြည်တွင်းစစ်ဖြစ်ပွါးလာခြင်းမှာ ပြည်သူတို့၏ နိုင်ငံရေးအကြမ်းဖက် နယ်ချဲ့ပဒေသရာဇ်စံနစ် အပေါ်တွင် ပြည်သူတို့၏ မကျေနပ်မှုပေါက်ကွဲခြင်း တို့မှ ဖြစ်လာသည်။

ထို့ကြောင့်ပြည်တွင်းစစ် ရပ်စဲရေးမှာ ပြည်သူတို့ ပါဝင်သော ငြိမ်းချမ်းရေး ပြည်တွင်းစစ်ရပ်စဲရေးဖြစ်ရပေလိမ့်မည်။ ပြည်သူတို့ကိုအသိမပေးသော၊ ပြည်သူတို့မပါသော၊ ပြည်သူတို့မသိသော ပြည်တွင်းစစ် ရပ်စဲရေး၊ ငြိမ်းချမ်းရေးသည် နိဂုံးမချုပ်နိုင်ကြောင်းတွေ့ရမည်။ ဥပမာ ၁၉၄၈-ခုနှစ် ကတပ်နီရဲဘော်များအားထောင်မှခေတ္တထုတ်၍တိုးတိုးတိတ်တိတ်ဆွေးနွေး စေ့စပ်ခြင်းမျိုးဖြစ်၏။ (၉-ဦးကော်မတီလုပ်ငန်းဟု အသိများခဲ့ကြသည်။)

ပြည်တွင်းစစ်ရပ်စဲရေးသည် လူမျိုးစုများ၏ အရေးလည်းဖြစ်သည်။

ပြည်တွင်းစစ်ရပ်စဲရေးသည် လူမျိုးစုများကိုဝိုင်းပယ်ရေး၊ လူမျိုးစုများအားတိုက်ခိုက်ရေးမဖြစ်နိုင်၊ ပြည်တွင်းစစ်သည် လူမျိုးစုများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးလုပ်ရှားမှုလည်း ပေါ်ပေါက်လာခြင်းဖြစ်သောကြောင့် လူမျိုးစုများ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုအတွင်း ပါဝင်လာစေရပေလိမ့်မည်။ လူမျိုးစုများ၏ ပူးပေါင်းပါဝင်မှုမပါဘဲ ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးပြန်လည် တည်ထောင်ရေးကိုမရယူနိုင်ပေ။ (ဥပမာ ၁၉၄၉-ခုနှစ်က ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး ပြည်သို့ လိုက်လာပြီး ကြိုးပမ်းမှုမျိုး။)

ထို့ကြောင့်ချုပ်လိုက်လျှင်လက်ရှိတွေ့ဆုံဆွေးနွေးပွဲမှာ ၁၉၅၃-နှင့် ၅၄-ခုနှစ်ကထင်သည့်ကပ်မတော်တပ်မှူးများ၏ ညီလာခံတွင် နှစ်နှစ် တိုင်တိုင် ဆက်လက်၍ ဗိုလ်ချုပ်ကြီးနေဝင်းကဖြစ်ပွါးနေသော လက်နက်ကိုင်ပဋိပက္ခကိုနိုင်ငံရေးအရ ဖြေရှင်းမှ ဖြစ်မည်ဖြစ်ကြောင်း မိန့်ကြားခဲ့ဘူးသည့်အတိုင်းနိုင်ငံရေးကို အဓိကထား၍ ဖြေရှင်းရန်ပင်ဖြစ်ပေသတည်း။

★ ★ ★